မောင်ကိုကို
အမရပူရ

# လိုက်ဖ်စတိုင် အပြောင်းအလဲ ဆောင်းပါးများ



## ဒို့တာဝန်အရေး (၃) ပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အလင်းသစ်စာစဉ် - (၃၅)

# လိုက်ဖ်စတိုင်လ်အပြောင်းအလဲ ဆောင်းပါးများ

မောင်ကိုကို(အမရပူရ)

(မြန်မာတိုင်းမ်ဂျာနယ်ဆောင်းပါးများစုစည်းမှု)

## ပုံနှိပ်မှတ်တမ်း

၂၀၀၉ ခုနှစ်၊ ဇွန်လ (ပထမအကြိမ်)

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၅၀၀ ကျပ်

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၃၆၄၀၄၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၆၈၅၀၇၀၉

ဦးကျော်ဟင်း။ ယုံကြည်ချက်စာပေ၊ အမှတ် (၁၁၁)၊ တတိယထပ်(ညာ)၊ ၃၃ လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေသည်။ မျက်နှာဖုံးဖလင် Eagle၊ မျက်နှာဖုံးဒီဇိုင်း- ဇော်မောင်၊ အတွင်းဖလင် ဓအာင်ဇော်(ပုံရိပ်ရှင်)၊ ကွန်ပျူတာစာစီ ယဉ်မျိုးအေး၊ အဖုံးနှင့် အတွင်းစာသားကို ကာလာရှန်ပုံနှိပ်တိုက်၊ အမှတ်(၁၈၄)၊ ၃၁ လမ်း၊ ရန်ကုန်မြို့တွင် ပုံနှိပ်၍ မျိုးမျိုးစာအုပ်ချုပ်လုပ်ငန်းတွင် စာအုပ်ချုပ်သည်။

အလင်းသစ်စာပေ

အခန်း(၄၀၄)၊ တိုက်(၆)၊ ညောင်တန်းအိမ်ရာ၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၀၂၅၂၂၊ ၂၀၄၀၉၇ လိုင်းခွဲ - ၂၅၆ က ထုတ်လုပ်ဖြန့်ချိသည်။

**http://www.ahlinthitbooks.com**

၈၉၅ ·၈၄

ကိုကို၊ မောင် (အမရပူရ)

လိုက်ဖ်စတိုင်အပြောင်းအလဲဆောင်းပါးများ/ မောင်ကိုကို(အမရပူရ)။

- ရန်ကုန် ၊

ယုံကြည်ချက်စာပေ ၊ ၂၀၀၉ ။

၁၃၀ - စာ။ ၁၂ × ၂၀ · ၅ စင်တီ။

(၁) လိုက်ဖ်စတိုင်အပြောင်းအလဲဆောင်းပါးများ။

# မာတိကာ


၁။ အချိန်မဆွဲနဲ့ မြန်မြန်လုပ် ..... ၇

၂။ ဇော်ဂျီမှာ ကော်ဖီသောက်ပြီးနောက် ..... ၁၃

၃။ မြို့မငြိမ်းကဖေး နွေးထွေးတယ် ..... ၂၁

၄။ အလွှမ်းရှင်းစက်၊ ပိတောက်ပန်း၊ ရန်ကုန် ..... ၂၉

၅။ ငါ့နာမည်က တောဂေါလီ ..... ၃၇

၆။ ဧရာဝတီစောင့်ရှောက်သော ပြည်မြို့ ..... ၄၅

၇။ ပန်းချီဆရာတစ်ဦးကိုဖွဲ့ဆိုခြင်း ..... ၅၃

၈။ မြိတ်မြို့ရဲ့ဂျစ်ပစီ ..... ၅၉

၉။ ဆရာတို့ဆီမှာ ပေါ်ဦးသက် လာသလား ..... ၆၇

၁၀။ တောင်တွေပတ်လည်ဝိုင်းနေတဲ့ ထားဝယ်မြို့ ..... ၇၅

၁၁။ ချစ်လှစွာသောရန်ကုန်မြို့ ..... ၈၃

၁၂။ ရွှေတိဂုံကိုဖူးမြော်ခြင်း ..... ၉၁

၁၃။ ဖတ်စရာစာအုပ်တွေ ရှိသလား မရှိဘူးလား ..... ၉၉

၁၄။ နှင်းရည်စက်တွေ အရှေ့ဘက်မြို့ရိုး မြတ်နိုးရင်ခုန် ..... ၁၀၅

၁၅။ ကျွန်တော်စွန့်စားလို့ကျေးဇူးဆပ်ပါရစေ ..... ၁၁၁

၁၆။ ၂၀၀၈ အချစ်၊ အလွမ်း၊ စွန့်စားခန်းပုံရိပ်အပိုင်းအစများ ..... ၁၁၇

အတွင်းဓာတ်ပုံများ

ဦးချစ်ဝိန်၊ အောင်ထွန်းဝင်း၊ အောင်ကျော်ဦး၊
ဟိန်းလတ်အောင်၊ Kထွန်း၊ Kသီဟ

အချိန်မဆွဲနဲ့ မြန်မြန်လုပ်

( ၁ )

ကမ္ဘာကျော်တိုင်းမ်မဂ္ဂဇင်း၏ နောက်ဆုံးစာမျက်နှာမှာ အက်ဆေးစာမျက်နှာ ဖြစ်သည်။ တစ်မျက်နှာကွက်တိဖြစ်သည်။ အလယ်မှာ သရုပ်ဖော်ပုံသေးသေးလေး ပါဝင်၏။

အမေရိကန်ပြည်ထောင်စုအပြင် ကမ္ဘာကြီးနှင့် ပတ်သက်နေသော သိပ္ပံပညာ၊ ကွန်ပျူတာ၊ ဆေးဝါး၊ အားကစား၊ အနုပညာ၊ နည်းပညာအသစ်၊ cover story နှင့် special report ....။ အဲဒါတွေ မည်မျှဝေဆာပါစေ၊ တိုင်းမ်၏ အမာခံစာဖတ်ပရိသတ်သည် တိုင်းမ်၏နောက်ဆုံးပိတ်စာမျက်နှာပေါ်မှာ အက်ဆေးကို အစာပိတ်အချိုပွဲ မှီဝဲလိုက်ရမှ တင်းတိမ်ကျေနပ်တတ်ကြ၏။ ဒါမှ တိုင်းမ်က ပြည့်စုံသွားတော့၏။ Michael Elliott ဖြစ်ချင်ဖြစ်မည်။ Charles Krauthammer ဖြစ်ချင်ဖြစ်မည်။ အက်ဆေးဆရာတွေက မာသည်။

နောက်ဆုံးပိတ်စာမျက်နှာမှာ ဖော်ပြလို့ အစာပိတ်အချိုပွဲဟု လွယ်လွယ်ဆိုလိုက်ရသည်။ အမှန်တော့ အက်ဆေးသည် အတွေးနှင့် အရသာ အပေးစွမ်းနိုင်ဆုံးစာမျက်နှာဖြစ်နေတတ်ပါ၏။ Writing style မှာ new journalism နှင့် ရသဖန်တီးမှု ပေါင်းစပ်ထား၏။ ဟိုတုန်းကတော့ ဆရာမြသန်းတင့်က တိုင်းမ်၏ အက်ဆေးတွေကို တစုတ်တရ ဘာသာပြန်ပေးခဲ့၏။ ဆရာသည် အက်ဆေးထဲမှ အချက်အလက်အပြင် မူရင်းအက်ဆေးဆရာ၏ style of writing ကိုပါ အရအမိဖမ်းယူတတ်ကြောင်း ကျွန်တော် သတိထားမိသည်။ မြန်မာပြည်မှာ ဆရာမြသန်းတင့် ကွယ်လွန်သွားခဲ့သော်လည်း တိုင်းမ်၏အက်ဆေးတွေက လှပနေဆဲဖြစ်သည်။ Michael Elliott ၏ Hopelessly Devoted နှင့် A Superpower made ordinary နှစ်ပုဒ်က အရမ်းလှသည်။ ကမ္ဘာ့ဘောလုံးပွဲနှင့်လည်း ပတ်သက်နေသည်မဟုတ်ပါလား။ နိုင်ငံကြီးသားစာရေးဆရာတို့၏ ကမ္ဘာကြီးအပေါ် ပါးပါးနပ်နပ် မြင်တတ်မှုကို ကျွန်တော်က အဆန်းတကြယ် ထိတွေ့ကိုင်တွယ်ကြည့်မိတတ်ပါ၏။

( ၂ )

Charles Krauthammer ၏ အက်ဆေးတစ်ပုဒ်အမည်မှာ "Make it snappy" ဟူ၏။

ဒီခေတ်ကြီးမှာ ကျွန်တော်တို့ မြန်မြန်လုပ်ကြရ၏။ ဂျာနယ်ဖန်တီးထုတ်လုပ်သူတွေက သူတို့ဂျာနယ်တွေကို စေလီစေလင်းမှာ ဂျာနယ်ဈေးကွက်သို့ အရောက်ပို့နိုင်ဖို့ မြန်မြန်လုပ်ကြရ၏။ လေယာဉ်မောင်းသူရော၊ လေယာဉ်စီးမည့်သူတွေရော နံနက်မလင်းမီ လေဆိပ်သို့ရောက်ရှိနေဖို့ မြန်မြန်လုပ်ကြရ၏။ ဆန်ကုန်သည်များ၊ ဆန်ပွဲရုံပိုင်ရှင်များ ကမ်းနားက ဆန်ကုန်စည်ဒိုင်သို့ နံနက်အစောကြီးရောက်အောင် မြန်မြန်လုပ်ကြရ၏။ ကီလိုဂရမ်မှာယမ်းဖြူဖြူ ရောင်းသူရော၊ ကျောက်ပုစွန်နှင့် ပြည်ကြီးငါးရောင်းသူရော၊ တက္ကစီမောင်းသူရော၊ အလွတ်ပညာသင်ကျောင်းတက်သည့် ကျောင်းသူလေးရော မြန်မြန်လုပ်ကြရ၏။ ရန်ကုန်ဘူတာကြီးမှာလည်း ကြည့်လိုက်ပါဦး။ "ကျေးဇူးပြု၍ နားဆင်ပါရှင်"။ နေပြည်တော်ကို၊ မန္တလေးကို ခရီးသွားမည့်ပြည်သူတွေ မနက် ၃ နာရီ၊ ၄ နာရီမှာ ရန်ကုန်ဘူတာကြီးသို့ ရောက်နေကြရပြီ။ ခေတ်ကြီးက မြန်မြန်လုပ်ဖို့ သင်ကြားပေးနေ၏။ ခေတ်ကြီးက ကျွန်တော်တို့ကို မောင်းနေ၏။ လေ့ကျင့်ခန်းတွေ ပေးသည်။ ကျွန်တော်တို့မှာ မနားတမ်း ပြေးနေကြရသည်။





(၃)

ကမ္ဘာကြီးပေါ်မှာ မြန်မြန်လုပ်ရန်လိုပြီ။ မြန်မြန်ပြောတတ်ရန် လိုသည်။ များများမပြောမိရန်လိုသည်။ အကြောင်းအရာတစ်ခုခုကို ဟောပြောဖို့၊ ပုံနှိပ်မီဒီယာက တင်ပြဖို့ သုံးမျက်နှာဆို လုံလောက်ပြီဟုဆို၏။ အစည်းအဝေးမှာ ဟောပြောပွဲမှာ လေကြောမရှည်မိစေရန်လို၏။ လေကြောရှည်လျှင် **'ဆရာ အချိန်စေ့ပြီခင်ဗျာ'** လို့ သတိပေးတာ ခံရမည်။

သိပ္ပံနည်းကျစွာသော စာမျက်နှာတို့မှာ သုံးမျက်နှာဆို လုံလောက်ပြီ။ စကားလုံးချွေတာခြင်းဥပဒေသကို ကျွန်တော်တို့တစ်တွေ လေးစားတိမ်းညွတ်ရပါလိမ့်မည်။ လေကြောရှည်ခြင်းသည် ခေတ်အပြင် ရောက်သွားပြီ။

ပို၍ကျစ်လစ်သိပ်သည်းခြင်း၊ ရှုပ်ထွေးမှုတွေကို သန့်စင်ရှင်းလင်းပစ်လိုက်ခြင်း၊ ရိုးရှင်းခြင်း၊ တိကျခြင်းတို့သည် ဆောင်းပါးတစ်ပုဒ်၏ အရည်အသွေးဖြစ်လာ၏။ အိုင်စတိုင်း၏ တတိယနိယာမ $E=mc^2$ သည် တိုတိုလေးဖြစ်၏။ အသက်ရှူမှားဖွယ် သိပ်သည်းတောက်ပသည်။ တန်ခိုးသြဇာ ကြီးမားသည်။

တိုတောင်းခြင်းသည် ဂုဏ်ရည်တစ်ခုဖြစ်သည်။ ကျစ်လျစ်သိပ်သည်းမှုသည် လှပမှုတစ်ခုဖြစ်သည်။

"Vigorous writing is concise." အက်ဆေးဆရာက ဆို၏။ သန်စွမ်းအားကောင်းသည့် အရေးအသားသည် တိုတိုနှင့် ထိမိ၏။

(၄)

စာအရေးအသား တိုတောင်းရုံနှင့် မလုံလောက်ပါ။ စကားလုံးတွေက weight ရှိရန်လိုသည်။ စကားလုံးတွေ မာတင်းနေသည်။ ရှင်သန်တောက်ပနေရမည်။ လှုပ်နေရမည်။ လူတွေကလည်း မိန့်ခွန်းရှည်ကြီးထက် sound bite ခေါ် မိန့်ခွန်းကောက်နုတ်ချက်ကို နားထောင်ပြီး အဓိကသောချက် (main key) ကို အမြန်သိလိုကြ၏။

တိုတိုနှင့် ထိထိမိမိ ပြောခဲ့ဖူးသော စကားလုံးတွေရှိသည်။ 'ဒီနံရံကို ဖြိုချလိုက်' ဟု ရေဂင်က ပြောခဲ့သည်။ 'ငါတို့ကြောက်ရမှာက ကြောက်စိတ်ပဲ' ဟု တစ်ယောက်က ပြောသည်။ ၂၁ ရာစုတံတားကြီးပေါ်မှာ ခပ်သွက်သွက်လျှောက်နေကြသည်။ 'နိုင်တဲ့လူ အကုန်ယူ' ဟုပြောခဲ့သည်။ ယခုခေတ်စကားမှာ 'ပေါက်တဲ့လူအကုန်စား' ဖြစ်သည်။ ခေတ်ကြီးကို သုတေသနလုပ်သူတွေက Game ထဲမှာ ပါဝင်နေကြ၏။

(၅)

ကျွန်တော်တို့၏ထူးချွန်မှုပါရမီမှာ တိုတိုတုတ်တုတ်နှင့် လုံလောက်အောင် ပြောတတ်ခြင်းပင်ဖြစ်ပါသည်။

လူငယ်တွေ မိုဘိုင်းလက်ကိုင်ဖုန်းလေးတွေ ကိုင်ကြသည်။ မိမိရောက်ရှိနေသော နေရာ၊ အခြေအနေကို မိဘထံ သတင်းပို့ကြ၏။ အတိုဆုံး၊ အထိရောက်



ဆုံး စကားလုံးကိုသာ လက်ကိုင်ဖုန်းကလေးထဲမှာ ပြောထည့်လိုက်သည်။ ဆဲလ်ဖုန်းလေးကလည်း တိုတိုပြတ်ပြတ် ပြောတတ်ရန် သင်ကြားပေးနေ၏။ ချစ်သူနှင့် လက်ကိုင်ဖုန်းထဲမှာ စကားပြောကြသည်။ အလုပ်ကို မြတ်နိုးပြီး အချိန်ကို တန်ဖိုးထားသော လူငယ်များသည် လက်ကိုင်ဖုန်းထဲမှာ ပတ်ချွဲနှပ်ချွဲ လုပ်မနေတတ်ကြပါ။ အရစ်ရှည်မနေကြပါ။ ချိန်းဆိုသည့်နေရာကိုသာ ခပ်ပြတ်ပြတ်ပြောထည့်လိုက်၏။ လူတွေ အများပြည်သူသုံး တယ်လီဖုန်းတွေ ဝင်ဆက်ကြမည်။ လေရှည်သည့်ခေတ် မဟုတ်တော့ပါ။ ဖုန်းထဲမှာ လေရှည်နေလျှင် နောက်ဆက်မည့်လူက မေတ္တာပို့လိမ့်မည်။ နောက်ပြီး ပိုက်ဆံလည်း ပိုကုန်မည်။

စတီဖင်ဂျရတ် ဆံပင်အတိုညှပ်ထားသည်။ ခေါင်းအေးချင်လို့ဟု ဆိုသည်။ ကျွန်တော်တို့တိုင်းပြည်မှ လူငယ်များလည်း ဆံပင်တိုတို ညှပ်ထားကြသည်။ ကိုယ့်ခေါင်းပေါ်မှာ ဝန်ထုပ်ဝန်ပိုးနည်းနည်းလေးမှ မရှိချင်ကြ။ လူငယ်တွေ ပြေးနေကြရမည်။ လူငယ်တွေ speed ကိုသုံးကြသည်။ force ကို သုံးကြသည်။ လူငယ်တွေဖတ်သော ဝတ္ထုစာအုပ်တွေက ပါးလာကြသည်။ စာကို တိုတိုရေးကြသည်။ များများပြောလျှင် အဓိပ္ပာယ်လွဲချော်သွားလိမ့်မည်။ အလုပ်ကို မြန်မြန်လုပ်ကြသည်။ မိတ်ဆွေတို့။ မြန်မြန်လုပ်၊ ခပ်သုတ်သုတ်။ စတီဖင်ဂျရတ် ဆံပင်အတိုညှပ်လိုက်ပြီ။

မြန်မာတိုင်းမ်ဂျာနယ် (ဇွန်လိုင် ၆ - ၁၂၊ ၂၀၀၇)

❑

ဇော်ဂျီမှာ ကော်ဖီသောက်ပြီးနောက်

ဖော်ဂျီမှာ ကျွန်တော် ကော်ဖီသောက်နေသည်။ ဗိုလ်ချုပ်လမ်းမကြီးကို စားနေ၏။ ကော်ဖီခါးခါးထဲမှာ သကြားကို မထည့်ဘဲ ငွေကရားအိုးလေးထဲက နို့များများကို လောင်းထည့်၏။ ဖော်ဂျီထဲမှာ ပြင်သစ်က ရောက်လာသည့် ခွေးသေးသေးလေးတစ်ကောင် မျက်လုံးကြောင်တောင်တောင်နှင့် ပြေးလွှားဆော့ကစားနေ၏။ ကျွန်တော်ဟာ ဖော်ဂျီမှာ ကော်ဖီသောက်ရင်း ခွေးကလေးဘော်ဘီရဲ့ လော်လီတာကြည့်ရင်း တော်ကီတွေ လွတ်နေမိ၏။ ချစ်သူရေ၊ ဖော်ဂျီမှာ ဟောဒီလို ကော်ဖီသောက်စို့ရဲ့။ ကျွန်တော့်ရှေ့မှာ TIME မဂ္ဂဇင်း တစ်စောင်။ မျက်နှာဖုံးမှာ Asia's Happy Artists တဲ့။ ခေါင်းတုံးပြောင်ပြောင် တရုတ်ပန်းချီဆရာက ဆောင့်ကြောင့်ထိုင်ပြီး ဟက်ဟက်ပက်ပက်ရယ်နေ၏။ သူ့ဘေးမှာ သူ့ပုံတူကလည်း သူ့လို ဆောင့်ကြောင့်ထိုင်လျက် ဟက်ဟက်ပက်ပက် ရယ်မောနေ၏။ ဒေါ်လာသန်းချီရသည့် တရုတ်ပန်းချီဆရာ ရယ်နေ၏။

ကျွန်တော်တို့ ဟက်ဟက်ပက်ပက် ရယ်ချလိုက်ရမည်။

ပျော်ပျော်ရွှင်ရွှင် ရယ်မောနေရမည်။

ပြင်သစ်သူတစ်ဦး ဝင်လာသည်။ ဆိုင်ထဲက အမျိုးသမီးငယ်က လက်အုပ်ချီလျက် 'မင်္ဂလာပါ' ဟု ကြိုဆိုသည်။ ပြင်သစ်သူကလည်း 'မင်္ဂလာပါ' ဟု ပြုံးပြုံးရွှင်ရွှင် ခွန်းတုံ့ပြန်၏။ ဗိုလ်ချုပ်လမ်းမှာ အပြုံးပန်းတွေ ဝေသွားသည်။

ဖော်ဂျီမှာ ကော်ဖီသောက်ပြီ။

ကျွန်တော် စိတ်အသစ်နှင့် နေထိုင်မည်။

မိုးရနံ့တွေကို ရှူရှိုက်လိုက်၏။ ခွန်ပန်းရနံ့တွေ ယစ်ထုံနေသည်။ စပယ်ပန်းရနံ့တွေ မွှေးမြနေ၏။ ဗိုလ်ချုပ်ဈေးသည် တရုတ်စကားပန်းရနံ့တွေ မွှေးနေသည်။ မနေ့က Golden Valley မှာ လှိုင်ဘွား၏ပန်းချီကားတွေကြည့်သည်။ ယနေ့ ဗိုလ်ချုပ်ဈေးက ဂယ်လာရီသေးသေးလေးမှာ စိုးနိုင်နှင့် ကိုကိုနိုင်တို့၏ ပန်းချီကားသေးသေးလေးတွေကို ကြည့်မည်။



ဂရန်းဒီးရထားဟော်တယ်ရှေ့ ဗိုလ်ချုပ်လမ်းပေါ်ရှိ ဇော်ဂျီကော်ဖီဆိုင်

အခုတော့ ဇော်ဂျီမှာ ကော်ဖီသောက်နေ၏။

ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းပေါ်က ခေါင်းလောင်းသံတွေက နံနက်ခင်းစောစောလေးကို ထိုးလိုက်ကြပြီ။ သစ်ရွက်စိမ်းစိမ်းလေးတွေ [illegible] သွားကြ၏။ အတွေးအခေါ်ဟောင်းများသည် လေညင်းကလေးကိုဖြစ်စေ၊ ကျွန်တော့်ကိုဖြစ်စေ၊ ချစ်သူကိုဖြစ်စေ ဖျော်လင့်ချက်အသစ်ရှိရာသို့ လမ်းညွှန်နိုင်လိမ့်မည် မဟုတ်ပါ။

ကျွန်တော်နှလုံးသားအသစ်နှင့် ရှင်သန်ပြီ။ သိန်းငှက်၏ အတောင်ပံတစ်စုံနှင့် မလုံလောက်သေးပါ။ သိန်းငှက်ဆယ်ကောင်၏ အတောင်ပံဆယ်စုံဖြင့် ကျွန်တော် ပျံသန်းမည်။

ရင်ထဲမှာ တစ်ယောက်တည်း တူတူပုန်းမနေပါနှင့်။ ဖိုးမောင်ရေ … မိုးမှောင်ထဲက ထွက်ခဲ့ပါ။ အလင်းထဲမှာ ကျွန်တော်တို့ အတူတူပုန်းလျှင် နတ်ဖွက်တတ်သည်။ စမ်းချောင်းဈေးမှာ ပန်းကောင်းမွှေးတယ်။ ချစ်သူရေ … အတွေးအခေါ်သစ်ကို ကြွေးကြော်ချစ်လိုက်ပါ။

အားလုံး လင်းချင်း… အားလုံး ဝင်းပ …။

ကမ္ဘာကြီးက လင်းနေသည်။

ဘုရားကျောင်းထဲမှာ တရုတ်စကားပန်းတွေ မွှေးမွှေးလှုပ်နေသည်။ ကျွန်တော့်ကိုယ်ပေါ်က အလွမ်းနှောင်ကြိုးတွေကို တောက်ခနဲ တောက်ခနဲ ဖြတ်

တောက်ပစ်လိုက်၏။ ရင်ဘတ်ထဲက အလွမ်းလက်ကျန်အချို့ကို 'အလွမ်းရှင်းစက်' က တဝီဝီမြည်အောင် ခုတ်ထွင်ရှင်းလင်းနေသည်။ ဆူးလေဘုရားမှာ ကြာပန်းလှူပြီး ခေါင်းလောင်းထိုးပါ။ မင်္ဂလာအသံ။

ကမ္ဘာကြီး၏ အလင်းကို ကိုယ့်အလင်းဓာတ်ခံနှင့် ကြည့်မည်။ ထိန်ထိန်မြည်အောင် ကြည်လင်လို့။

အနော်ရထာလမ်းပေါ်မှာ ပျော်စရာတွေ လွှမ်းခြုံထားသည်။ သုံးဆယ့်သုံးလမ်းမှာ အပြုံးရဲ့အပြုံးပန်းတွေ လန်းနေလိုက်တာကွယ်။ ဗိုလ်အောင်ကျော်လမ်းပေါ်မှာ ကိုအောင်ကျော်ဦးတို့ မသမ်းဝေလိုက်ပါနှင့်။ ပီတောက်ပင်အောက်မှာ လက်ဖက်ရည်ပုံမှန်သောက်ပါ။ 'မှတ်သုံ' သည် ပုစွန်တောင်ညောင်တန်းမှာလား။ ကုန်သည်လမ်းပေါ်မှာ ကုန်သည်ပွဲစားတွေ၏ပုဆိုးသံ တရှမ်းရှမ်းမြည်နေသည်။ ကမ္ဘာအေးဘုရားလမ်းဖြင့် တစ်ကမ္ဘာလုံး အေးချမ်းသွားစေသတည်း။

အလွမ်းအဆွေးနှင့်ဝေးသော သီချင်းတွေကို ရွေးပြီး နားထောင်မည်။ ကျွန်တော် Sense of purpose ရှိထားပိုင်ဆိုင်ထားချင်သည်။ ဂေါ်ဒိက ကျွန်တော့်ထံ အလာနည်းနည်းလေးနောက်ကျ၏။ ဂေါ်ဒိက မငြင်းပယ်ပါ။ ကျွန်တော်ရော၊ ခင်ဗျားရော အငြင်းပယ်ခံမဟုတ်ပါ။ သိမ်ငယ်နိမ့်ကျစိတ်နှင့် မလုံမလဲစိတ်ကို လုံးဝအခင်မခံပါနှင့်။ **ကိုယ်ထဲမှာ 'အကောင်းမြင်စိတ်' ကို အသားတိုးအောင် မွေးမြူထားကြစို့။**

အရာရာကို ရိုးရိုးရှင်းရှင်းလေးပဲ ကြည့်မည်။

ရှုပ်ရှုပ်ထွေးထွေး မတွေးပါ။

ဝေ့လည်ကြောင်ပတ် မလုပ်ပါ။

ကိုယ့်ကိုယ်ကိုယ် လွတ်မကျအောင် ထိန်းသိမ်းရမည်။ ကွဲရှတာရော၊ ကွဲအက်တာရော မကောင်းပါ။ အနာပါသောပန်းသီးကို ကျွန်တော် မစားပါ။ ရှုပါမှာကက်၏ အအေးခန်းပန်းသီးကို ကျွန်တော်စားသည်။ နာကျင်ခြင်းကို ဖွဲ့ဆိုသော ကဗျာမျိုးကို ကျွန်တော်မဖတ်တော့ပါ။ လမ်းဘေးဖက်ရည်သောက်သော်လည်း လမ်းဘေးထမင်းကို မစားတတ်ပါ။

လင်းသည့် ပန်းချီကားကို ကြည့်မည်။

လင်းသည့် သီချင်းကို နားထောင်မည်။

အင်္ဂလန်မှာ အင်တာနက် ထွန်းကားတာကြာပြီ။ အလင်းဓာတ်ဖွင့်ပေးသည့် စာအုပ်များ ရောင်းနေရဆဲပါ။ စာအုပ်က တွေးစရာကိုပေး၏။ အလင်းကိုပေး

သည်။ ရှင်းသည့်ကဗျာကို ဖတ်မည်။ ကိုယ့်ပတ်ဝန်းကျင်ကို ရှုပ်ရှုပ်ထွေးထွေး မကြည့်ဘဲ အရိုးသားဆုံး အရှင်းလင်းဆုံးကြည့်တတ်ရန် ကျွန်တော်ကြိုးစားသည်။

မနက်ခင်းမှာ ရင်ထဲ အမှောင်များနေသလား။ သင့်ကားကို သင်ကိုယ်တိုင် မောင်းသွားပါ။ ရွှေရောင်ဝင်းသော ဘုရားကိုဖူးပါ။ ရွှေဖယောင်းတိုင်တွေ ထွန်းညှိပြီး နှင်းဆီဖြူတွေ ပူဇော်လိုက်ပါ။ ရင်ဘတ်ထဲမှာ လင်းသွားမည်။

ညနေစောင်းတွင် သင့်ရင်ဘတ်ထဲ အမှောင်များနေသလား။ လျှပ်စစ်မီးတွေ ထိန်ထိန်ညီးနေသော အင်ဂျင်စက်သံ မဆူညံသော ရွှင်ပျော်စရာစားသောက်ဆိုင်မှာ ညနေစာသွားစားပါ။

နယူးယောက်မြို့ ၁၂ လမ်းက ဘီထရိုက်စားသောက်ဆိုင်မှာ ခင်ဗျား ညစာ စားခဲ့ဖူးသလား။ ဝိုင်ဖြူ၊ ခရမ်းချဉ်သီး၊ ကြက်သွန်ဖြူ၊ ဟင်းသီးဟင်းရွက်



ဇော်ဂျီကော်ဖီဆိုင်အဝင်ဝ

များနှင့်ချက်ထားသော နွားကလေးသားဟင်းသည် နယူးယောက်မြို့ ၁၂၃လမ်းက ဘီထရိုက်စားသောက်ဆိုင်မှာ မွှေးကြိုင်နေပါ၏။

ရန်ကုန်မှာ ကျွန်တော် လျှောက်စားသည်။ ရှစ်မိုင်မှာဖြစ်စေ၊ ကမ်းနား လမ်းမှာဖြစ်စေ၊ ရွှေဘဲမှာ ဘဲကင်တစ်ခြမ်းစားသည်။ ဓမ္မစေတီလမ်းက မြိတ် မောင်တိတ် စားသောက်ဆိုင်မှာ မျှော့အချိုချက်၊ ကမာချိုချဉ်ကြော်၊ ကြက် နာနတ်သီးသွပ်၊ ယိုးဒယားဟင်းချိုပူပူလေးနှင့် လွေးတတ်သည်။ ပုလဲလမ်းက ချမ်းစမ်းစားပွဲရုံကြီးမှာတော့ မြန်မာဘီယာ တစ်ပုလင်းနှင့် ငါးကြင်းချိုချဉ်ကြော်ကိုပဲ စားတတ်သည်။ ရန်ကင်းက သဘာဝစားသောက်ဆိုင်မှာ ယိုးဒယားထမင်းကြော် ယိုးဒယားသင်္ဘောသီးထောင်းစားသည်။ ချမ်းမြေ့အောင်စားသောက်ဆိုင်မှာ ကြက် ငါးလွှာပေါင်းနှင့် တုံယန်ဟင်းချိုမှာစားသည်။ အလွန်သေးသည်။ အလွန်နည်း သည်။ အလွန်ဈေးကြီးသည်။ အလွန်ချဉ်ချဉ်ချိုချိုစပ်စပ်လေးဖြစ်သည်။ ဟင်းချို ထဲမှာ နာနတ်သီးတွေရော၊ ပုစွန်တွေရော။

ကန္တေသည်မှာဘော့ ၁၉ လမ်းကို ခံစားချင်သည်။ ကျောက်ဖရုံသီးနံရိုးပေါင်း ဟင်းချို၊ ပုစွန်အစိမ်းကြော်၊ ကြက်ကြံမဆိုင်ဟင်းတို့နှင့် မလုံလောက်။ ရှန်ပိန်၊ ပျားရည်၊ ထောပတ်၊ သီဟိုစေ့တို့နှင့် ချက်ထားသည့် ကြက်ဆင်သားဟင်းကို အထူးမှာစားမည်။ ၁၉ လမ်းမှာ အရမ်း 'လန်း' ၏။

ကျွန်တော်သည် မန္တလေးကို ခံစားချင်လို့ မန္တလေးအသင်းမှာ တည်းသည်။ ဂျူဝဲလ်ဟိုတယ်မှာ၊ ဝင်းနားဟိုတယ်မှာ၊ ရဲလိုးရစ်ဘွန်မှာ၊ ချစ်စရာဟိုတယ်မှာ ပြောင်းရွှေ့နေထိုင်တတ်သည်။ တစ်ခါတစ်ရံ ပျင်းလျှင် ရန်ကင်းစင်တာဖီးလ်ထဲ ဝင်ကာ ဆင်းဒဝစ်နှင့် ဘာဂါ ဝင်စားတတ်သည်။

**'သင်ဟာ အပြောင်းအလဲမဟုတ်လျှင် သင့်ဘဝ ကျဆုံးသွားနိုင်တယ်'**

ဒေါက်တာဂျွန်ဆင်၏ စကားကို စားရင်းသောက်ရင်း သတိရတတ်သည်။ နေရာတွေ ပြောင်းနေရုံနှင့် စားသောက်ဆိုင်ရွှေ့ပြောင်းစားရုံနှင့် မပြီးသေးဘူး ထင်ပါသည်။ ဒေါက်တာဂျွန်ဆင်၏ ဆိုလိုချက်မှာ အတွေးကို ပြောင်းရမည်။ ဘဝကိုပြောင်းရမည်။ ကောလင်းလည်း အလုပ်ပြောင်းပြီး စာအုပ်ရေးသည်။ ဟီလာရီ ကလင်တန်ကလည်း "I could sense the change coming." လို့ အော်ခဲ့သည်။

ကျွန်တော်တို့အတွက် စိမ်းလန်းလင်းချင်းသော ကစားကွင်းကြီးတွေ ရှိနေ ပါသည်။ ဂိမ်းထဲမှာ ပလေယာအဖြစ် ဝင်ကစားမည်။ ကွင်းစိမ်းတွေမှာ ပြောင်း ကစားမည်။

အရေးကြီးတာက လင်းတဲ့စိတ်ကို မွေးဖို့။

လင်းတဲ့ပတ်ဝန်းကျင်ကို ကြည့်ဖို့။

လင်းတဲ့ကွင်းမှာ ကစားဖို့။

လင်းတဲ့သီချင်းကို နားထောင်ဖို့။

လင်းတဲ့ပန်းချီကားကို ကြည့်ဖို့။

လင်းတဲ့စကားလုံးတွေကို စားသုံးဖို့။

မနက်ခင်းပိုင်း ဇော်ဂျီမှာ ကော်ဖီသောက်ပြီးနောက် ရိုးရိုးရှင်းရှင်းလေးပဲ တွေးကြမယ်။ ရှုပ်ရှုပ်ထွေးထွေး မတွေးဘူး။ ဝေ့လည်ကြောင်ပတ် မလုပ်ဘူး။

မြို့မတိုင်းမ်ဂျာနယ် (ဇူလိုင် ၂၅-၃၁၊ ၂၀၀၈)

❏

# မြို့မငြိမ်းကဗေး နွေးထွေးတယ်

မန္တလေးရှေ့ပြင်းစင်တာကြီး၏ ခေါင်မိုးပေါ်မှာ မြို့မငြိမ်းကဖေး ပေါ်လာသည်။ ကျွန်တော်သည် အေးမြသော အမြုပ်တစီစီထနေသော ဘီယာတစ်လုံးဖြစ်သွားသည်။ မြို့မငြိမ်းကဖေးဆီ မတက်ခဲ့မီ ဟက်ပီးဝေါလ်မှာ သရဲရထားစီးခဲ့၏။ သရဲအိမ်ထဲ ဝင်ခဲ့၏။ ခြောက်လိုက်တဲ့ သရဲတွေ၊ ဟက်ပီးဝေါလ်၏ သရဲများက ကျွန်တော့်စိတ်ကို ဆွပေးသွား၏။

မြို့မငြိမ်းကဖေးပေါ်ရောက်တော့ Atmosphere က တစ်မျိုးပြောင်းသွားသည်။ မြို့မငြိမ်းရေးခဲ့သည့် သီချင်းလေးတွေကို ဘယ်သူဆိုထားတာလဲ။ မိန်းကလေး အသံ။ 'ပြာရီမှိုင်းကာမို့မို့ ညို့ညို့ညို့လွင်'။ ညသည် ပြာရီမွေးမြနေ၏။ ညသည် ဖြူပြာကြည်လဲ့နေ၏။ ပျော်ရွှင်ဖွယ်အရောင်တွေက ပျော်ရွှင်စွာပြေးလွှားနေကြ၏။ ကျွန်တော် ပျော်ရွှင်ရပါ၏။

မြို့မငြိမ်းကဖေးမှာ ပန်းချီဂယ်လာရီအငယ်စားလေးတွေ ရှိနေသည်။ ပေါ်ဦးသက်ကိုသတိရလျှင် ပေါ်ဦးသက်ဂယ်လာရီလေးထဲ ဝင်ကာ ပေါ်ဦးသက်၏ မာစတာပိစ်တွေကို ခံစားလိုက်ရုံပင်။ ဆရာချို၏ ပန်းချီကားကို ကြည့်လိုလျှင် ဆရာချို၏ ဂယ်လာရီလေးထဲ ဝင်လိုက်ရုံပင်။ မော်ဒန်အက်ဘ်စထရက် ပန်းချီဂယ်လာရီထဲမှာတော့ ဂျက်စပါဂျွန်၊ ဂျက်ဆင်ပိုးလော့၊ ရော့ခ်ကို၊ ဝီလ်ဒီကိုနင်း၊ မွန်ဒရီယာယ်။ ကျွန်တော်ကတော့ အမေရိကန်ပန်းချီဆရာမ ဂျော်ဂျီယာအိုကီးဖ်၏ Pink and Blue ပန်းချီကားကိုသာ ထပ်တလဲလဲ ကြည့်ဖြစ်နေပါသည်။

ကျွန်တော်သည် ဒေါ်နယ်လ်ဘာသမ်၏ ဝတ္ထုတိုတွေ ဖတ်ချင်လာသည်။ Pico Lyer ၏ အက်ဆေးလေးတွေ ဖတ်ချင်လာသည်။ The Fog of Flying ကျွန်တော်အင်တာနက်ကဖေးလေးထဲ ဝင်လိုက်၏။ ကျွန်တော်တို့သည် မြို့မငြိမ်းကဖေးမှာ ကမ္ဘာကြီးနှင့် ချိတ်ဆက်လို့ရနေ၏။ ကျွန်တော်တို့၏ 'ဘဝနေဟန်' တွေက မြို့မငြိမ်းကဖေးမှာ စမတ်ကျကျ ဖွံ့ဖြိုးနေ၏။

ဂျာနယ်အယ်ဒီတာတွေက ချိုပေါ့ကျလက်ဖက်ရည် သောက်ကြ၏။ ဂျာနယ်ထုတ်ဝေသူတွေက ဘရာဇီးလ်လက်ဖက်ရည်သောက်ကြ၏။ ကဗျာဆရာ



ဆရာမြို့မငြိမ်း

တွေက အနီရောင်စပျစ်ဝိုင်ကို သောက်ကြ၏။ ရိုပိုတာတွေက ညိုညိုမှောင်မှောင် 'ကုတ်' ကိုသောက်ကြ၏။ ကျွန်တော်က ပေါ့ပါးနေသည်။ ဆောင်းပါးအသစ်ကို ဗိုလ်အောင်ကျော်လမ်းက မြန်မာ့ဝိုင်း(မ်) ဆီ ရောက်မှရောက်ပါ့မလားဟု စိုးရိမ်နေစရာမလိုတော့ပါ။ မြို့မငြိမ်းကဖေးကနေ ဖက်စ်နှင့် ပို့ပြီးပါပြီ။

ကျွန်တော်ကိုယ်တိုင် တွေ့သွားသည့် နောက်ဆုံးတွေ့ရှိချက် 'အတွေးသစ်' ကို ကျွန်တော် တင်လိုက်နိုင်ချင်သည်။

ကျွန်တော့်မှာ ရှိပြီးသားအချက်အလက်မှန်သမျှကို ဟင်းလင်းပြင်ထဲ ဖြန့်ကြဲထားလိုက်၏။ ကျွန်တော့်ခေါင်းက ဟင်းလင်းပြင်ဖြစ်ဖို့လိုသည်။ နေ့စဉ်

နေ့တိုင်း သောကြာနေ့တစ်နေ့လို ကျွန်တော်ရှင်သန်မည်။ ကျွန်တော်ဒီမှာ ချီးဗား ဝီစကီကို သောက်ပြီ။ ကင်တာကီကြက်ကင်ကို စားပြီ။ ပူပူနွေးနွေး ပေါင်မုန့် မျိုးစုံ၏အနံ့တွေက မွှေးပျံ့နေသည်။ ကျွန်တော် မော်ဒန်ဖြစ်သွားသလိုလို၊ ဟစ်ပီ ဖြစ်သွားသလိုလို ခံစားလိုက်ရ၏။ ကင်တာကီ ဖရိုင်းချစ်ကင်းသည် ကျွန်တော့်ကို မော်ဒန်ဖြစ်ဖို့ ဆွဲဆောင်နေသလို၊ ဟစ်ပီဖြစ်ဖို့ ဆွဲဆောင်နေသလို။

မြို့မငြိမ်းသီချင်းတွေက ကျွန်တော့်ကို တွေးပွေ့လိုက်ပါသည်။ မြို့မငြိမ်း ကြောင့် မန္တလေးကို ပိုချစ်ရသည်။ ရွှေမန်းတင်မောင်နှင့် မြို့တော်သိန်းအောင် ကြောင့် မန္တလေးကို ပိုချစ်ရသည်။ အဥ္စလီမောင်မောင်နှင့် သကြိန်မိုးကြောင့် မန္တလေးကို ပိုချစ်ရသည်။ နန်းတော်ရှေ့ဆရာတင်၏ မြေးမလေး နန်းခင်မွှေးတစ် ယောက် မန္တလေးဗလာသွဲ့တွေမှာ သီချင်းဆိုတုန်းက ကျွန်တော်တို့မှာ ပျော်လိုက်ရတာ ဖတ်ဖတ်မော။ စိုင်းထီးဆိုင်၊ ခင်မောင်တိုး၊ လေးဖြူ၊ ဟယ်ရီလင်း၊ ဂျေမောင်မောင်။ မန္တလေးမြို့ကြီးမှာ အပီအပြင် အောင်မြေနင်းခဲ့ကြသူတွေ။ မန္တလေးမြို့ကြီးမှာ



မန္တလေး၏လေးပြင်လေးရပ် အောင်မြေနင်းခဲ့သော မန္တလေးသိန်းဇော်

အပီအပြင်ကစားပြီး အပီအပြင်ဂိုးသွင်းခဲ့ကြသူတွေ မန္တလေးကို ခေတ္တပြန်လာပါ။ မြို့မငြိမ်းကဖေးပေါ်မှာ ရှိုးပွဲတစ်ပွဲလောက် ဆင်နွှဲပေးကြစမ်းပါ။ မန္တလေး၏ လေးပြင်လေးရပ်၊ အောင်မြေနင်းခဲ့သော မန္တလေးသိန်းဖေ ဒီမှာ နှစ်ပါးသွားသီချင်း လေးတွေ လာဆိုပြပါ။ မန္တလေးကနေ မော်ဒန်ပန်းချီဆရာမ ဖြစ်သွားသူ ဖြူမွှန် မြို့မငြိမ်းကဖေးမှာ ပါဖောမင့်တွေ လာလုပ်ပြပါ။ မြန်မာစာဆရာကြီး ဂုဏ်ထူး ဦးသိန်းနိုင်က "ကန္တာရနှစ်များ" ကဗျာစာအုပ်လေးထဲက ကဗျာကို ရစ်သမ်မိမိ ရွတ်ဆိုပြပေးပါ။ သမိုင်းကိုပြောလျှင် ယဉ်ကျေးမှုကို ထည့်သွင်းစဉ်းစားရမည်ဟု ကမ္ဘာမှာ ပြောကြသည်။ မန္တလေးကိုပြောလျှင် မြို့မငြိမ်းကို ထည့်ပြောမှ လှမည်။ မန္တလေးတက္ကသိုလ်မှာ "သိပ်ချစ်ရတယ် နွဲ့တင်ရယ်" ကို ရေးစပ်ခဲ့သော စိုင်းခမ်းလိတ်ကို ထည့်ပြောမှ လှမည်။

လသာဆောင်ပေါ်မှာ ချယ်ရီရောင်လေးများ စကားပန်းပွင့်တွေ ဝေနေ၏။ ပန်းတွေဝေနေသည်။ ပန်းတွေ ကြွေနေ၏။ စိတ်ကူးသစ်တွေ မြူထဲမှာ ရှိနေသလား။ လသာဆောင်ပေါ်မှာ ကျွန်တော်မျှားယူကြည့်မိ၏။

ကေဘယ်လ်ကြိုးများ၊ တယ်လီဖုန်းများ၊ အင်တာနက်များ၊ ဂြိုဟ်တု စလောင်းများ... မြို့မငြိမ်းကဖေးမှာ တပ်ဆင်ထားသည်။ ဂျာနယ်လစ်တွေ ကဗျာဆရာတွေ၏လက်ထဲမှာ ဆဲလ်ဖုန်းတွေရှိနေသည်။ သို့သော် အသက်အဝင် ဆုံးမှာ မြို့မငြိမ်းကဖေးပေါ်မှာ မြို့မငြိမ်းသီချင်းတွေ လှုပ်ရှားဖွဲ့စည်းနေ၏။ ဤ Atmosphere ထဲမှာ ကျွန်တော်တို့တစ်တွေ စိတ်ကူးသစ်ကို အတွေးသစ်ကို ဖမ်းဆုပ်နိုင်ပါလိမ့်မည်။ တက္ကနိုလိုဂျီအသစ်တွေ၊ ပစ္စည်းကိရိယာအသစ်တွေ ဝင် နေသည်။ နိုင်ငံရပ်ခြားမှ နောက်ဆုံးတွေ့ရှိချက်တွေ အွန်လိုင်းမီဒီယာမှ ပုံနှိပ် မီဒီယာမှတစ်ဆင့် ကျွန်တော်တို့တိုင်းပြည်ထဲ ဝင်နေသည်။ ကျွန်တော်တို့တစ်ဦးစီ ၏ ကိုယ်ပိုင်စိတ်ကူးသစ်တွေ ထုတ်ဖော်နိုင်မှလည်း လှပါမည်။ မြို့မငြိမ်းသည် စိတ်ကူးအလွန်ကောင်းသည်။ အင်တာနက်ကို ဖန်တီးသူများလည်း စိတ်ကူးအလွန် ကောင်းပါသည်။

ပန်းချီဆရာတစ်ဦးသည် မြို့မငြိမ်းကဖေးရှိ အင်တာနက်ကို သုံးပြီး၊ အမျိုးသားဖောက်သည်နှင့် ဂလိုဘယ်ဖောက်သည်ကို အင်တာနက်၏အကူအညီနှင့် ရှာနေပြီ။

ဆံပင်ရှည်ရှည်သီချင်းရေးဆရာက ပိုင်နီဖန်ခွက် ကိုင်ထားသည်။ မန္တလေး မြို့ကြီးကို အပေါ်စီးက ကြည့်နေ၏။ သူ့ပိုင်နီကို သူ မော့သောက်လိုက်ပြီ။



ဈေးချိုနာရီစင်

"မန္တလေးဟာ အနေးမန္တလေး မဟုတ်တော့ဘူး။ မြန်လိုက်တဲ့ကားတွေ၊ ဆိုင်ကယ်တွေ၊ လူတွေ၊ စက်ဘီးတွေ။ မန္တလေးမြို့ကြီးရဲ့ မြန်ဆန်မှုတွေကို မြို့မငြိမ်းကာဖေးဆိုင် အပေါ်ထပ်က ကြည့်ရတာ ဘယ်လောက် 'မြိန်' သလဲ။ မြန်ဆန်တဲ့လှုပ်ရှားမှုကို ကိုယ်က ဒီအပေါ်ကနေ တည်တည်ငြိမ်ငြိမ် ကြည့်ခွင့် ရနေတယ်။ ကိုယ့်ဘဝလည်း အေးမြသင်းမွှေးလို့၊ ကိုယ့်စိတ်ကူးတွေကို စိန်စီထားမယ်"

သူ လမ်းလျှောက်ပြီ။ သူ့မှာ သိမ်ငယ်စိတ်မရှိပါ။ သူ့မှာ မလုံမလဲစိတ် မရှိပါ။ ကမ္ဘာကို ကောင်းအောင်ပြုလုပ်လိုသော အနုပညာသမားတို့၏ စိတ်ကူးများသည် ပင်လယ်ကူးသင်္ဘောကြီးလို ကြီးကျယ်ပါလိမ့်မည်။

မြို့မငြိမ်းကာဖေးပေါ်မှာ ကျွန်တော်တို့ မငြင်းခုန်ကြပါ။ မနာလိုဝန်တိုမဖြစ်ကြပါ။ အားလုံး အဆင်ပြေနေကြသည်မဟုတ်ပါလား။ အမှန်က လူတိုင်း

အဆင်ပြေနေဖို့လိုတယ်။ အောက်က လမ်းမကြီးကို မြို့မငြိမ်းလမ်းမကြီးဟု နာမည်သစ်ပေးရမလား။ နန်းတော်ရှေ့ဆရာတင်လမ်းမကြီးဟု နာမည်သစ်ပေးရမလား။ လမ်းနာမည်သစ်ပေးဖို့ကိစ္စမှာလည်း ကျွန်တော်တို့ချင်း မငြင်းခုံကြပါ။ **ကျွန်တော်တို့ အချင်းမများဖို့၊ အငြင်းမပွားဖို့ ကျွန်တော်တို့ မုဒိတာပွားဖို့ လိုပါသည်။** တကယ်တော့လည်း လမ်းနာမည်ထက် လမ်းများကောင်းဖို့၊ ချောမွေ့ပြန့်ပြူးဖို့ ကျင်းချိုင့်မရှိဖို့က လိုသည်မဟုတ်ပါလား။ မြို့မငြိမ်းကဖေးအောက်က လမ်းမကြီးမှာ အရမ်းကောင်းနေပါသည်။ ချောမွေ့သည်ကို ကျေးဇူးတင်၏။ ပိုအရေးကြီးတာ ဦးစွာလုပ်ကြရအောင်လား။

ပြာရီမှိုင်းကာမှိုင်းမှို့၊ ညို့ညို့ညို့လွင် . . .။ တိမ်လွှာမှိုမှိုလွင် သီချင်းကို ကျွန်တော် အလွန်ကြိုက်ပါသည်။ ဟိုတုန်းက မြို့မငြိမ်းသည် အချစ်သီချင်းတွေ ရေးစပ်ပြီး သီချင်းအပ်ချိန်မှာ မျက်နှာကြီးနီပြီး ရှက်နေတတ်သည်။ မျက်နှာကို ငုံ့ထားသည်ဟု ဖတ်ဖူးသည်။ မြို့မငြိမ်းသည် အပြစ်မကင်းစိတ်နှင့် အချစ်သီချင်းတွေ ရေးခဲ့သလား။ မြို့မငြိမ်း အခုအချိန်မှာ ရှင်သန်ထမြောက်လာလျှင် 'အေးရာအေးကြောင်း' ကျွန်တော်က ပြောပြချင်လှသည်။ အချစ်သီချင်းလေးလည်း မြို့မငြိမ်းရေးတော့ လှသည်။ ကမ္ဘာကြီးကို ထမ်းပိုးပြေးလွှားနေသော မြို့မငြိမ်းသီချင်းတွေက သန့်စွမ်းသည်။ မြို့မငြိမ်း မနားတမ်းပြေးခဲ့ရသည်။ ဆရာငြိမ်း ခေတ္တအမောဖြေပါ။ ချိုးဗားဝီစကီကို သောက်ပါ။ ဆရာ ကမ္ဘာမြေပေါ်မှာ အများကြီး စိုက်ပျိုးခဲ့သည်။

ကျွန်တော်တို့ဘဝတွေထဲက နည်းနည်းလေးဖြစ်ဖြစ် ဖဲ့ပြီး ကမ္ဘာကို ပေးဆပ်ကြရအောင်လား။ **ကျွန်တော်တို့ နည်းနည်းလေးဖြစ်ဖြစ် ဒီကမ္ဘာပေါ်မှာ အဓိပ္ပာယ်ရှိရှိ ရှင်သန်ကြရအောင်လား။ မြို့မငြိမ်းက ကမ္ဘာကို ပြုံးပြုံးလေးကြည့်နေမိ၏။ မန္တလေးသည် သူ့အပြုံးဖြင့် တောက်ပသင်းမြနေ၏။ မန္တလေးသည် မြို့မငြိမ်း၏အပြုံးထဲမှာ မြို့မငြိမ်းသီချင်းတွေ သီဆိုနေသည်။**

မြန်မာတိုင်းမ်ဂျာနယ် (အောက်တိုဘာ ၁၉ – ၂၅၊ ၂၀၀၇)

❑

အလွမ်းရှင်းစက်၊ ပိတောက်ပန်း၏ ရန်ကုန်

သူနိုင်ငါနိုင် အပြိုင်ကြဲရသော ရင်ဆိုင်တိုက်ပွဲခေတ်ကြီးထဲမှာ ရင်ဘတ်ထဲက အလွမ်းတွေကို အပြတ်ရှင်း အပြောင်ရှင်းထုတ်ဖို့ အလွမ်းရိတ်သိမ်းစက်ကလေး တစ်လုံး ကျွန်တော်ဝယ်ထားချင်ပါသည်။ **အလွမ်းတွေ၊ ခံစားချက်တွေ များလွန်းလျှင် ဒီခေတ်ကြီးထဲမှာ သိပ်အလုပ်မလုပ်ဖြစ်ပါ။** ကမ္ဘာအတွက် အနာအဆာမရှိသော ကမ္ဘာ့အသစ် လက်ဆောင်ပေးလို၏။ မောင်ကိုကိုတစ်ယောက် အလွမ်းရှင်း စက်ဝယ်တော့မည်။

( ၁ )

အလွမ်းငွေ့ငွေ့လေးကိုတော့ ရင်ထဲမှာ ချန်ထားပေးပါ။ ကမ္ဘာကျော်အဆိုတော်ကြီး ရှော်ဒ်စတီးဝပ်သည် Retrospect အမည်ရှိ သီချင်းလေးကို ဆိုဖူး၏။ အလွမ်းငွေ့ငွေ့ အောက်မေ့ဆင်ခြင် သမင်လည်ပြန် အတိတ်ဇာတ်ကြောင်းလှန် သုံးသပ်ထားမှုလေး ဖြစ်ပါသည်။

ကျွန်တော်သည် ရန်ကုန်မြို့၏ အရှေ့ကြို့ကုန်းမှာ နေစဉ်က နံနက်ခင်းပိုင်းတွင် ကြို့ကုန်းဈေးလေးကို သွားသွားကြည့်တတ်သည်။ တစ်ညသားမှာတော့ ဘီယာမူးမူးနှင့် လမ်းလျှောက်ရင်း အင်းစိန်လမ်းမကြီးပေါ် ရောက်သွား၏။ ဘတ်စ်ကားကြီးတစ်စီးပေါ် တက်စီးရင်း အင်းစိန်သို့ရောက်သွား၏။ အချစ်အလွမ်းဝတ္ထုတွေ ရေးခဲ့သော ကောင်းကင်ဘုံသို့ ရောက်သွားပြီဖြစ်သော ဆရာငြိမ်းကျော်၏ အိမ်ကို မြင်ဖူးချင်သည်။ ဗဒင်၏ သိုးမည်းဟောင်းကြီးတွေ သီချင်းကို ဆိုချင်သည်။ ဗဒင်သီချင်းထဲက ဘုရားကျောင်းလေးအနီးအနားသို့ သွားချင်သည်။ အဲဒီညက အင်းစိန်မှာ ထမင်းမစြိန်ဘဲ ရှာလည်နေခဲ့သည်။ အချစ်မြို့ဟောင်း တူးဖော်ချက် နောက်ဆုံးအစီအရင်ခံစာကို ရှာမတွေ့ခဲ့ပါ။ အပြာရောင်သစ်ခွ၏ သမိုင်းအစကိုရှာမတွေ့ခဲ့ပါ။

( ၂ )

ကြည့်မြင်တိုင်တောလမ်းက နှစ်ထပ်အိမ်အပေါ်ထပ် ထောင့်ခန်းလေးထဲမှာ ကျွန်တော် အတော်ကြာကြာနေဖူးသည်။ တောလမ်းက မြောကြမ်းတီး

သံသည် ကျောသားရင်သားမခွဲခြားပါ။ ရွှေတိဂုံဘုရားမှာ ရွှေသင်္ကန်းကပ်လှူဖို့ တောလမ်း၊ ပန်းတဉ်းတန်းတို့က ဖြောသံ၊ သီချင်းသံတို့ဖြင့် ကြည့်မြင်တိုင် စမ်းချောင်းမှာ အလှူခံထွက်ကြသည်။ ကြည့်မြင်တိုင်ပန်းတဉ်းတန်းမှာ မန္တလေး တမ္ဘဝတီ၏ မြန်မာမှုအနုပညာတွေရှိသည်။ ကြည့်မြင်တိုင် ပန်းတဉ်းတန်းဟာ မန္တလေးဆန်နေသလား။ ရပ်ကွက်သားချင်း ချစ်ကြခင်ကြရင်းနှီးကြသည်။ တော လမ်းက ဖြောကြမ်းမှာ အသောအလွမ်းဖော်ပြရင်း ကုသိုလ်ရေးဆောင်ရွက်၏။

( ၃ )

ဒေသခံမဟုတ်သော ကျွန်တော်သည် ရန်ကုန်မြို့၏ လမ်းတွေ၊ ရွှင်းတွေ နှင့် ပိုမိုရင်းနှီးပါသည်။ အင်္ဂါမနက်စောစောလေးတွေမှာတော့ ရွှေတိဂုံဘုရားကုန်း တော်ပေါ်သို့တက်ကာ ဓမ္မစေတီရုပ်ပွားတော်ကို နှင်းဆီအနီတွေ ကပ်လှူသည်။ ဓမ္မစေတီဘုရားကို ကျွန်တော်နေ့တိုင်း ဖူးမြော်ကြည်ညိုချင်ပါသည်။ ဓမ္မစေတီ ဘုရားနှင့် အနီးဆုံးနေရာကလေးမှာ ကျွန်တော်နေချင်တော့သည်။ ရေတာရှည် လမ်းဟောင်းပေါ်က လက်ဖက်ရည်ဆိုင်ကြီးမှာ လက်ဖက်ရည်သောက်မည်။ မနက် ၆ နာရီ ရွှေဂုံတိုင်အဝိုင်းမှာ ဂျာနယ်ပူပူနွေးနွေးတွေ သွားဝယ်မည်။ မုန့်ဟင်းခါး စားမည်။

တောလမ်းမှာ နေစဉ်ကတော့ ဗိုလ်ဥတ္တမလမ်းထိပ်က လက်ဖက်ရည်ဆိုင် လေးမှာ သွားသွားထိုင်သည်။ ဟောမန့်လက်ဖက်ရည်ဆိုင်လေးမှာ ထိုင်ကာ ဇား



ကရာချောက်နက်နက်ကို အပေါ်စီးက ကြည့်ခွင့်ရနေ၏။ ကားမီးရောင်တွေက ဗားကရာချောက်ထဲမှာ တဝေါဝေါဖြတ်သန်းနေကြသည်။ ဟောမန်အပေါ်မှနေ၍ ဆောင်းရာသီရှုခင်းကို နွေဦးပေါက်အရောင်အဆင်းကို ကြည့်ခွင့်ရသည်။ နှင်းမှုန်တွေပြီးသွားလျှင် လေကလေးဖော့ကာ သစ်ရွက်ကလေးတွေ ကြွေသည်။ရန်ကုန်မြို့က လူများသည် ရာသီဥတုအပြောင်းအလဲများကို ပါးပါးနပ်နပ် ခံစားတတ်သော အသွေးအသားတွေရှိ၏။ နှစ်သစ်ကူး၏ရနံ့ကိုဖြစ်စေ၊ မိုးဦးလေဦး ပိတောက်ဦး၏ ရနံ့ကိုဖြစ်စေ ကြိုကြိုတင်တင် ရှူရှိုက်ခံစားတတ်ကြသည်။ Sensitive ရန်ကုန်ဖြစ်သည်။

ကဗျာဆရာကြီးတစ်ဦးက အင်းစိန်ကနေပြီး ကြည့်မြင်တိုင်ရှိ ဟောမန်လက်ဖက်ရည်ဆိုင်လေးမှာ တနင်္ဂနွေဆို လာထိုင်၏။ သူလည်း ဗားကရာချောက်ကို စိမ်မိုးငေးရီ ခံစားတတ်သည်။ ဆိုက်ကားဆရာသည် ဝေလီဝေလင်းမှာ ဗားကရာချောက်ကို တရကြမ်းတိုးဆင်းသည်။ ဆိုက်ကားဆရာသည် နှင်းတောထဲမှာ ဗားကရာချောက်ကို အသားကုန်နင်းတက်၏။ ကမ်းနားနှင့် စမ်းချောင်းကို စပိန်နှင့် လွှမ်းပြန်ကူးကြသည်။

ရန်ကုန်မှာ အဆင်းခက်ခက် အတက်ကြမ်းကြမ်းတွေရှိသည်။ သမ္ဘာနှင့် ခြေစွမ်းတွေ ရန်ကုန်ဂိမ်းထဲမှာ ဝင်ပြကြပါ။ ရန်ကုန်မှာ ကျရှုံးခြင်းကို ငြင်းဆန်ပြီး ဟက်ထရစ်ဘောလုံးကို သွင်းကန်ထည့်လိုက်ပါ။ ခွင်တွေ့လျှင် အားသုံးပြီး ကျုံးကန်ထည့်လိုက်ပါ။ ရန်ကုန်မြို့မှာ အကွက်ချောင်းတတ်ဖို့လည်း လို၏။ လမ်းကြောင်းနှင့်တွေ့လျှင် ဘဝပြောင်းတတ်သည်။ ကိုယ့်ဘဝကို လမ်းကြောင်းပေါ်တင်ပြီး စပိဒ်နဲ့ မောင်းပစ်လိုက်ပါ။ ခုန်လိုက်ပါ။ မျက်စိနောက်အောင်တော့ မလုပ်နဲ့။ မှန်တံခါးကြီးတွေကို စမတ်ကျကျ တွန်းဖွင့်ပြီး ဝင်လိုက်ပါ။

( ၄ )

စမ်းချောင်းဈေးမှာ ပန်းကောင်းမွှေးမွှေးလေးတွေ ရောင်းသည်။ ကျွန်တော်က စမ်းချောင်း ကျွန်းတောလမ်းက လက်ဖက်ရည်ဆိုင်မှာ ဘိတ်ကတ်ကြေးကိုက်နှင့် ဘိတ်လက်ဖက်ရည်ကို သောက်၏။ စိတ်ကူးရလျှင် သံလွင်လမ်းဆီ ခရီးဆက်သည်။ တက္ကစီတွေက ဝင်ဒါမီယာထဲကို မျက်စိလည်လို့ မလိုက်ချင်။ မြန်မာဆန်ဆန် သာမန်ထမင်းဆိုင်လေးနှင့် သာမန်လက်ဖက်ရည်လေးက ကျွန်တော့်အတွက် အမြဲဖွင့်ထားသည်။ ထိုဆိုင်လေးများမှ ဝင်ဒါမီယာနှင့် ကျိုးအဘသံကို


ခံစားသည်။ လှိုင်ဘွား၏ခရမ်းရောင်ပျားပျားပန်းချီကားကို ဝင်ဒါမီယာရဲ့ ဂယ်လာရီထဲ ဝင်ကြည့်မည်။ ရန်ကုန်မြို့မှာ အမြဲဖွင့်ထားသော ဂယ်လာရီလေးများနှင့် လက်ဖက်ရည်ဆိုင်လေးများရှိသည်။

( ၅ )

ရန်ကုန်မြို့ ၃၃ လမ်းအထက်က ဓမ္မာရုံလေးရှေ့မှာရှိသော လက်ဖက်ရည်ဆိုင်လေးကို လေထန်ကုန်းဟု ဘယ်သူအမည်ပေးလိုက်ပါသလဲ။ လေထန်ကုန်းမှာ တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်ကြသည်။ တစ်ဦးနှင့် တစ်ဦး ချစ်မေတ္တာ ဝတ်မှုံ ကူးလူးကြသည်။ လေထန်ကုန်းမှာ ဓာတ်လမ်းဝယ်လို့ရသည်။ လေထန်ကုန်းမှာ သရုပ်ဖော်ပုံ အပ်လို့ရသည်။ လေထန်ကုန်းမှာ စာမူခထုတ်လို့ရသည်။ လေထန်ကုန်းမှာ ထိုင်ပြီး မြန်မာပြည်တစ်ပြည်လုံးအကြောင်း သိချင်လို့ရသည်။ အချို့ကတော့ လူစုံသော လေထန်ကုန်းကို ရှောင်ကြသည်။ အများစုကတော့ လေထန်ကုန်းကို ဆောင်ကြသည်။ လေထန်ကုန်းမှာ ဆွဲဆောင်နိုင်သော ဓာတ်တစ်ခု စီးနေ၏။ လေထန်ကုန်းထိုင်ရာမှ ပေါက်သွားသူတွေရှိသည်။ လေထန်ကုန်းထိုင်ရာကနေ ဂေါက်သွားသူတွေရှိသည်။

၃၃ လမ်းဖြင့် ကျွန်တော်အသက်ရှင်သန်ခဲ့သည်။ ကျွန်တော်တို့၏ ရှင်သန်ခြင်းသည် ၃၁ လမ်း၊ ၃၂ လမ်း၊ ၃၃ လမ်း၊ ဗိုလ်ချုပ်လမ်း၊ ဆူးလေဘုရားလမ်း၊ ပန်းဆိုးတန်းလမ်းမဖြစ်သည်။ **ထိုလမ်းမများက ကျွန်တော်တို့နာမည်ကို ရွတ်ဆိုစေလိုလျှင် ကျွန်တော်တို့ ဖန်တီးထုတ်လုပ်ရမည်။ ထိုလမ်းများနှင့် ကျွန်တော်တို့ ဝတ်မှုန်ကူးကြမည်။**

ရန်ကုန်၏ စပိဒ်နှင့်အညီ လမ်းလျှောက်နိုင်ရမည်။ကျွန်တော်တို့၏ ခန္ဓာကိုယ်မှ ဘာသာစကားသည် ရန်ကုန်နှင့် ဟာမိုနီဖြစ်ရမည်။ ကျွန်တော်တို့ ခန္ဓာကိုယ်လှုပ်ရှားမှုသည် ရန်ကုန်မြို့နှင့် ရစ်သမ်ကိုက်ရမည်။ ရန်ကုန်မြို့မှာ သူခေါင်းပေါ်က ယန်းသီးနီနီရဲရဲကို ကျည်ဆန်တစ်တောင့်တည်းသုံးပြီး ဒိုင်းခနဲမှန်အောင် ပစ်နိုင်ရန်လိုသည်။ ရန်ကုန်မြို့မှာ ထိုးစစ်အရှင်၊ ခံစစ်အရှင်နှင့်ဘာဝကို ရင်းပြီး ကြမ်းကြမ်း ကစားဖို့လည်းလိုသည်။ သိမ်သိမ်မွေ့မွေ့လေး ပညာသားပါပါ အက်ဒိဒတ်စ်ဖိနပ်ဦးလေးနှင့် ဘောလုံးကို ဂိုးပေါက်ထဲဝင်သွားအောင် ကန်ထည့်လိုက်ဖို့လည်းလိုသည်။ ရန်ကုန်မြို့၏ ရွှေသော့ခလောက်ကြီးကိုဖွင့်ရန် ရွှေသော့တံတစ်ချောင်းကိုယ့်မှာ ရှိနေရန်လည်း လိုသည်။ ကျွန်တော် လေထန်ကုန်းမှ ထလာသည်။



ရန်ကုန်မြို့လယ်တစ်နေရာ

၃၃ လမ်းထိပ်က ခရေပင်လေးအောက်မှာ ထိုင်သည်။ အနော်ရထာလမ်းမပေါ်မှာ ကားများ စီးဆင်းသွားပုံကိုကြည့်သည်။ ရန်ကုန်မြို့၏ ညနေခင်းသည် အနားက ဟမ်ဘာဂါဆိုင်လေးမှ ခရမ်းရောင်ရေခဲမုန့်ကို ဝယ်စားရင်း အနော်ရထာလမ်းမကြီးကို စားနေသည်။ ရန်ကုန်ညနေခင်းသည် မကြာခင်မှာ ဟိုတယ်ကြီးတစ်ခုထဲက ကပွဲခန်းမထဲဝင်သွားပြီး ဆလိုက်မီးရောင်စုံကြားမှ ဆူညံပေါက်ကွဲဟိန်းထွက်နေသော ဂီတသံတွေကြားမှာ ခုန်ပေါက်ပြီး ကချင်ကနေလိမ့်ဦးမည်။ ကျွန်တော်က ၃၃ လမ်းထိပ် ခရေပင်လေးအောက် အုတ်ခုံလေးပေါ်မှာ ဆက်ထိုင်နေသည်။

(၆)

နံနက်ခင်းလေးတစ်ခုမှာတော့ ကျွန်တော်သည် ၃၇ လမ်းထိပ်က ပထမထပ်တိုက်ခန်း၏ ပြတင်းပေါက်ကို ဖွင့်ကာ မဟာဗန္ဓုလလမ်းမကြီးကို ကြည့်နေမိသည်။ နံနက်စောစောလေး ဖြစ်ပါသည်။ ရန်ကုန်မြို့၏ နံနက်စောစောလေးသည် အတန်ငယ် တိတ်ဆိတ်ငြိမ်သက်နေပါသည်။ မိုးချုပ်ချုပ် အလုပ်လုပ်တတ်သော ရန်ကုန်သားများသည် စောစောအိပ်ရာ မထကြသေးပါ။ မဟာဗန္ဓုလပန်းခြံထဲမှာတော့ နံနက်စောစောကိုယ်လက်လှုပ်ရှား အားကစားတွေ စတင်နေပါပြီ။



အလို... ကျွန်တော့်ပြတင်းပေါက်ရှေ့မှာ ပိတောက်ပင်စိမ်းစိမ်းလေး ပါလား။ အရွက်စိမ်းစိမ်းတွေကြားမှာ ရန်ကုန်ပိတောက်ပန်း ရွှေဝါရောင်လေးတွေ ပွင့်နေသည်။ ပိတောက်ပန်းလေးတစ်ခက်သည် ကျွန်တော့်ရှေ့က ပြတင်းပေါက်ထဲသို့ တိုးဝင်လာနေသည်။ ကော်ဖီတစ်ခွက်၊ ပေါင်မုန့်တစ်ချပ်၊ ရေဒီယိုတစ်လုံးနဲ့ ပိတောက်ပွင့်မယ့်နေ့ကို စောင့်နေတာ ဘယ်သူလဲ။ ရန်ကုန်မှာ ပိတောက်တွေ ပွင့်တော့မည်။

*မြန်မာတိုင်းမ်ဂျာနယ် (မတ် ၇ – ၁၃၊ ၂၀၀၈)*

❑

ငါ့နာမည်က တောဂေါ်လီ

( ၁ )

နဘူးအိုင်ရွာကြီးအပါအဝင် ရွာပေါင်း ၁၂ ရွာနှင့် ပတ်သက်နေသော ဘုရားပွဲ၊ နတ်ပွဲသို့ ကျွန်တော် ရောက်နေသည်။

ဘုရားကုန်းတော်ပေါ်မှာ တင့်တယ်ထည်ဝါသော မန်ကျည်းကန်စေတီတော်။ အောက်ဘက်ခပ်လှမ်းလှမ်းမှာ မန်ကျည်းပင်တွေ ပတ်လည်ပိုင်းနေသော ရေကန်ကြီးတစ်ကန်နှင့် အဲသည်ရေကန်ကြီးရဲ့ အရှေ့ဘက်ဆီမှာ မန်ကျည်းကန် အမေကြီးနတ်နန်း။ ဝန်းကျင်တစ်ပိုက်မှာ ထန်းပင်တွေ။ ဘယ်ရွာနှင့်မျှမနီးသော ကွင်းပြင်ကျယ်ကျယ်မှာ ပွဲတော်ကျင်းပခြင်းဖြစ်သည်။

ပွဲတော်မှာ မြို့ကြီးပေါ်က ကားတွေထပ်နေ၏။ နံနက် ၅ နာရီက စလို့ ပွဲတော်က လှုပ်ရှားခုံကြွလာခဲ့၏။ မြို့ပြမှ တချို့တလေသည် ဘုရားကုန်းတော် ဝန်းကျင်မှာ ကိုယ်ပိုင်နှစ်ထပ်တိုက်ကလေးတွေတောင် တည်ဆောက်ထား၏။ တစ်နှစ်တစ်ခါ ဘုရားပွဲလာသည့်အခါ ကိုယ့်တိုက်ကလေးမှာ ကိုယ်တည်းဖို့။ ပြန်တော့ သော့ခတ်ထားခဲ့ကြသည်။

ပါရာဒို၊ ဟိုင်းလပ်၊ ဆန်နီပစ်ကပ်၊ ဗင်န်၊ ဟိုက်အေ့စ်၊ တောင်းအေ့စ်၊ ဂျိ(ပ်)ကားတွေ ပွဲတော်၏ နံနက်စောစောလေးထဲ လိမ့်ဝင်နေသည်။ အများစုက ရွာမှ ဆွေမျိုးများအိမ်မှာ တည်းခိုကြသည်။

ရွာအသီးသီးမှလည်း ဆိုင်ကယ်တွေကိုယ်စီနဲ့ ပွဲတော်လူအုပ်ထဲသို့ ဇွတ်တိုးဝင်လာနေကြသည်။ အချို့ ကုန်းကြောင်း။ အချို့ရွာတွေက ထော်လာဂျီပေါ်မှာ လော်စပီကာကြီးတွေ၊ ဆောင်းဘောက်စ်ကြီးတွေနှင့် စိုင်းစိုင်းခမ်းလှိုင်သီချင်းကို အကျယ်ကြီးဖွင့်ပြီး ပွဲတော်ထဲသို့ တိုးဝင်လာနေကြ၏။

"အားလုံးတက်ကြ ငါ့ထော်လာဂျီ ××× ငါ့ကို မိန်းကလေးများက အော့ကြောလန်သည် ××× ရွာမြောက်ဘက်ပိုင်းကတော့ သိပ်မကြည် ××× ငါ့နာမည်က တောဂေါ်လီ"



နဘူးအိုင်ရွာရှိ မန်ကျည်းကန်အမေကြီးပုံ

လော်နှင့်အော်သော တောဂေါ်လီ။

လူအများကြီးက မန်ကျည်းကန်မယ်တော်ကြီးနတ်နန်းမှာ ပန်းတော်ဆက်ကြ၏။ ငွေတော်ဆက်ကြသည်။ ငှက်ပျောပွဲ၊ အုန်းပွဲဆက်ကြသည်။

မန်ကျည်းကန်အမေကြီး၏ အလိုဆန္ဒမှာ ပွဲတော် စည်ကားသိုက်မြိုက်ရေးဖြစ်သည်။ ပွဲတော်လာသူများ ဝလင်ပျော်ရွှင်ရေးဖြစ်သည်။

မန်ကျည်းကန်အမေကြီး၏အလိုတော်ကို နှမ်းတစ်စေ့မျှ မဆန့်ကျင်ကြ။ မန်ကျည်းကန်အမေကြီး၏ အလိုတော်အတိုင်း ပွဲတော်သို့ တစ်နှစ်တစ်ခေါက်အရောက်လာကာ ဘုရားမှာ သာသနာပြုကြသည်။ ဘုရားကုန်တော်ပေါ်မှာ သာသနိကအဆောက်အအုံတွေ တိုးလာသည်။ ရွှေရောင်တန်ဆောင်း၊ ပြာသာဒ်တွေ မြင့်မားလာသည်။ တောရွာမှာ အမေအိုများ၊ အရီးများသည် ထမင်းအိုးဟင်းအိုးကိုယ်စီနှင့် ဆွမ်းဟင်းလောင်းရန် ဆွမ်းကြီးလောင်းချိန်ကို စောင့်ဆိုင်းနေ၏။ ပွဲတော်မင်္ဂလာကတော့ လိုင်းအစုံဖြင့် မြည်ဟည်းပွင့်ထွက်နေပြီ။

"နဘူးအိုင်ရွာသားဟာ အမေရိကရောက်နေတောင်မှ ကိုယ့်ရွာဘုရားပွဲနေ့ဆို ရွာအရောက် ပြန်တာပဲ။ နဘူးအိုင်ရွာသား ကျွန်တော့်အဘိုးဟာ ဒုတိယကမ္ဘာစစ်ပြီးစမှာ ရွာမှာ မငြိမ်းချမ်းတော့ မန္တလေးမြို့ကို မြင်းခြံတံတားဦးလမ်းအတိုင်း ခြေကုန်သုတ်ပြေးလာခဲ့ရတာ။ အဘိုးဟာ မန္တလေးမှာ အောက်ခြေအလုပ်တွေ

လုပ်ခဲ့ရတယ်။ အမေ့လက်ထက်ရောက်တော့ ဖားကန့်မှာ ကျောက်တွင်းပိုင်ပြီး ကျောက် မျက်ရတနာကုန်သည်ကြီးပိုင်ပြီ။ ရွာမှာ အိမ်မရှိပေမဲ့ အဘိုးရဲ့မြေး ကျွန်တော်ဟာ ရွာ ဘုရားပွဲဆို နဘူးအိုင်ကိုပြန်ရမှ စိတ်ကျေနပ်တယ်။ ရွာက ငြိမ့်သည်မှန်သမျှ ကို ထမင်းကျွေးတယ်။ ရွာဆိုတာ အားလုံးက အမျိုးတွေပဲဗျာ"

မန္တလေးသားလူငယ်လေး ကျော်သီဟက ပြောသည်။ သူ့ငှက်ခါးရောင် ယာမာဟာဆိုင်ကယ်ကြီးပေါ်ထိုင်ပြီး ကျွန်တော်နဘူးအိုင်ရွာသို့ ရောက်လာခဲ့ရ သည်။ ပွဲတော်မှာ ပျော်ဝင်ရသည်။

"ရေ ××× အိုးလေး ××× လှူပ်ပါဟော့၊ ရေ ××× အိုးလေး ××× လှူပ်ပါဟော့"

ကျွန်တော်နှင့် ကျော်သီဟ တောရွာမှာ ဂျော်လီလို ဂေါ်လီလို ပျော်ရွှင်စွာ လှိမ့်ခဲ့လိမ့်ခဲ့ကြပြီးပြီ။

"ရေ ××× အိုးလေးလှူပ်ပါဟော့"

ကိုသာဗျောရဲ့ ထန်းတဲမှာ ထန်းရည်ချိုခါးကို မနေ့ကအဝ သောက်ခဲ့ကြ သည်။ သူ့မိတ်ဆွေချက်ကျွေးသော ကြက်သားကာလသားချက် ပူပူနွေးနွေးကို အပြတ်လွေးကြပြီးပြီ။ သူသူငယ်ချင်းရုပ်ကီး ချက်ကျွေးသော မန်ဒါလီ ကာလသား ချက်ကိုလည်း ထန်းရည်နှင့် မြည်းခဲ့ကြပြီးပြီ။ နွားစာတဲအပေါ်မှာ သောက်ကြ၏။

အခု မနက်အစောကြီးမှာတော့ ကျွန်တော်သည် မန်ကျည်းကန်စေတီကို ကြည်လင်စွာ ဖူးမြော်သည်။ မန်ကျည်းကန်အမေကြီး၏ ရင်ခွင်နန်းတော်မှာ ကျွန် တော့ 'ကာလလာပွဲတော်' စာအုပ်ကို မယ်တော်ကြီးဖတ်ရှုရန် ရည်သန်လျက် ကျွန်တော် အပ်နှံဆက်သပြီးပြီ။ လူတစ်ယောက်ရဲ့ နတ်တာဝန်တွေကိုတော့ ကျွန်တော် သိပ်မသိပါ။

ချစ်သူရေ ... ကိုယ်တို့ပျော်ခဲ့ပြီ။ ချစ်သူရေ ... ကိုယ်တို့ပျော်ဝင် မျော် ရွှင်ခဲ့ပြီ။ ဘဝမှာ ဘာမှသိပ်မလိုဘူး။ ချစ်သူရေ ... မင်းသိထားဖို့က ငါ့နာမည်က တောဂေါ်လီ။

( ၂ )

မနေ့ညတုန်းကလည်း နဘူးအိုင်ရွာမှ နွားလှည်းတစ်စီးနှင့် ပွဲတော်ညသို့ ချီတက်ခဲ့ကြသည်။

ငှက်ခါး ဒီတီဆိုင်ကယ်ကို ပဲမှော်သိုလှောင်တဲအောက်မှာ ထိုးထားခဲ့ကြပြီ။ ကျော်သီဟ နွားလှည်းတက်မောင်းပြီ။

"နေတိုး ... ခွေမျိုး ... သဝေမထိုးနဲ့ ပွဲတော်ဆီ ဒိုးစမ်း"

ဗွားနှစ်ကောင်ကလည်း လှည်းလမ်းကြောင်းအတိုင်း ဒုန်းစိုင်းတော့သည်။

လမင်းသည် ထန်းရွက်တွေကြား ဝင်လိုက်၊ ကုက္ကိုကိုင်းတွေကြား နားခိုလိုက်၊ ကျွန်တော်တို့ခေါင်းပေါ်ရောက်လာကာ 'လရိပ်ပြုံးရယ်' လုပ်လိုက်။

ကျွန်တော်တို့ကိုယ်တိုင်လည်း လရဲ့ပြုံးစားမှုကို ခံချင်သည်။ ဒါကြောင့် ဗွားလှည်းနှင့် တအိအိလာခဲ့ကြတာပေါ့။ ကျော်သွားပါစေ ကားများ။ ကျွန်တော်တို့က လမင်းကို ရှုးသွပ်နေ၏။ ထူးဆန်းတဲ့တန်ခိုးများက တို့ကိုခေါ်ဆောင်သွားကြ။ တိမ်လို နိမ့်ဆင်းလိုက်။ တိမ်လိုမြင့်သွားလိုက်။

"နေတိုး... ခွေမျိုး ...သဝေမထိုးနဲ့"

ပွဲတော်မှာ ဓာတ်ပွဲကနေသည်။ ကျွန်တော်တို့ကတော့ ရွှေပင့်ကူ မြင်းခြံဂီတဝိုင်းရှေ့ မြက်ခင်းပြင်ပေါ် ရောက်သွားကြပြီ။ 'လေးဖြူရဲ့သီချင်းဆိုပေးပါ' အောက်က အော်ဟစ်တောင်းဆိုသံကြားရသည်။

"ဒီရေ လှိုင်းဖွေး ××× မုန်တိုင်းက ကြမ်းနေလို့ ××× ဒီလှေကမ်းအဝေး ××× ရေလှိုင်းအောက်ရောက်မှာစိုး"

ပွဲကြည့်ပရိသတ်ထဲကလည်း မြို့သားဖြစ်စေ၊ ကျေးလက်သားဖြစ်စေ မိမိကိုယ်မိမိ ယုံကြည်စိတ်ချလျှင် စင်ပေါ်တက်ဆိုလို့ရသည်။ တီးဝိုင်းကို သုံးထောင်ပေးလျှင် သီချင်းတစ်ပုဒ်ဆိုလို့ရသည်။

ဒီမှာ ဟီးရိုးရယ်လို့ သီးသန့်မရှိ။ အားလုံး ဟီးရိုးဖြစ်နိုင်သည်။ မင်းတစ်ယောက်တည်း ဟီးရိုးမဟုတ်ပါ။

ချစ်ကြ၊ ထုတ်လုပ်ကြ၊ ဖန်တီးကြ။ အရည်အသွေးရှိလျှင် စင်ပေါ်တက်ပြီး လူငယ်ဝိုင်း ဟီးရိုးလုပ်နိုင်သည်။ ကျော်သီဟ သီချင်းတက်ဆိုသည်။

ပွဲတော်ပေါ်သို့ နှင်းတွေ တအိအိမှဲ့ကျလာပါသည်။ လရောင်တွေ စီးဖြာကျနေသည်။ နှင်းပွင့်တွေ ဖြိုးဆင်းနေသည်။ လူငယ်တွေ ပွဲတော်ညမှာ မော်ဒန်ရောခ်သီချင်းတွေ ဆိုကြသည်။ ကျွန်တော်တို့ အကြော်ဆိုင်မှာ ဘီယာသောက်ရင်း အကြော်စားကြသည်။ တောအကြော်ဆိုင်မှာ ကြိုက်တဲ့အရက်မှာသောက်လို့ရတာကိုက ဒီမှာ ပျော်စရာပါ။

"ပွဲတော်မှာ ရန်မဖြစ်အောင် မန်ကျည်းကန်မယ်တော်ကြီးက ထိန်းသိမ်းပေးထားတယ်"

ဟိုဘက်စားပွဲဝိုင်းမှာ ရှာသားတစ်ဦးက လှမ်းပြော၏။

ဘုရားပွဲမှာ ရန်ဖြစ်ပြီး ဓားနှင့်ခွေလိုက်တာမျိုး ဤမှာမရှိနိုင်ဟု ကျွန်တော် ယုံကြည်ချင်ပါသည်။ ဆေးရွက်ကြီးများဖြစ်ထွန်းတတ်သော ပူပြင်းခြောက်သွေ့သော ဒေသဖြစ်ပါသည်။ ပညာ၊ ဆင်ခြင်တုံတရား၊ ချစ်ခြင်းမေတ္တာ၊ ဘာသာရေး၊ စာနာမှု၊ တရားဥပဒေကိုလေးစားမှုများ နေရာတိုင်းမှာ ကိန်းဝပ်ပါစေသတည်း။ (အရက်နှင့် ဂီတလည်း လိုအပ်ခဲ့ပါသည်)။

( ၃ )

ပွဲတော်ည အပြန်မှာ ညဉ့်နက်သော်လည်း ပွဲတော်မနက်မှာ အစောကြီး ပွဲတော်သို့ ပြန်လို့ရောက်ရှိနေပါပြီ။ နွားလားဥသဘဖဟု ရေးထိုးထားသော နွားရုပ်ကြီးပွဲတော်ထဲ ဝင်လာသည်။ အဆက်မပြတ်ထွန်းသော နွားလားဥသဘများသည် လူသားကို ရက်ရက်စက်စက် လုပ်ကျွေးသည်ဟု ကြားဖူးသည်။ မဟူရာ ကျွဲကြီးဟု ရေးထိုးထားသော ကျွဲရုပ်ကြီး ပွဲတော်ထဲ ဝင်လာပြန်ပြီ။ 'ဒီမှာ နင် လင်ကြီးကို ကြည့်လိုက်ဟေ့' ဟု ရေးထိုးထားသော ဂစ်တာတီးနေသည့် အရုပ် အမြင့်စား ရုပ်ပါလူရုပ်ကြီး ပွဲတော်ထဲဝင်လာနေပြီ။ ပါရာဒို ဝင်လာသည်။ ရုပ်ပါရှစ် ဝင်လာသည်။ မြို့ကြီးသားတွေက မြို့မှာ မိမိတို့ အောင်မြင်တိုးတက်မှုရုပ်ပုံလွှာ တွေကို မန်ကျည်းကန်အမကြီးကို လာရောက်ပြသနေပါသည်။ မန်ကျည်းကန် အမကြီး ကျေနပ်နေသည်။ မိန့်မိန့်ကြီးကြည့်နေ၏။ ရွှေပင့်ကူတီးဝိုင်းလည်း မနက်မှာ ပြန်တီးနေပြီ။ ကုန်တင်ကားတွေပေါ် စင်ထိုးပြီး ယိမ်းအဖွဲ့မလေးတွေ ကကြ ခုန်ကြ သီချင်းဆိုကြပြီ။ အဆိုတွေက နေရာတိုင်းမှာ။

လော်စပီကာနှင့် ထော်လာဂျီတွေ ဝင်လာပြီ။ အားလုံးတက်ကြဟေ့ ငါ့ထော်လာဂျီ။ ကျွန်တော်တို့ အားလုံးလည်း ကွင်းပြင်ထဲမှာ သီချင်းဆိုပြီ။ ငါ့နာမည် ကတောာ့ဂေါ်လီ။

( ၄ )

အဖိတ်နေ့၊ အဖိတ်ည၊ လပြည့်နေ့။ ကျွန်တော်တို့ဘဝတွေကို နဘူးအိုင် တစ်ဝိုက်က တောကျေးလက်ထဲမှာ ပစ်ချထားလိုက်သည်။ ထိုနေ့၊ ထိုညတွေ မှာ ကျွန်တော်တို့လည်း ငါ့နာမည်က တောဂေါ်လီ။ လပြည့်ညမှာတော့ ခရီးမိုင် များ၊ မြို့များ၊ ရွာများ၊ ကုန်းတက်၊ ကုန်းဆင်းများ၊ မြေလမ်းများ၊ ကတ္တရာလမ်း

များ၊ သဲချောင်းများ၊ ကောင်းဘွိုင်ဇာတ်ကားထဲက တောအရက်ဆိုင်လို အရက်ဆိုင်လေးများကို ဖြတ်သန်း၍ ဖက်တီးကျော်သီဟာတို့၊ ကျွန်တော်တို့ ဆိုင်ကယ်တွေနှင့် ပြန်လာကြပြီ။ မန္တလေးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေမည်။

မြန်မာတိုင်းမ်ဂျာနယ် (ဖေဖော်ဝါရီ ၂၂ - ၂၈၊ ၂၀၀၀)

❑

ရောဝတီစောင့်ရှောက်သောပြည်မြို့

မိတ်ဆွေ၊ ဘုရားသခင်
လူငယ်နဲ့ အနုပညာ
အတူနေပါစေ
ကမ္ဘာကြီးကို ပျော်ရွှင်ပါစေ။

( ၁ )

ကျွန်တော်သည် ပြည်မြို့မှ ကဗျာဆရာ မောင်ချောနွယ်၏ကဗျာကို စားသုံးတတ်သူတစ်ဦး ဖြစ်ပါသည်။ လူပုဂ္ဂိုလ်အရလည်း ချစ်ခင်ပါသည်။ အနော်ရထာလမ်းမကြီးဘေး ၃၃ လမ်းထိပ်က ခရေပင်လေးအောက်က အုတ်ခုံပိုင်းလေးပေါ်မှာ သူနှင့်အတူ ထိုင်ဖူး၏။ မဟာဗန္ဓုလယန်းခြံလမ်းက ဘီယာဆိုင်လေးမှာ သူနှင့်အတူ ဘီယာသောက်ဖူး၏။ ပြည်မြို့၏ လက်ဖက်ရည်ဆိုင်များစွာမှာ သူနှင့်အတူတူ လက်ဖက်ရည်သောက်ဖူး၏။ ပြည်မြို့က မင်းကြီးတောင်ပေါ်ကအဆင်းတောင်ခြေလက်ဖက်ရည်ဆိုင်မှာလည်း သူနှင့်အတူ ထိုင်ဖူးသည်။ နောက်ပြီး ပြည်မြို့က ခင်ဝမ်း၏ပန်းချီကားများကို ကျွန်တော် ချစ်သည်။ ၄၅ လမ်းရှိ ကိုမြတ်မင်း၏ အိုင်ဗီဂယ်လာရီအပေါ်ထပ်က ကိုခင်ဝမ်း၏ပန်းချီကားကို မကြာခဏကြည့်ဖူးသည်။ အက်ဖ်အမ်အိုင်အပေါ်ဆုံးထပ်က ကိုခင်ဝမ်း၏ ပန်းချီကားကြီးကိုလည်း ကြည့်ဖူးသည်။ မန္တလေးမြို့ ပန်းချီကောင်းရွန်း၏ တိုက်လှေကားထိပ်မှာ တခမ်းတနားချိတ်ဆွဲထားသော ကိုခင်ဝမ်း၏ပန်းချီကားကို ကျွန်တော် သွားသွားကြည့်ဖူးသည်။ ကိုခင်ဝမ်း၏ 'အမေ' ၊ 'ရေဝတီ'၊ 'ပြည်မှာနေခဲ့ဆောင်း'၊ 'ဆယ်လမွန်ငါးတို့အပြန်' စသော တေးသီချင်းများကိုလည်း ကျွန်တော် ကြိုက်တတ်ပါသည်။ အဲလ်ဘတ်ကမူး၏ ဝတ္ထုတိုလေးကိုဘာသာပြန်ထားသော ကိုခင်ဝမ်း၏ **'ဧည့်သည်ကြီး'** ကို ကျွန်တော် ဖတ်ဖူးသည်။ ကိုခင်ဝမ်း၏နာမည်ကျော် **'စိတ္တဇပန်းချီ'** အမည်ရှိ စာအုပ်ကို ကျွန်တော် ရှုးသွပ်စွာဖတ်ဖူးသည်။

ယခု ပြည်မြို့သို့ ကောက်ကာငင်ကာ ကျွန်တော်ရောက်ရှိလာသည်မှာ သူတို့၏အငွေ့အသက်တွေထဲမှာ ကျွန်တော် ပိုလျှောက်သွား သည်လျှောက်သွား



ပြည်မြို့ရှိ ဘုရားကြီးဘုရား

လုပ်ချင်လို့ဖြစ်ပါသည်။ ပြည်မြို့မှာ သစ္စာပန်းစိုက်သော ဦးစိုးမင်း၊ တရားရုံးချုပ်ရှေ့နေကြီး ဦးမောင်မောင်အုန်း၊ ဂျာနယ်တွေဖြန့်ချိသော ဦးကြည်စိုးတို့လို ကျွန်တော်၏ ချစ်မိတ်ဆွေများလည်း ရှိနေခဲ့သည်လေ။

ပြည်မြို့သည် ပဲခူးတိုင်းအနောက်ဘက်ခြမ်း၏ မြောက်ဘက်တိမ်းတိမ်းမှာ တည်ရှိသည်။ ပြည်မြို့၏ အနောက်ဘက်မှာ ကပ်လျက် ဧရာဝတီမြစ်ကြီးက စီးဆင်းနေသည်။ ဧရာဝတီမြစ်က ပြည်မြို့ကို ထမ်းရွက်ထားသည်။ ပြည်မြို့သည် ကုန်စည်ဖလှယ်ရာမြို့ဖြစ်သည်။ လူတွေ အကူးအပြောင်းလုပ်ရာ transit မြို့ဖြစ်သည်။ ပြည်မြို့သည် ကားလမ်း၊ ရေလမ်းဆုံရာ junction ဆန်ဆန် မြို့ဖြစ်သည်။ ထက်အောက်စုန်ဆန်ရန် လွယ်ကူ၏။ ပြည်မြို့၏ အရှေ့ဘက်မှာ သစ်ဝါးထွက်သော ပဲခူးရိုးမ တည်ရှိသည်။ ပြည်မြို့၏ အနောက်ဘက်မှာ သစ်ဝါး၊ ဆန်စပါး၊ ပင်လယ်ထွက်ပစ္စည်း၊ သစ်တော်ထွက်ပစ္စည်းများ ကိန်းအောင်းရှင်သန်ရာ ရခိုင်ရိုးမ၊ ရခိုင်ပြည်နယ်ရှိနေပြန်ပါသည်။ ပဲခူးရိုးမနှင့် ရခိုင်ရိုးမကြားမှာတည်ရှိသော ပြည်မြို့မှာ ပွဲနွေးလှပပြီး ခေတ်မီသပ်ရပ်သည်။ ရန်ကုန်-ပြည် ကားလမ်းမှာ အထူးကောင်းမွန်သည်။

ပြည်မြို့၏ မူလသွေးသားဟောင်းမှာ သရေခေတ္တရာမြို့ဖြစ်ပါသည်။ ပြည်မြို့၏ အရှေ့ကိုးမိုင်ခန့်မှာ တည်ရှိသည်။ ဗုဒ္ဓဘောင်မင်း စတင်စိုးစံခဲ့၏။

ပျူလူမျိုးများ နေထိုင်ခဲ့၏။ မြို့တော်ဟောင်း၏ မူလအမည်မှာ ရှရိခေတ္တရဖြစ်ပါသည်။ သီရိခေတ္တရာ၊ သရေခေတ္တရာဟူ၍ ရွေ့လျားပြောင်းလဲခေါ်ဝေါ်လာပါသည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသောမြို့ဟု ဖွင့်ဆိုနိုင်၏။

( ၂ )

ရွှေဆံတော်ဘုရားမှာ
ခြသေ့ံရုပ်ဟာ ထိုင်နေတယ်။
သင်ဟာ ကမ္ဘာထဲမှာ
ဂျပန်ချယ်ရီ
နှင်းဆီရောင် မာဇဒါ၊ ဧရာဝတီည
ဆစ်ဒ်နီဂျုံခင်း၊ စပရင်းရာသီ
အီတလီအပျိုမနဲ့ ...တို့သာ ရှိစေချင်ရင်
သင် ငါ ပြောသလိုလုပ်ပါ။

ရေတံသီးဟာ သကြားလုံးမဟုတ်ပါဟု အမည်ရသော ပြည့်မြို့သားကဗျာဆရာ သုခမိန်လှိုင်၏ အထက်ပါကဗျာလေးကို ကျွန်တော် ရွတ်ဆိုနေမိသည်။



နေဝင်ချိန် ဧရာဝတီမြစ်၏လှမ်းမောဖွယ်ရှုခင်း



ပြည်ရွှေဆံတော်စေတီမြတ်

ပြည်မြို့သို့ရောက်သည်နှင့် ပြည်မြို့၏ အဓိကရ ရွှေဆံတော်စေတီမြတ်ကို ဦးခိုက်ပါသည်။ ရွှေဆံတော်စေတီမြတ်သည် ရွှေရောင်ဝင်းဝါပြီး အလွန်သပ္ပာယ်လှပါသည်။ ကြီးမားခံ့ထည်သော ခြင်္သေ့ကြီးနှစ်ကောင်မှာ ရွှေဆံတော်ဘုရား၏ ခြေတော်ရင်းမှာ တည်ရှိပါ၏။ ခြင်္သေ့ထီး၏ပါးစပ်ထဲမှာ ကျားတစ်ကောင်၊ ခြင်္သေ့မ၏ ပါးစပ်ထဲမှာ သမင်တစ်ကောင်။ ရွှေဆံတော်ဘုရား၏ ရင်ပြင်တော်ကနေ အနောက်ဘက်ကို လှမ်းမျှော်ကြည့်ရာ ဧရာဝတီကိုမြင်ရသည်။ တောင်တန်းညိုညိုမှောင်မှောင်ကိုလည်း တွေ့ရသည်။ ကျွန်တော်သည် လွမ်းသလို ဆွေးသလို ခံစားရသည်။ ရခိုင်ရိုးမ၏ အရိပ်အောက်မှာ ဧရာဝတီသည် စီးဆင်းနေပါ၏။ မြောက်လေကိုဆန်ပြီး ပျံသန်းနေသော ငှက်ကလေးရေ ... ပင်ပန်းခဲ့ပြီလားကွယ်။ အမေ ... ကျွန်တော်တို့မှာ ညီအစ်ကိုများစွာရှိတယ်။ အမေ နိမ့်ကျနေချိန်မှာ ကျွန်တော်တို့ စိတ်မပျက်ပါ။ ကျွန်တော်သည် ကိုခင်ဝမ်း၏ 'အမေ'သီချင်းကို သတိရမိသည်။ ဆိုမိသည်။

ပြည်မြို့သည် သီချင်းမြို့၊ ကဗျာမြို့၊ ပန်းချီမြို့၊ အနုပညာမြို့ ဖြစ်ပါသည်။ ပတ္တမြားရောင်သစ္စာပန်းများ၏ မြို့ဖြစ်ပါသည်။ ခရမ်းရင့်ရောင်သြဇာသီးများ၏ မြို့ဖြစ်ပါသည်။ ကုန်သည်ပွဲစားကြီးများ၏ မြို့၊ ဆီစက်ပိုင်ရှင်ကြီးများ၏ မြို့၊ မြို့လယ်လမ်းမှာ အီလက်ရွှန်းနစ်ပစ္စည်းတွေနှင့် စည်းကားသိုက်မြိုက်သော မြို့ ဖြစ်ပါသည်။ ပွဲရုံတန်းမှာ ဆန်ပွဲရုံကြီးတွေ၊ ပဲပွဲရုံကြီးတွေ ထိဆက်နေသော မြို့ဖြစ်ပါသည်။ ဈေးမှာ အာလူး၊ ကြက်သွန်တွေကို ပုံတိုက်အောတိုက်တွေ့ရပြီး ရွှေဆိုင်ကြီးတွေကိုလည်း တွေ့ရသည်။ အဝေးပြေးမှန်လုံကားကြီးတွေက မြို့ထဲသို့ ဝင်လာလိုက်၊ မြို့ထဲက ထွက်သွားလိုက်နှင့်။ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်မှာ မည်သူ၏မျက်နှာကိုမှ လိုက်ကြည့်မနေပါ။

"ဟိုးရှေးပထမက ပျူလူမျိုးတွေ နေထိုင်ခဲ့လို့ ပြည်မြို့ကို ပျူမြို့လို့ ခေါ်ခဲ့ဖူးတယ်။ မြို့အင်္ဂါရပ်နဲ့အညီ စနစ်တကျတည်ဆောက်ခဲ့တာဟာ ပုဂံခေတ် သီဟသူမင်းလက်ထက်က စလို့ပါ"

ထိုသို့ ပြည်မြို့၏ ဒေသခံတစ်ဦးက ပြောပြသည်။ ပြည်မြို့သည် ဆိတ်ရှင် မြို့ဖြစ်ခဲ့ဖူး၏။ ပြည်မြို့သည် ဆန်ရေစပါးတောင့်တင်းသော မြို့ဖြစ်သည်။ ဘူးစိမ်းကြီးလက်ဖက်ခြောက်၊ ကျားပျံမကောက်၊ ကရဝိက်သက်န်းပရိက္ခရာကဲ့သို့ ဟိုးခေတ်ကပင် ဆိုင်ကြီးကနားကြီးတွေ ပေါ်ထွန်းခဲ့၏။ စီးပွားရေးတောင့်တင်းသည်နှင့်အမျှ ဘာသာသာသနာ ထွန်းကားသည်။ ပြည်မြို့၏ နိစ္စဓူဝ ဆွမ်းလောင်း



ပြည်မြို့လယ်တစ်နေရာ



ပြည်မြို့ ကမ်းနားလမ်း၊ ဧရာဝတီမြစ်နှင့် အကြော်ဆိုင်များ

သင်းကြီးတွေကလည်း မြို့၏ဂုဏ်ကို ဆောင်သည်။ ဂျာမန်၊ ပြင်သစ်လူမျိုးများ သရေခေတ္တရာမြို့ဟောင်းဆီသို့ စိတ်ဝင်တစားလာကြည့်ကြသည်။ 'နှုတ်ဆက်ခဲ့ပါတယ်။ ကျွန်တော်သွားတော့မယ် ... လမ်းရဲ့ ...'။

(၃)

'ပြည်'
လဝန်းထဲ
ပွဲကြည့်လှေကလေး လှော်ခတ်ဝင်သွား
လမ်းရှေ့မှာသူ မြစ်
နှစ်ထပ်သဘော် မြို့ကလေးပေါ်
နားခဲ့ပေါ့။

ပြည်မြို့သား ကဗျာဆရာ မောင်ချောနွယ်က လသာညတစ်ညမှာ ဧရာဝတီမြစ်ပြင်ပေါ်က မြင်ရသောသူ၏ ပြည်မြို့ကို ကဗျာတိုလေးနှင့် တိုင်းကျော်ပြည်ကျော် ကဗျာဖွဲ့ဆိုဖူးသည်။ ဧရာဝတီ အနောက်ဘက်တောင်တန်းပေါ်က မကျည်းစုရွာ ဘုရားပွဲညက အပြန်မှာ ဖွဲ့လိုက်ခြင်းဖြစ်မည်ဟု ဟိုတုန်းက သူ ကျွန်တော့်ကို ပြောပြဖူး၏။

"မင်းကြီးတောင်ပေါ်က လျှပ်စစ်မီးသီးပွင့်တွေရယ်၊ အောက်က ပြည်မြို့ဆီက လျှပ်စစ်မီးပွင့်တွေရယ် ပေါင်းစပ်ဖွဲ့စည်းလိုက်တော့ ပြည်မြို့ဟာ နှစ်ထပ်သဘော်ာမြို့ကလေးနဲ့ တူနေတယ်"

ဟု သူက ပြောပြဖူး၏။

ပြည်မြို့၏ ကမ်းနားလမ်းပေါ်မှာ ကျွန်တော် လမ်းလျှောက်နေသည်။ ပွဲစားတန်းနှင့်တည့်တည့် ပွဲစားတန်းဆိပ်ကမ်းမှာ ကျွန်တော် ရပ်တံ့ငေးမော၏။ ပွဲထောင်တွေ ထိုးစိုက်သည်။ ကုန်စည်တွေ ချကြသည်။ ကမ်းပေါ်၊ ကုန်းမြင့်ပေါ်သို့ ကုန်စည်တွေ သယ်ပိုးတင်မကြ၏။ နံနက်ခင်းနေရောင်အောက်မှာ လှိုင်းကြက်ခွပ်လေးများဖြင့် လှုပနေသော ဧရာဝတီသည် အလုပ်လုပ်ကာ စီးဆင်းနေသော ဧရာဝတီဖြစ်ပါသည်။ ဧရာဝတီသည် စားနပ်ရိက္ခာများ၊ ကုန်စည်များ သယ်ဆောင်လာခဲ့၏။ **ပြည်မြို့သည် ဧရာဝတီ၏စောင့်ရှောက်မှုကို ခံစားရသော မြို့ဖြစ်၏။**

မြန်မာတိုင်းမ်ဂျာနယ် (ဇွန် ၂၉ - ဇူလိုင် ၅၊ ၂၀၀၇)

❑

ပန်းချီဆရာတစ်ဦးကိုဖွဲ့ဆိုခြင်း

( ၁ )

မန္တလေးမြို့လယ်ကောင်နဲ့ အလှမ်းနည်းနည်းလေးဝေးကွာတဲ့ ပန်းချီစတူဒီယိုထဲမှာဖြစ်ပါတယ်။ သူဟာ ဘိုဟီးမီးယန်း (Bohemian) တစ်ဦးလို ဆံပင်ရှည်ရှည်ဒီဇိုင်းနဲ့ပါ။ သူ့ရဲ့ တစ်ကိုယ်တော်ကေစာရီဘဝဟာ ဒီပန်းချီစတူဒီယိုထဲမှာ သူတော်စင်လို တရားဘာဝနာရှုမှတ်နေမယ်လို့တော့ ကျွန်တော် မယုံကြည်ဘူး။

ကမ္ဘာပေါ်မှာ ကျောဘွတ်ရှိ မရှိသလို၊ ကမ္ဘာပေါ်မှာ စိရော်နယ်ဒို မရှိသလို၊ ဘယ်သူဘယ်ဝါ ဘယ်အရာမှ မရှိသလို သူခံစားနေရဲ့။ အနုပညာရဲ့အနံ့ကို သူရနေတယ်။ သူ့ခွေးနဲ့ သူ စကားပြောနေတယ်။ သူ ဖွဲ့စည်းနေတယ်။ သူ 'ဖြစ်' နေတယ်။ သူ့အနုပညာကို သူမျှားနေတယ်။ သူ့ခွေးရဲ့ကျောကို သူပွတ်သပ်လို့။ သူ သီချင်းအော်ဆိုတယ်။ သူ့စတူဒီယိုထဲမှာ သူ လမ်းလျှောက်တယ်။

ဖြုန်းဆို သူ ထိုင်ချလိုက်ရဲ့။

ခံဆေးအထပ်ထပ်သုတ်လိမ်းထားတဲ့ ဘောင်ကြက်ပြီးသား ကင်းဗတ်စ်အဖြူသားကြီးရှေ့မှောက်မှာ သူ သီချင်းမဆိုတော့ဘူး။ သူ မရယ်မောတော့ဘူး။ ခုံလေးပေါ်မှာ ထိုင်လို့။ သူ သမာဓိကို သူ စုစည်းနေရဲ့။

သူ့စုတ်တံအပြားကြီး ကိုင်တယ်။ No.350 အခရစ်လစ်အပြာဘူးထဲ သူ့စုတ်တံကြီး နှစ်စိမ်လိုက်ပါတယ်။ ကင်းဗတ်စ်အဖြူလွှင်ပြင်ပေါ်မှာ သူ့စုတ်ချက်အပြာတွေကို အလွန်လျှင်မြန်ဖျတ်လတ်စွာ တင်လိုက်ပါတယ်။ အပြာနုနုကို သူ့နှလုံးသားနဲ့ ဆက်သွယ်လိုက်ပြီ။

ဖျတ်ခနဲ ဖျတ်ခနဲ ဆေးသားအပြာတွေ ကင်းဗတ်စ်ပေါ် သူထပ်တင်နေတယ်။ သူ့စိတ်လှုပ်ရှားမှုအတိုင်း သူ့စုတ်ချက်တွေ စီးဆင်းနေပါတယ်။ သူ့ရဲ့ concept၊ သူ့ရဲ့ အိပ်မက်၊ သူ့ကြံစည်မှု၊ သူ့အတွေး၊ သူ့ကြည်လင်မှု အပြာနုနုတွေကို ကင်းဗတ်စ်ပေါ်မှာ သူ တင်နေတယ်။ နောက်ထပ် စုတ်တံတစ်ချောင်းကို အခရစ်လစ်အဖြူဘူးထဲ နှစ်လိုက်ပြန်တယ်။ ကင်းဗတ်စ်ပေါ်မှာ အဖြူအပြာ



တွေ သူရောနှောဖြန့်ချလိုက်ပြီ။ ပန်းချီကားပေါ်က အခြေအနေတွေက သူ့စုတ်ချက်ကို မြူဆွယ်သိမ်းသွင်းသွားပြီလား။ သူ့ Speed က မြန်လွန်းလှပါဘိ။ သူ့ brushworks က မြန်လွန်းလှပါဘိ။ ဆယ်မိနစ်အတွင်းမှာ သူ့ရဲ့ ပန်းချီကားဟာ ဖြည့်စရာမလိုအောင် ပြီးစီးသွားပါတယ်။ ချိန်ကိုက်ဗုံးကို သူခွဲချလိုက်ပြီးပြီ။ သူက သူမဟုတ်သလို အေးအေးလူလူ မျက်နှာနဲ့။

Artist က သူ့နာမည်ကို သူ ရေးရဲ့။

**Myo Khin ....** တဲ့။

( ၂ )

ပန်းချီဆရာဟာ ကူ့ဗ္ဗာပေါ်မှာ ရှင်းလင်းခြင်းနဲ့ ကြည်လင်ခြင်းကို တွေ့သွားခဲ့ပါပြီ။ သူ့ရင်ခွင်မှာ သူ့ဘဝင်မှာ အရောင်တွေ ရုန်းရင်းဆန်ခတ်ဖြစ်တာနဲ့၊ Colour တွေ လှုပ်ရှားဗလောင်ဆူတာနဲ့ သူ ပန်းချီကားအသစ်တစ်ကားဆွဲဖို့ ဆုံးဖြတ်ချက်ချတော့တာပဲ။ သူ့ပုံစံက အားကောင်းမောင်းသန်ဖြစ်ပေမဲ့ သူ့ပန်းချီကားကတော့ ငြိမ်သက်အေးမြလို့။ ငြိမ်းချမ်းလိုက်တာ။ ဘဝရဲ့ကမောက်ကမ နှစ်ကာလအချို့ကို သူ ရင်ဆိုင်ကျော်ဖြတ်ခဲ့ပြီလား။ မုန်တိုင်းဟာ ငြိမ်ကျသွားပြီလား။ သူ့ပန်းချီကားက အေးချမ်းနေတယ်။

သူ့ပန်းချီကားဈေးကွက်က တရုတ်ပြည်မှာ ဈေးကွက်ရဲ့တောင်းဆိုမှုတွေ သူ ရနေတယ်။ သူ့ရဲ့ပန်းချီအပေါ် ရူးသွပ်မှု၊ မအိပ်မနေမိုးလင်းပေါက် ပန်းချီကားတွေ ဆွဲခဲ့မှုကို သူ ခံစားနေရပြီ။ သူဟာ အသက်ကြီးမှ ပန်းချီစဆွဲသူ ဖြစ်သော်

လည်း ပါးနပ်လျင်မြန်မှုနဲ့ သူ့အကျိုးပေးမှု၊ သူ့ထိုးဖောက်စွမ်းအားနဲ့ ပန်းချီအနုပညာအပေါ် ခံစားနားလည်နိုင်မှုတွေဟာ သူ့ကို မြန်မြန် artist ဖြစ်စေခဲ့တယ်။

လူတစ်ယောက် ပန်းချီဆွဲချင်ပြီဆိုပါစို့။ အသက်ကြီးမှ ပန်းချီဆွဲချင်သူဟာ ပန်းချီကျောင်းတက်နေဖို့လည်း အချိန်က မရှိတော့။ ပန်းချီဆွဲခွင့်တော့ သူ့မှာရှိနေရမှာပဲ။ ကင်းဗတ်စ်နဲ့ ဆေးဝယ်ပြီးတော့ စိတ်ထဲရှိတာ ဆွဲချလိုက်စမ်းပါ။ **သူ့ကို ပန်းချီဆရာကြီး ဦးထွန်းစိန်နဲ့ ဒေါက်တာကိုကိုကြီးတို့က အားပေးခဲ့ရဲ့။ သို့သော် မျိုးခင်ဖြစ်ဖို့ မျိုးခင်မှာသာ တာဝန်ရှိပါတယ်။ မျိုးခင်ဖြစ်အောင် မျိုးခင်လုပ်ခဲ့တယ်။** သူဟာ Abstract Expressionism ပန်းချီကားများပေါ်မှာ တိမ်းမူးတတ်ဟန်ရှိတယ်။

**"တစ်ခုတော့ရှိတယ်။ ဘယ် ideology ရဲ့အောက်မှာမှ မနေချင်ဘူး။ ဘယ်သူ့ရဲ့ ဩဇာလွှမ်းမိုးမှုမျိုးမှ ကိုယ်မခံယူဘူး။ ကိုယ့်လမ်း ကိုယ်ထွင်၊ ကိုယ့်ခရီး ကိုယ်နှင်မယ်"**



ဦးမျိုးခင်၏ပန်းချီကား

သူက သူ့ယုံကြည်ဆုပ်ကိုင်မှုကို ပြောပြရဲ့။

( ၃ )

အရောင်တွေမှာ ထူးဆန်းတဲ့ မှော်ဆွမ်းအင်တွေရှိနေတယ်။ သူနဲ့အရောင်တွေ လူမသိအောင် တိတ်တဆိတ်ဆက်သွယ်ကြတယ်။ အရောင်တွေနဲ့ ကစားရင်း အရောင်တွေအပေါ် သူ နားလည်မှုပိုရှိလာတယ်။ ထူးဆန်းတဲ့အရောင်တွေထဲမှာ မိုးတဝါးဖြစ်ပွားမှုတွေ ရှိတယ်။ အရောင်တွေထဲမှာ လှိုင်းလေထန်ပြင်းတဲ့အသံတွေရှိတယ်။ ပျော့ရှင်ဆွဲညံ့တဲ့ အသံတွေလည်း ရှိတယ်။ ဒါတွေကို သူ ဖမ်းဆုပ်တတ်ခဲ့ပြီ။

သူ့အယူအဆကို ကိုယ်စားပြုတဲ့ Move together ပန်းချီကားကြီးကို သူ ဆွဲရဲ့။

**Move together.**

ကျွန်တော်တို့ အတူတူချီတက်ကြမယ်။

ပူနွေးတဲ့လက်တွေ ဆုပ်ကိုင်ထားကြ။

ရင်ဘတ်တွေ ညှိယူကြမယ်။

ကျွန်တော်တို့ နှလုံးသွေးတွေ ခုန်နေကြတယ်။

ချစ်ခြင်း၊ ခင်ခြင်း၊ ယုံကြည်ခြင်းများ၊ ဆပွားသစ်သစ် ...။

ကျွန်တော်တို့ရဲ့ ချစ်ခြင်းအနှစ်သာရဟာ ခိုင်မာပြီး အမိပွာယ်ရှိနေကြမယ်။

လူတစ်ဦးစီလူတစ်ဦးစီရဲ့ အရည်အသွေးတွေဟာ တောက်ပကွဲအက်လို့။

ဒါပေမဲ့ မင်းတစ်ယောက်တည်း မဟုတ်ဘူး။ ခင်ဗျားတစ်ယောက်တည်း မဟုတ်ဘူး။ ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူး။ အားလုံး အတူတူသွားကြတယ်။

ပေကျင်းကို သွားမလား။

နယူးယောခ်ကို သွားမလား။

လီမာပူးကို သွားမလား။

ဆန်ဖရန်စစ္စကို ကိုသွားမလား။

'လ' ဆီ သွားမလား။

ကောင်းကင်သစ်ဆီ သွားမလား။

ကမ္ဘာအသစ်ဆီ သွားမလား။



ဦးမျိုးခင်၏လက်ရာပန်းချီကား

မင်းတစ်ယောက်တည်း မဟုတ်ဘူး။

အားလုံး အတူတူသွားကြမယ်။

- ပန်းသီးပေါ်များ၊ ဂျုံပေါ်များ၊ စပါးပေါ်များ၊ စပျစ်ပိုင်ပေါ်များ၊ colours ပေါ်များရာဒေသဆီသို့ ကျွန်တော်တို့ အတူတူသွားကြမယ်။ မန္တလေးက ခေတ်ပြိုင်ပန်းချီဆရာ Artist Myo Khin ရဲ့ ပန်းချီကားတွေကို ကျွန်တော် အဲဒီလို ခံစားရရဲ့။

ကျွန်ုပ်တို့ အတူတူသွားကြစို့။

New Products တွေ၊ အိပ်မက်အသစ်တွေ၊ စိတ်ကူးအသစ်တွေ၊ နောက်ဆုံးတွေ့ရှိချက်အသစ်တွေ၊ သတင်းအသစ်တွေ၊ အနုပညာအသစ်တွေနဲ့ ကျွန်တော်တို့ အတူတူ သွားကြစို့။ **မောင်ကိုကိုလည်း အတူတူလိုက်ချင်ပါတယ်။**

*မြန်မာတိုင်းမ်ဂျာနယ် (ဇက်တင်ဘာ ၁၄–၂၀၊ ၂၀၀၇)*

❑

မြတ်မြို့ရဲ့ဂျစ်ပစီ

ကျွန်တော်သည် ရက်အနည်းငယ်မျှ မြိတ်မြို့၏ ဂျစ်ပစီတစ်ဦး ဖြစ်နေပါသည်။ ပင်လယ်ဂျစ်ပစီမဟုတ်ပါ။ မြိတ်မြို့၏ ကုန်းပေါ်ဂျစ်ပစီဖြစ်ပါသည်။ ဝတ်စုံနှစ်စုံမျှသာ ယူဆောင်လာသည်။ ထီးမဆောင်း၊ ဦးထုပ်မဆောင်း၊ မိုးရွာအစို၊ နေပူအခြောက် ကျွန်တော် လျှောက်သွား၏။ ဆိုင်ကယ်တက္ကစီတွေလည်း အလီလီအရုံးရုံး စီးသည်။

ဆိပ်ငယ်ဗောဓိတထားရှေ့နှင့် နာရီစင်လမ်းတစ်လျှောက်မှာ ဒူးရင်းသီးတွေ ထိုင်စားသည်။ မြိတ်မြို့ဈေးအပြင်တန်းမှာ ရွှေဆိုင်တွေများသည်။ သစ်သီးမျိုးစုံပုံအောရောင်းသော သစ်သီးဆိုင်တွေကလည်း ဈေးကြီး၏။ အပြင်ဘက်မှာ ဖြစ်ပါသည်။ ထိုင်းပန်းသီးတွေက နီရဲနေ၏။ ကျွန်တော်ကတော့ ဒူးရင်းသီးကို ရောင်းသည့်နေရာမှာပဲ ခွဲပြီး ထိုင်စား၏။ ဝယ်သူတွေက ဒူးရင်းသီးကို တုတ်သေးသေးလေးနှင့် ရိုက်ကြည့်လိုက်၊ လှုပ်ခါကြည့်လိုက်နှင့် အသားပြည့်လား၊ အစေ့သေးရဲ့လား စမ်းသပ်ပြီးမှ ဝယ်ကြသည်။ ကျွန်တော်ကတော့ ဆူးကျဲကျဲ၊ ဆူးတုတ်တုတ်၊ အသီးဝင်းတာကို ခွဲစားသည်။

"ဒူးရင်းသီးအဆိပ်ပြင်းရင် နည်းနည်းခါးသက်တယ်။ ကျွန်းစုပေါ်က ဒူးရင်းခြံတိုင်းမှာ စားအကောင်းဆုံး ဒူးရင်းပင်တစ်ပင်ပါတတ်တယ်။ အဲဒီအပင်ရဲ့ အသီးက မြို့ပေါ်မရောက်တော့ဘူးဗျ။ ဒူးရင်းသီးကို ဒူးရင်းခြံထဲက ဒူးရင်းပင်အောက်မှာ ထိုင်စားရတာ အရသာအရှိဆုံးပါပဲ။ ကျွန်တော့်အစ်ကိုဗျာ . . . ဒူးရင်းခြံထဲ ဒူးရင်းသီးတစ်လုံး ကျွန်းအကောက်မှာ သူ့ခေါင်းပေါ် ဒူးရင်းသီးတစ်လုံး ပြုတ်ကျလာတယ်။ ဆေးရုံတင်ရတယ်ဗျ။ မိုးရွာရင် ဒူးရင်းသီးတွေက တဖြုတ်ဖြုတ် ကြွေတော့တာပဲ။ မိုးတွင်းမှာ ဒူးရင်းသီးလှိုင်ပြီ မှတ်ပေတော့"

မြိတ်ကျွန်းစုတစ်ခုမှ စက်လှေနှင့် ဒူးရင်းသီးအပြည့် သယ်ဆောင်လာခဲ့သူတစ်ဦးက ကျွန်တော့်ကို ပြောပြသည်။ ကျွန်တော်သည် အဆိပ်ပြင်းသော ရှာလွှန်စတုန်းနှင့် ချစ်ရသလို အဆိပ်ပြင်းပြင်းဒူးရင်းသီးကို ချစ်ရှုမှက်ဖြင့် စားနေပါသည်။ ကျွန်တော့်ကို မသိကြသော မြိတ်မြို့မှာ ဒူးရင်းသီးကို ယောဒီလို ပယ်ပယ်နယ်နယ်




မြိတ်မြို့လယ်ရှိ ခြသေ့ပုံ

ထိုင်စားရတာ အင်မတန်အရသာရှိပါသည်။ လူမသိသူမသိ လျှို့ဝှက်စွာစားရတာ ကျေနပ်နေ၏။

မြိတ်မြို့၏ ပြည်တော်သာဆိပ်ကမ်း ကျောက်တံတားကို ၁၉၅၃ ခုနှစ်၊ မေလ ၆ ရက်တွင် ဝန်ကြီးချုပ်ဟောင်း ဦးနုကိုယ်တိုင် အုတ်မြစ်ချခဲ့သည်ဟု ကျောက်စာကမ္ဗည်းရေးထိုးထားတာ ကျွန်တော် ဖတ်ရသည်။ မေရီပွိုက် ခေါ် မေရီပိုဗေး၏ ဘဝလွှမ်းမြောက်ခြင်းကျောက်စာသည် ခဝါသည်၏ အဝတ်လျှော် ကျောက်ပြားဘဝမှ ဤနေရာတစ်ဝိုက်၌ ရေအိုးစင်လေးအဖြစ် လောကအကျိုး ဆောင်ရွက်မှုကြောင်း ဒေသခံတွေပြောပြလို့ ကျွန်တော် သိရသည်။

မြိတ်မြို့၏ လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်ကို ဆောင်ခြယ်ထားသော ခြသေ့သုံးကောင်က ဗိုင်းရုံစောင့်ရှောက်ထား၏။ ဗိုလ်ချုပ်လမ်းနှင့် ဆိပ်ငယ် လမ်းထောင့်မှာ ရှိပါသည်။ တနင်္သာရီမြို့ ချောင်းငယ်ဘက်မှ ခေါ်ယူလာပြီး နေရာချထားရာအရပ်ကို ဆိပ်ငယ်ရပ်ဟု ခေါ်တွင်ခဲ့၏။ ကသည်းလူမျိုးတွေ



မြိတ်မြို့မှ ပင်လယ်ဓါးအလှ

ဆိပ်ငယ်ရပ်မှာ နေခဲ့ဖူးသည်ဟု မြိတ်ရာဇဝင်သမိုင်းက ဆို၏။ ထားဝယ်မှ ယူလာ၍ နေရာချထားသော နေရာကို ထားဝယ်စုအရပ်ဟုခေါ်၏။

ကဗျာဆရာ ရှယ်လီက ပင်လယ်ကို ချစ်သည်။ ကျွန်တော်က ဝုန်းဒိုင်းကြဲသော ပင်လယ်ကို ကြောက်သည်။ ပင်လယ်ကြောက်သူတစ်ဦးနှင့် မြိတ်မြို့ပေါ်မှာ ဆုံရ၏။

"ကျွန်တော်က တစ်ချိန်တုန်းက ကော့သောင်းနဲ့ မြိတ်ကို စက်လှေနဲ့ ကုန်ကူးခဲ့တာဗျာ။ နိုးရှေ့ဆိုတော့ ပင်လယ်ကို ညကြီးမှာ ဖြတ်ရတာ။ ကော့သောင်းကနေ မြိတ်ကိုလာတဲ့ တစ်ညမှာတော့ မိုးသက်လေပြင်းတွေကကျ၊ စက်လှေမောင်းသူကလည်း အိပ်ငိုက်နေချိန်ကြုံပြီး ကျွန်တော်တို့စီးလာတဲ့ စက်လှေ ပင်လယ်ထဲ နစ်မြုပ်မှာလေရောဗျို့။ ကျွန်တော့်အိတ်ထဲမှာ ပိုက်ဆံတွေကလည်း အပြည့်ဗျ။ ကျွန်တော်နဲ့ ကျွန်တော့သူငယ်ချင်းဟာ စည်ပိုင်းတစ်လုံးဖက်တွယ်ပြီး ပင်လယ်ထဲ မျောနေတာဗျို့။ မိုးကြိုးတွေကလည်း ပစ်၊ လျှပ်စီးတွေကလည်း လက်၊ ပင်လယ်ကြီးကလည်း နက်မှောင်နေတာပဲ။ မိန်းမရေ ... ငါသေပြီဟော့လို့ ပင်လယ်ထဲကနေ လှမ်းအော်ပြောပစ်ခဲ့တယ်။ နောက်တော့ ကံကောင်းချင်တော့ ငါးဖမ်းစက်လှေက ကယ်တင်သွားခဲ့လို့ အခုလို ဆိုင်ကယ်တက္ကစီ မောင်းနေနိုင်တာဗျ။ ကျွန်တော်က မြိတ်သားမဟုတ်ဘူး။ ရန်ကုန်က။ မြိတ်မှာ ကုန်းပေါ်လုပ်စားကြည့်တာ မိုးသံလေသံကြားရင်တော့ ပင်လယ်ကြီးကိုပြေးမြင်ပြီး အသားတွေ တဆတ်ဆတ် တုန်လာတတ်သေးတယ်။ အဲဒီလိုကို ပင်လယ်ကိုကြောက်တာ"


သူ့အပြောကြောင့် ကျွန်တော် ပင်လယ်ကို ပိုဖြူမိ၏။ မြိတ်မြို့၏ ကရာဇီလမ်းဆုံမှာ တွေ့ခဲ့ရသော မြိတ်ကျွန်းစုသားတစ်ဦးကတော့ ပင်လယ်ကို ဖွင့်ဆိုရာမှာ တစ်မျိုးပင်ဖြစ်သည်။

"ပင်လယ်ဟာ ရန်သူနှစ်ဦးကိုတောင် ပြန်လည်သင့်မြတ်စေတာလေဗျာ။ ခါးခါးသီးသီးမုန်းတီးနေတဲ့ ရန်သူနှစ်ဦးကို စက်လှေထဲထည့်ပြီး လှိုင်းလေထန်ပြင်းနေတဲ့ ပင်လယ်ထဲ လွှတ်လိုက်စမ်းပါ။ သူတို့နှစ်ဦး ညီအစ်ကိုအရင်းလို ချစ်သွားလိမ့်မယ်။ ကူညီရိုင်းပင်ပြီး အသက်ကိုရှင်အောင် ရွေးရတယ်ဆိုတာ နားလည်သွားလိမ့်မယ်"

သူ၏ပင်လယ်အဘိဓမ္မာကို ကျွန်တော် စိတ်ဝင်စားအလေးအနက်ထားမိပါသည်။ **ပင်လယ်သည် ရန်သူနှစ်ဦးကို ချစ်သွားစေ၏။ အမုန်းကို အချစ်ဖြစ်စေ၏။**

ပင်လယ်ဂျစ်ပစီတို့၏အကြောင်းကို National Geographic စာအုပ်မှာ ကျွန်တော် ဖတ်ဖူးသည်။ သူတို့ လှေထွင်းတာ၊ မင်္ဂလာဆောင်တာ၊ နတ်ကိုးကွယ်တာတွေကို ဆောင်းပါးရှင်ကိုယ်တိုင် သွားရောက်လေ့လာရေးသားထားသည်။ မြိတ်မြို့မှာ ပင်လယ်ပျော် မော်ကင်းစာအုပ်နှင့် စာပေဗိမာန်စာမူဆုရသူ တက္ကသိုလ်ကိုလတ်ကို ကျွန်တော်သွားတွေ့ပြီး ဆလုံအကြောင်း မေးမြန်းကြည့်ပါသည်။

"ဆလုံတွေက ပုလဲငုပ်တယ်။ ငါးကြီးအန်ဖတ်ရှာတယ်။ ရေငုပ်သန်တယ်။ တောင်နံရံတွယ်ကပ်ပြီး ငှက်သိုက်လည်း ရှာနိုင်တယ်။ ဒီအဝတ်အစားနဲ့ပဲ မလေးရှား သွားတယ်။ ထိုင်းသွားတယ်။ ဘာလုပ်သလဲမေးရင် ရေငုပ်ဗုံးခွဲ အကုန်လုပ်တယ်လို့ ဖြေတယ်။ ရေအောက်မှာငုပ်ပြီး ဗုံးခွဲတာက ငါးဖမ်းနည်းတစ်မျိုးပေါ့ဗျာ။ ကျွန်တော်က ကော့သောင်းဘက်က ကျွန်းတစ်ကျွန်းကို ရောက်ဖူးတယ်"



ဒိမ်တော်ကြီးဘုရားနှင့် မြိတ်မြို့ဆိပ်ကမ်းသာ

ကော့သောင်းက ဘုရင့်နောင်အငူမှာ မတ်တတ်ရပ်ပြီး ရွှင်းတွေ ငေးမော ချင်သည်။ ဝတ္ထုတိုလှလှလေးတွေရေးတတ်သော ရဲဘုန်းခေါင်တိုက်သည့် ထိုင်း အရက်ကို ကော့သောင်းမြို့က စားသောက်ဆိုင်မှာ ကျွန်တော် သောက်ချင်သည်။ မြိတ်ကနေ ကော့သောင်းကို ဆိုင်ကယ်လေးစီးပြီး အေးအေးလူလူ သွားနေသူတွေ ရှိသည်။ ကျွန်တော်ကတော့ မြိတ်မြို့မှာ တစ်ကိုယ်တော် လေလွင့်နေပါသည်။ တစ်ကိုယ်တော် ... လေမှာ ... လွင့်ချင်တယ်။


မြိတ်မြို့ မြစ်ငယ်ကျောင်းလမ်းက နာမည်ကျော် မောင်ဝင်းစားသောက်ဆိုင် မှာ ငါးချိုချဉ်ကြော်၊ ပုစွန်အပွကြော်၊ ရှမ်းဟင်းချိုနှင့် ကျွန်တော် ထမင်းစားသည်။ နံနက်စောစောမှာဆို ဂျီနိုင်ဒူး (G NAI DU) တွင် ပဲထမင်းစားသည်။ ကြွေပန်းကန် ဖြူဖြူလုံးလုံးလေးထဲမှာ ထည့်ထားသော ကြက်သားဟင်းနှင့် ပလာတာစားသည်။ လက်ဖက်ရည်ကိုတော့ ဂုဏ်ရုပ်ရှင်ရုံလမ်းက စိန်ကဖေးမှာ သောက်ရတာ လုံလုံ ခြုံခြုံ နွေးနွေးထွေးထွေး ရှိလှ၏။ မြိတ်မြို့ ရုံးလမ်းက ခေတ်မီမီ ဗိုလ်ဆန်ဆန် စားသောက်ဆိုင်လေးမှာ အမေရိကန်ထမင်းကြော် သွားစားတတ်သည်။ အသား ကြော်၊ ကြက်ဥကြော်၊ သီဟိုဠ်စေ့၊ စပျစ်သီးခြောက်လေးတွေ ပါဝင်တော့ စားလို့ ကောင်းသည်။ အဲဒီဆိုင်မှာပဲ ပန်းသီး၊ နှင်းသီး၊ နာနတ်သီးတွေ အထူးပါဝင်သော နို့မပါသော သီးစုံအအေးကို သောက်ပါသည်။

မြိတ်ညဈေးက အရမ်းစည်ကားသည်။ ညစာကို မှောင်ရီရီ မြစ်ပြင်နှင့် မီးစိမ်းမီးနီလေးတွေ ထွန်းထားသော စက်လှေကြီးများကို ငေးရီရင်း ညဈေး ပေါ်က ပန်းအင်ကြင်း ထမင်းဆိုင်မှာစားသည်။ ကင်းမွန်ဟင်း၊ ပုစွန်ဟင်း၊ ပြောင်းဖူးကြော်၊ ငါးပိသုပ်ချဉ်ချဉ်စပ်စပ်လေးနှင့် စားဖြစ်တာများသည်။ ညီအစ်မ သုံးဖော်က ရောင်းသည်။ အသားဖြူဖြူမိန်းကလေးက ဘောင်းဘီရှည်ပွပွကို အမြဲ ဝတ်ဆင်ထားပြီး အငယ်ဆုံးကောင်မလေးက ဆံပင်တွေ တစ်ခေါင်းလုံးကောက် ထား၏။ ဖယ်ဆက်သလို အလုပ်လုပ်ကြသည်။ လဟာပြင်ဆိုင်ကလေးမှာ စားသုံး သူတွေအပြည့်ဖြစ်နေသည်။ ပန်းအင်ကြင်းမှာ ကျွန်တော်ထမင်းမြိန်တာ ပင်လယ် လေညင်းကလေးက သိနေပါသည်။

မြိတ်မြို့၏ တရားရုံးသည် သိမ်တော်ကြီး ဘုရားတက်ရာလမ်း တောင် ကုန်းမြင့်မြင့်လေးပေါ်မှာ ရှိပါသည်။ ထိုတရားရုံးရှေ့ တောင်ကမူစွန်းလေးပေါ်မှာ လက်ဖက်ရည်ဆိုင်သေးသေးလေးရှိသည်။ မြို့နှင့် မြစ်ကို မြစ်နှင့် တောင်တွေ ကို အပေါ်ပိုင်းမှ စီးမိုးမြင်ခွင့်ရနေသည်။ ရှေ့နေအဖြစ် အသက်မွေးကြသော မြိတ်မြို့၏ ကဗျာဆရာနှစ်ဦးမှာ တရားရုံးရှေ့ လက်ဖက်ရည်ဆိုင်လေးမှာ ကဗျာ



စစ်မဖြစ်ခင် မောရစ်ကောလစ် နေထိုင်ခဲ့ရာအိမ်
(၁၉၃၆ ခုနှစ်တွင် မောရစ်ကောလစ်နေထိုင်ရာနေအိမ်ကို ဝိုင်းရံလျက်
နယ်ချဲ့အင်္ဂလိပ်အစိုးရကို ဆန့်ကျင်သော ဆန္ဒပြပွဲ)



၁၉၅၇ ခုနှစ် စစ်ပြီးချိန်တွင် ပြန်လည်တည်ဆောက်ထားသော
မောရစ်ကောလစ်အိမ်နေရာဟောင်းမှ ရုံးအဆောက်အအုံ

စကားလုံးတွေ ပြောနေတတ်ကြ၏။ မော်ရစ်ကောလစ်နေခဲ့ဖူးသော အိမ်ကြီးနှင့် လမ်းကလေးသာ ခြားထား၏။

**"ပင်လယ်ပြင်ကြီး ရှိနေသမျှ ရှင်သန်ကြီးပွားလို့ရတယ်လို့ ယုံကြည်ထားတဲ့မြို့ဗျ။ ပညာရဲ့ အရေးပါအရာရောက်မှုကိုလည်း ခံစားတတ်လာကြပါတယ်"**

ကဗျာဆရာ၊ တရားရုံးချုပ်ရှေ့နေ ဦးလွင်အောင်က ထိုတောင်ကမူစွန်းလေးပေါ်က လက်ဖက်ရည်ဆိုင်လေးမှာ ကျွန်တော့်ကို ပြောပြ၏။ မြိတ်မြို့မှာ စီးပွားရေးလုပ်ငန်းရှင်တွေက ပင်လယ်ပြင်ကြီးတွင် အားကောင်းမောင်းသန် စီးပွားရှာနေကြသည်။ ကဗျာဆရာတွေက ပင်လယ်ကို ခံစားတွေးခေါ် ကဗျာဖွဲ့၏။

မြန်မာတိုင်းမ်ဂျာနယ် (ဇူလိုင် ၁၃–၁၉၊ ၂၀၀၇)

❑

# ဆရာတို့ဆီမှာ ပေါ်ဦးသက်လာသလား

မန္တလေးပန်းချီအနုပညာကျောင်းမှာ ပန်းချီသင်ဖို့ရောက်လာတဲ့ ကျောင်းသားသစ်လေး ကျွန်တော်ဟာ မန္တလေးမြေကိုခြေချတာနဲ့ ပန်းချီဆရာပေါ်ဦးသက်နဲ့ တွေ့လိုစိတ်ပြင်းထန်နေပါရဲ့။

ပေါ်ဦးသက်ဟာ မျက်နှာကြီးရှည်တယ်။ သွားကြီးတွေက အကြီးကြီးတွေ။ သူကိုယ်သူ မြင်းကြီးနဲ့ တူတယ်လို့ သူကိုယ်တိုင်ပြောပြတတ်သတဲ့။ ပေါ်ဦးသက်ဟာ သဘောကောင်းတယ်။ စကားကို အေးအေးဆေးဆေး ပြောတတ်တယ်။ သူ့သဘောကျတဲ့ ဟာသနဲ့များတွေ့ရင် တစ်ကိုယ်လုံးလှုပ်ပြီး တခွိခွိရယ်တော့တာပဲတဲ့။ အဲဒီပန်းချီဆရာရဲ့ လူ့ပုဂ္ဂိုလ်ဘဝကို ကျွန်တော် အရမ်းတွေ့ချင်တယ်။

ပေါ်ဦးသက်ဟာ တကယ်မြင်းကြီးနဲ့ တူသလား။ ဝတ်ရုံဖြူကြီးနဲ့ သူ့ရဲ့ self portrait ပန်းချီကားကို စာအုပ်ထဲမှာ တွေ့ဖူးတယ်။ ကျွန်တော်အရမ်းခိုက်တယ်။ ဒေါ်ဝင်းဝင်းမြင့်ပုံတူပန်းချီကားကို ကျွန်တော်ကြိုက်တယ်။ ခင်ခင်ဆွေထွန်းပုံတူပန်းချီကားကို ကျွန်တော်ကြိုက်တယ်။ Expecting Mother ဆီဆေးပန်းချီကားကို ကျွန်တော်ကြိုက်တယ်။ ကျွန်တော် ပန်းချီဆရာဖြစ်တဲ့ တစ်နေ့မှာ ပေါ်ဦးသက်ရဲ့ portrait ကို ဆွဲမယ်။

ကျွန်တော်တို့ရဲ့ ကျောင်းအုပ်ဆရာကြီး ပန်းချီဦးခင်မောင်စန်းအိမ်ကို ကျွန်တော်သွားတယ်။

"ပေါ်ဦးသစ်ကို မြင်ဖူးချင်တယ်ဆရာ။ မန္တလေးရောက်ရင် သူ့ကို ကျွန်တော် ပထမဆုံးတွေ့ရမှ ကျွန်တော့်အတွက် အဓိပ္ပာယ်ရှိမယ်။ ပန်းချီဆွဲချင်တဲ့ လူငယ်ဟာ သူကြိုက်တဲ့ပန်းချီဆရာကို လူကိုယ်တိုင် မြင်ဖူးတွေ့ဖူး ခံစားဖူးရမယ်။ အဲဒီလို ကျွန်တော်ယုံကြည်လို့ပါဆရာ"

ပန်းချီကျောင်းအုပ်ကြီး ဦးခင်မောင်စန်းဟာ သူ့အိမ်နဲ့တွဲထားတဲ့ စတူဒီယိုလေးထဲမှာ ရေဆေးပန်းချီကားဆွဲနေရင်းက ပြုံးပါတယ်။

"ငါ့တပည့်ရာ။ မင်း ပန်းချီဆရာပေါ်ဦးသက်ကို တစ်နေ့မှာ တွေ့လာရမှာပါ။ ဆရာတို့ ပန်းချီအနုပညာကျောင်းဟာ ကျောင်းက ပန်းချီနည်းပြဆရာတွေ

အပြင် ပြင်ပက ပန်းချီပညာရှင်တွေကိုလည်း ဖိတ်ခေါ်လေ့ရှိပါတယ်။ သူတို့က မင်းတို့ကို ဟောပြောပို့ချကြဦးမှာပါ။ ပန်းချီဆရာပေါ်ဦးသက်ရဲ့ ဆရာတွေက ဦးဘသက်နဲ့ ဦးခင်မောင်(ဘဏ်) ကွ။ ဦးခင်မောင်က မော်ဒန်ကွ။ ဒါ့ပြင် အမေရိကန်ပြည်ထောင်စုက Famous Artist School မှာလည်း ပန်းချီပညာကို စာပေးစာယူသင်လာခဲ့သေးတာ"

ကျွန်တော့်ဆရာဦးခင်မောင်စန်းရဲ့ စကားကို ကျွန်တော်ရိုရိုသေသေ နားထောင်နေပါတယ်။ ဒါပေမဲ့ ကျွန်တော်နားမထောင်ရင်လည်း ခွင့်လွှတ်ပါဆရာ။ ကျွန်တော်က ပေါ်ဦးသက်ကို တစ်နေ့လာနီး၊ တစ်နေ့လာနီးနဲ့ မစောင့်နိုင်တော့ဘူး။ ပန်းချီဆရာဖြစ်ချင်တဲ့ ကျွန်တော်ဟာ ပေါ်ဦးသက်ကိုမှ မတွေ့ရင် သေရပါတော့မယ်။ ပေါ်ဦးသက့် လက်ညှိုးလေးနဲ့ တို့ထိတာခံလိုက်ရရင် ကျွန်တော်ဟာ ချက်ချင်း ပန်းချီဆရာရဲ့ဝိညာဉ်ကို အသွင်းခံရမလို ခံစားနေရတယ်။

မန္တလေးမြို့၊ ၅၇ လမ်းက ဓာတ်ပုံဆရာကြီး အန်ကယ်ဦးချစ်ဝိန်ထံ ကျွန်တော်ပြေးပါတယ်။



ဦးချစ်ဝိန်ပုံတူရေးဆွဲနေသော ဆရာပေါ်ဦးသက်



ဆရာပေါ်ဦးသက် ရေးဆွဲထားသော ဆရာဦးချစ်ဝိန်ပုံတူ

"အန်ကယ်ကြီးဆီ ပန်းချီဆရာပေါ်ဦးသက်လာပါသလား"

ဦးချစ်ဝိန်ရဲ့ မျက်နှာဟာ ကင်မရာရဲ့ flash လို ဝင်းလက်သွားတယ်။

"အန်ကယ့်ဆီ သူလာတာ မဟုတ်ဘူးကွ။ အန်ကယ်ရဲ့ပုံတူ သူဆွဲတုန်းက အန်ကယ်က သူ့အိမ်မှာ သွားသွားထိုင်ပေးရတာ။ အန်ကယ်လာတာ စောင့်စောင့်ပြီး သူ ဆွဲရတာ"

ကျွန်တော်ဟာ ပေါ်ဦးသက် ဆွဲပေးထားတဲ့ ဦးချစ်ဝိန်ပုံတူ ပန်းချီကားကြီးကို ငေးမောနေမိတယ်။ အရမ်းအသက်ဝင်တာပဲ။ အန်ကယ်ဦးချစ်ဝိန်ရဲ့ အမျိုးသမီးက ကျွန်တော့်ရှေ့မှာ စတော်ဘယ်ရီရောင်ဖျော်ရည်အေးတစ်ခွက် လာချပေးပါတယ်။ ကျွန်တော်ဖျော်ရည်ကို သောက်ပြီး အန်ကယ်ဦးချစ်ဝိန်ကို နှုတ်ဆက်ပြီး ပြန်ခဲ့တယ်။ ကျွန်တော်ပေါ်ဦးသက်ကို တွေ့ချင်တယ်။ ပေါ်ဦးသက်ကို ကျွန်တော် တွေ့ရမှဖြစ်မယ်။ ဘာလို့ဆိုတော့ သူ့ကိုတွေ့ရမှ ကျွန်တော် နေသာထိုင်သာရှိသွားမှာမို့ပါ။ သူ့ကိုတွေ့မှ ပန်းချီဆရာဖြစ်ဖို့ အင်အားတွေ ပိုရှိမှာမို့ပါ။

စိတ်ပညာပါရဂူဘွဲ့ရ ပန်းချီဆရာ ဒေါက်တာကိုကိုကြီးထိုင်တဲ့ အင်းဝ လက်ဖက်ရည်ဆိုင်ကို ကျွန်တော်ပြေးတယ်။ မန္တလေးဘုရားကြီး နယ်မြေအေသပါ။

"ပေါ်ဦးသက်ဟာ မန္တလေးသားစစ်စစ်ကြီးနော်ဆရာ"

ကျွန်တော်က ပြောပါတယ်။

"ပေါ်ဦးသက်ဟာ မန္တလေးကတို့ ရန်ကုန်ကတို့ ပြောနေဖို့ မလိုအပ်တော့ပါဘူး။ ပေါ်ဦးသက်ဟာ အင်တာနေရှင်နယ်ပါ"

"ပေါ်ဦးသက်ကို ကျွန်တော်တွေ့ဖူးချင်တယ်ဆရာ။ ပေါ်ဦးသက်ကို အားကျလို့ ကျွန်တော် ပန်းချီကျောင်းကိုတက်ဖို့ လာခဲ့တာပါ"

"ကိုယ်နဲ့က ရန်ကုန်မှာပဲ အတူတူရှိခဲ့ကြဖူးတာ။ မန္တလေးမှာကျတော့ မဆုံဖြစ်ဘူး။ တမ္ပဝတီဦးဝင်းမောင်ကို သွားမေးပါလား"

ကျွန်တော် တမ္ပဝတီရပ်ကို ပြေးရပါတယ်။ မန္တလေးမြို့နဲ့ အမရပူရမြို့ ကြားထဲမှာပါ။ အဲဒီမှာ သစ်သားပန်းပုတွေ ထုလုပ်တယ်။ ကြေးသွန်းဘုရားရုပ်ပွားတော်တွေလည်း ပြုလုပ်တယ်။

တမ္ပဝတီ ဦးဝင်းမောင်ဟာ အလုပ်များနေပုံပဲ။ လူငယ်တစ်ယောက်ကို တော့ အရေးအရာပြုပါတယ်။



ဆရာပေါ်ဦးသက်



ဆရာပေါ်ဦးသက်၏လက်ရာပန်းချီကား

"ကျွန်တော် ပေါ်ဦးသက်ကို တွေ့ချင်လို့ပါဆရာ။ ပေါ်ဦးသက် ဘယ်မှာ ရှိနိုင်မလဲလို့"

တမ္ဗဝတီ ဦးဝင်းမောင်က သူ့မျက်မှန်ကိုင်းကို ပင့်တင်ပါတယ်။

"ဟိုတလောကတော့ စစ်ကိုင်းကနေ ပေါ်ဦးသက်နဲ့ အတူတူပြန်ခဲ့ကြတာပဲ။ ညနေစောင်း တံတားဖြူမှာ ကားပျက်တယ်။ ပေါ်ဦးသက်က ဂျွမ်ရဆန်တယ်ကွ။ အကြားအမြင်ရနေသလားပဲ။ အဲဒီကားပျက်တဲ့နေရာမှာ သူ့ကို နှောင့်ယှက်မယ့်ပုဂ္ဂိုလ်တွေရှိတာ သူမြင်ရတယ်ဆိုပြီး ကားကြုံနဲ့ လစ်တော့တာပဲ။ အဲဒီတုန်းက သူက ဦးထုပ်ဖြူလေးဆောင်းလို့ကွ။ ပေါ်ဦးသက်က နိုင်ငံခြားတော့ မသွားဘူးကွ။ သူက နိုင်ငံခြားရောဂါစွဲကပ်ခံရသူတော့မဟုတ်ဘူး။ ပေါ်ဦးသက်က ရန်ကုန်ကိုတော့ ချစ်တယ်ကွ။ နန်းတော်ရှေ့ ပဒုမ္မာရိပ်မွန်ကနေ ရုတ်တရက် ရန်ကုန်ကို ထွက်ချင်ထွက်သွားတာ။ ဟိုမှာ ဦးခင်မောင်ရင်တို့၊ ကိုမေညွန့်ဝေတို့နဲ့အတူ ရှိနေမလား။ လောကနတ်ဂယ်လာရီပေါ် ရှိနေမလားပဲ။ မင်း ရန်ကုန်ကို လိုက်သွားကြည့်ပါလား"

ကျွန်တော်ဟာ မန္တလေးပန်းချီကျောင်းကြီးကို ခေတ္တပစ်ချထားခဲ့တယ်။ မီးရထားလက်မှတ်အမြန်ဝယ်ပြီး ရန်ကုန်ကို ဒိုးတော့တာပဲ။

ကျွန်တော် ပန်းချီဆရာမောင်ဒီထံ ပထမဆုံးသွားပါတယ်။

"ဆရာဒီ ကျွန်တော် ပေါ်ဦးသက်နဲ့ တွေ့ချင်လို့ပါ။ ဆရာ့ဆီများ ပေါ်ဦးသက် လာသလားလို့"

"ပေါ်ဦးသက်ဟာ တကယ်ပဲ မြင်းကြီးတစ်ကောင်နဲ့ တူပါတယ်ကွာ။ သူက ခေတ်ဟောင်းရုပ်ရှင်မင်းသမီးတွေရဲ့ မျက်ခုံးမွေးလို သုံးရက်လ မျက်ခုံးမွေးသေးသေးလေးလည်း ပိုင်ဆိုင်သေးတာကွ။ သူဟာ ပန်းချီဆွဲရင်း မြို့မငြိမ်း သီချင်းတွေကို ဆိုဆိုနေတတ်တာ။ တစ်ခါတလေတော့ ပန်းချီဆွဲနေရာက စုတ်တံကို ပစ်ချပြီး ပြတင်းပေါက်ဆီသွားကာ လေမှုတ်နေတတ်ပြန်တယ်။ သူ့ရဲ့ တူရိယာ မှုတ်သံက ဝမ်းနည်းကြေကွဲစရာတွေ၊ အလွမ်းတွေ၊ အဆွေးတွေကို ကြဲချပေးမယ်။ သူ့မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ဝဲနေတတ်တယ်။ လေမှုတ်တူရိယာ မှုတ်နေချိန်မှာပေါ့။ သူ့ရဲ့ပန်းချီဆရာဘဝကို ကြည်ညိုလေးစားမိသလို သူ့ပန်းချီကားတွေကိုလည်း ငါ သိပ်ချစ်တယ်။ ဒါပေမဲ့ သူနဲ့ လူချင်းမတွေ့တာ ကြာပြီကွာ။ ဒီလောကကြီးထဲမှာ ပေါ်ဦးသက်ရှိပါတယ်ကွာ။ မင်း ဦးခင်မောင်ရင်ဆီ သွားမေးပါလား"

ပန်းချီဆရာမောင်ဒီက ကျွန်တော့်ကို ဆေးလိပ်ဖွာရင်း ပြောပါတယ်။ သူက ကျွန်တော့်ကို ပြောနေသလိုနဲ့လည်း မတူဘူး။ သူတစ်ကိုယ်တည်း ပြောနေသလို။ လေထဲလွင့်မျောလာတဲ့ ဝိညာဉ်နဲ့ စကားပြောနေသလိုပဲ။ ဒါနဲ့ ကျွန်တော်လည်း မြောက်ဥက္ကလာ၊ သန္တာလမ်းကို ဦးတည်ထွက်လာပါတော့တယ်။

ကျွန်တော်ဦးခင်မောင်ရင်ဆီ ရောက်တော့ ဦးခင်မောင်ရင်က သူ့ပန်းချီကားတွေ ကြားထဲမှာ မြို့မငြိမ်းရဲ့ 'လူချွန်လူကောင်း' သီချင်းကို နားထောင်နေပါတယ်။ ကျွန်တော်ဟာ ဦးခင်မောင်ရင်ကို နည်းနည်းတော့ ရှိန်းတိန်းဖိန်းတိန်း ဖြစ်နေမိပါတယ်။ သူ ဘုတောလိုက်မှာလား။ ဘာပဲဖြစ်ဖြစ်လေ ဒီကိုရောက်အောင် လာပြီးမှတော့ ကျွန်တော် တဲ့တိုးပဲ မေးချလိုက်ပါတယ်။

"ဆရာ ကျွန်တော် ပေါ်ဦးသက်ကို တွေ့ချင်လို့ပါ။ ဆရာ့ဆီ ပေါ်ဦးသက် လာတယ်ဆိုလို့"

"အေးကွ ... လာတယ်။ ခုနစ်ညလောက် ဆက်တိုက်လာဖူးတယ်။ ပေါ်ဦးသက်ကို ငါ ဘီယာတိုက်တယ်။ ကွမ်းယာ ကျွေးရတယ်။ ဆေးပေါ့လိပ်

တိုက် ရသေးတယ်။ ဘီသိုဗင်ရဲ့ တီးလုံးတီးကွက်တွေကိုလည်း သူကြိုက်မှန်းသိလို့ ဖွင့်ပြရတယ်။ မှိုးပန်းနားထောင်ချင်တယ် ဆိုပြန်ရင်လည်း ငါ့မှာ ဖွင့်ပြရပြန်ရော။ သူက အာရုံရမှ ငါ့ဆီလာတာပါကွာ။ အဲလို ခုနစ်ညဆက်တိုက်လာပြီး သူ မလာပြန်ဘူးကွ။ မင်း ဒီလိုလုပ်ကွာ။ ကာတွန်းအော်ပီကျယ်တို့၊ ပန်းချီဖေညွန့်ဝေ တို့ဆီ သွားကြည့်ပေါ့။ မင်း ကံကောင်းရင် ပေါ်ဦးသက်နဲ့ တွေ့ဆုံခွင့်ရမှာပါ''

ဦးခင်မောင်ရင်က ဘီယာဘူးကို ဖောက်သောက်နေတယ်။ သူ ကျွန်တော့်ကို စကားဆက်ပြောမှာ မဟုတ်တော့ဘူးဆိုတာ ကျွန်တော်နားလည်လိုက်တယ်။ ကျွန်တော် ၃၇ လမ်းကို သွားမယ်။ ၃၈ လမ်းကိုသွားမယ်။ နောက် လောကနတ်ဂယ်လာရီကိုလည်း သွားမယ်။ တာမွေတို့၊ ကျောက်မြောင်းတို့ကို သွားမယ်။ ဦးဖေညွန့်ဝေကို မေးမယ်။ ဦးအော်ပီကျယ်ကို မေးမယ်။

''ဆရာတို့ဆီမှာ ပေါ်ဦးသက် လာသလား'' လို့။

တစ်နေ့ရာရာမှာ တစ်ချိန်ချိန်မှာ ပေါ်ဦးသက်ကို တွေ့ကိုတွေ့လိမ့်မယ်လို့ ကျွန်တော် ယုံကြည်မျှော်လင့်တယ်။

*မြန်မာတိုင်းမ်ဂျာနယ် (နိုဝင်ဘာ ၂၃ - ၂၉၊ ၂၀၀၇)*


❑

တောင်တွေပတ်လည်ဝိုင်းနေတဲ့ ထားဝယ်မြို့

မြို့နီစပယ်ရုံးရှေ့ကျောက်တိုင်ထိပ်ပိုင်းမှာ 'ကဒေါင်း' ရုပ်ပုံက လှသည်။ ထားဝယ်ဈေးကြီးနှင့် ခရိုင်ရုံးကြီးမှာ ကိုလိုနီခေတ်အဆောက်အအုံကြီးတွေ ဖြစ်သည်။ 'ကဒေါင်း' ကို၊ ဈေးကြီးကို၊ ခရိုင်ရုံးကြီးကို ကျွန်တော် သွားသွားကြည့်၏။ ထားဝယ် ကမ်းနားဈေးကြီးထဲမှာ လူ့ခါးလောက် ငါးကြီးတွေ ခုတ်ထစ်ရောင်းချသည်။ ပုစွန်တုပ်ကြီးတွေကတော့ ခေါင်းကြီးလွန်းလှ၏။ ဈေးဝယ်သူ ထားဝယ်သူတွေက အသားအရေ စိုပြည်တောက်ပလွန်းလှ၏။ ပြီးတော့ ပြည့်ဖြိုးသည်။ သန့်ရှင်းလှပသည်။ ထားဝယ်ကမ်းနားဈေးမှာ လှုပ်လှုပ်ရှားရှားပုံရိပ်တွေ လှုပ်နေ၏။

ထားဝယ်မြို့၏ အာဇာနည်လမ်းမကြီးပေါ်မှာ ကျွန်တော် မမောနိုင်အောင် လမ်းလျှောက်သည်။ လက်ချိမ်း ချစ်တီးထမင်းကို ကြက်သားဟင်း၊ ပဲဟင်းတို့နှင့် အဝစားသည်။ စတိုးဆိုင်တွေ ဖက်ရှင်ရှော့ပ်တွေက ခေတ်မီလှပသည်။ ကျွန်တော်က အအေးဆိုင်လှလှလေးမှာ ထိုင်ကာ ရေခဲမုန့်စားသည်။ လမ်းမကြီးဘေး တစ်နေရာက အိမ်တစ်လုံးထဲမှာ ပုံတူပန်းချီကားကြီးတစ်ချပ်ကို ပလက်ဖောင်းပေါ်မှ လှမ်းမြင်သည်။ အိမ်ရှင်ကို ခွင့်တောင်းပြီး ဝင်ကြည့်၏။ ဦးငွေကိုင်၏ ပန်းချီကားကြီးဖြစ်ပါသည်။

"အဲဒါ ကျွန်တော့်အဖေ ထားဝယ်ဦးဘရှင်ရဲ့ ပုံတူပါ။ ပန်းချီဆရာကြီး ဦးငွေကိုင်က ရေးဆွဲပေးခဲ့တာပေါ့။ အဖေက ၁၉၂၀ ပြည့်နှစ်ရဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းသားတစ်ဦးပါ။ ထားဝယ်မြို့မှာ အဖေက အမျိုးသားကျောင်းကို တည်ထောင်ဖွင့်လှစ်ခဲ့တယ်။ ကျွန်တော့်အိမ်ရှေ့က အာဇာနည်လမ်းမကြီးကို ကျွန်တော်တို့ငယ်တုန်းက ယိုးဒယားလမ်းမကြီးလို့ ခေါ်တယ်။ ယိုးဒယားအထိ တိုးလျှိုပေါက်သွားလို့ရတာပေါ့။ မေတ္တာရွာကို ကျော်ပြီးရင် ယိုးဒယားရောက်တော့တာပဲ။ ကျွန်တော် ခုနစ်တန်းကျောင်းသားဘဝမှာ ဂျပန်လေယာဉ်တွေက ထားဝယ်မြို့ကိုဗုံးကြဲချတယ်။ တိမ်တွေကြားထဲမှာ ဂျပန်လေယာဉ်ပျံကြီးတွေက ကျွမ်းထိုးပြီးဗုံးတွေကြဲချ တလက်လက်နဲ့ အရမ်းလှတာပဲ။ ကလေးဆိုတော့ ကြောက်ရမှန်း



ထားဝယ်မြို့ မြူနီစပါယ်ရုံးရှေ့ ကျောက်တိုင်

ဘယ်သိမလဲ။ အိမ်ရှေ့ထွက်ပြီး ကောင်းကင်ပေါ်မော့ကြည့်တာပေါ့။ လူကြီးတွေက ဆွဲပွေ့ပြီး အိမ်ထဲ ခေါ်သွင်းတော့တာ"


ကျွန်တော့်ကို ပြောပြနေသော ထားဝယ်မြို့သားကြီးမှာ အသက် ၈၀ ပြည့်တော့မည်ဟု သိရပါ၏။

"ကျွန်တော့်အိမ်ထဲကို စာရေးဆရာတွေ ရောက်ရောက်လာခဲ့တာ အခုမှ မဟုတ်ပါဘူး။ ဆရာတင့်တယ်နဲ့ ဆရာသော်တာဆွေလည်း ကျွန်တော်အိမ်ကို ဝင်ထွက်နေကျပဲ။ ရန်ကုန်နဲ့ ထားဝယ်လေယာဉ်ခက ၈၁ ကျပ်ရယ်။ ဆရာတင့်တယ်နဲ့ ဆရာသော်တာဆွေတို့ နှစ်ယောက်သားဟာ ရန်ကုန်မှာ ပျင်းရင် ထားဝယ်ကိုရောက်လာတယ်။ ရေလမ်းလို့ ခေါ်တဲ့ ထားဝယ်မြို့ထဲက ထားဝယ်ကုန်သန်းရောင်းဝယ်ရေးလီမိတက်အပေါ်ထပ်မှာ သူတို့တည်းတယ်။ မောင်းမကာန်က

ဘန်ဂလိုမှာလည်း ဝတ္ထုတွေရေးလိုက်၊ ပင်လယ်ထဲ ရေဆင်းကူးလိုက်၊ အရက်သောက်လိုက်နဲ့ စာရေးဆရာတွေရဲ့ ဘဝဟာ တကယ်ပျော်စရာကြီးပါဗျာ"

ကျွန်တော်သည် ဆရာသော်တာဆွေ နေခဲ့ဖူးသော TAVOY TRADING LIMITED အပေါ်ထပ်မှာ ဝတ္ထုတစ်ပုဒ်လောက် ရေးလိုက်ချင်စမ်းပါဘိ။ ဆရာသော်တာဆွေလို ပျော်စရာတွေ ကျွန်တော်ရေးချင်တယ်။ ထားဝယ်မှာ သူ့ခေတ်နှင့် ကျွန်တော့်ခေတ် ပေါင်းစပ်ကြည့်လိုက်ချင်၏။ သူနေခဲ့ဖူးသော အဆောက်အအုံကို ကျွန်တော်ရပ်ကြည့်နေမိ၏။

ထားဝယ်မြို့၏ နိဗ္ဗာန်လမ်းပေါ်မှာ ကျွန်တော်လမ်းလျှောက်သည်။ အင်္ဂလိပ်ခေတ်က ဘိန်းလမ်းလို့ ခေါ်သည်ဟုသိရ၏။ ဗိုလ်ချုပ်လမ်းမကြီးပေါ် ကျွန်တော်



ဆရာတင့်တယ်နှင့် ဆရာသော်တာဆွေတို့ တည်းခိုဖူးသည်ဆိုသော
TAVOY TRADING LIMITED အဆောက်အအုံ

လမ်းလျှောက်ပြန်၏။ ကမ်းရိုးတန်းသွား အမြန်လေယာဉ်တွေ ရာသီဥတုကြောင့် မထွက်နိုင်သေးကြောင်း စာတန်းချိတ်ဆွဲထား၏။ ထွက်မည့်ရက် စုံစမ်းပါ။

ကော့သောင်းနှင့် ရနောင်းမှာ ပါချုန်ဖြစ်ခြားထား၏။ ဗိုလ်ချုပ်လမ်းပေါ်မှာ ရှေးက တိုက်အကြီးကြီးတွေ ရှိသည်။ တိုက်ကြီးတွေ၏ ဝရန်တာမှာ အဖြူရောင်၊ ခရမ်းရောင်၊ အစိမ်းရောင်၊ အဝါရောင် သစ်ခွပန်းများစွာ ရိုးတံရှည်ရှည်လေးတွေနှင့် ပွင့်လန်းနေကြ၏။ ဗိုလ်ချုပ်လမ်းနှင့် ညောင်ပင်ကြီး လမ်းအဆုံးမှာ ညဝိုင်းဖွင့် သည့်ပန်းဈေးရှိသည်။

ထားဝယ်သူတွေက ညမှာဘုရားပန်း ကပ်လှူ၏။ အဲသည်ဈေးမှာ ဒူးရင်း သီးတွေလည်း ရောင်းသည်။ လူအချို့က ဒူးရင်းသီးလောင်းတာ ဝါသနာထုံ၏။ ဒူးရင်းသီးတစ်လုံးကိုင်ပြီး ဘယ်နှစ်မြွာပါဝင်သလဲ။ နိုင်တဲ့သူ ဒူးရင်းသီးယူသွား။ ဒူးရင်းသီးကို ကိုင်ကြည့်တာနှင့် အစေ့အဆန် အရေအတွက်ကို သိတတ်ကြ၏။ ထားဝယ်သားတွေ တကယ်ပိုင်သည်။


"ထားဝယ်မှာ ဆလွန်းကား စစီးတာ ဦးလူဖေပေါ့။ လူငယ်တချို့က သူဌေးကြီးကို ဦးလူဖေရဲ့ မြေးဖြစ်ရင် ပိုက်ဆံတွေအရမ်းသုံးပစ်မယ်လို့ စိတ်ကူး ယဉ်ကြတာ ရှိခဲ့မလားမသိဘူး။ လတ်လျားလတ်လျား လျှောက်သွားနေတဲ့ လူငယ် ကိုတော့ မင်းကိုယ်မင်း ဦးလူဖေရဲ့မြေးမှတ်နေလို့ အလုပ်မလုပ်ဘဲ နေတာလားလို့ ပြောတတ်ကြဖူးတယ်။ ဦးလူဖေ ချမ်းသာတာ အားလုံးက အသိအမှတ်ပြုကြ တယ်"

ဒေသခံလူတစ်ဦးက ပြောပြသည်။ တကယ်တမ်းမှာ သူဌေးကြီးဦးလူဖေ ၏ မျိုးဆက်များမှာ ဉာဏ်ကောင်းကြသည်။ အလုပ်တွေ လုပ်ကြသည်ဟု ကျွန်တော် တစ်နေရာက ကြားထား၏။

ထားဝယ်မြို့မှာ ဦးကျော်ရင်လမ်း ရှိသည်။ ဦးကျော်ရင်လမ်းမှာ ဆေးတိုက် တွေရှိသည်။ ထားဝယ်မြို့မှာ မြန်မာဆေး၊ ဓာတ်၊ နက္ခတ်၊ ဗိန္ဒောနှင့် ကျော်ကြား ခဲ့ဖူးသည့်ပုဂ္ဂိုလ်တွေ ရှိခဲ့ဖူးသည်။ ဓာတ်စာပေးရာမှာ နာမည်ကျော်သော ရောဂါတွေ ပျောက်ကင်းအောင် ကုသနိုင်ခဲ့သော ဘုန်းကြီးသာကျော် ပျံတော်မူသွားခဲ့ပါပြီ။

ဦးကျော်ရင်လမ်းမှာ မီးပုံးပျံဦးကျော်ရင် ဆေးတိုက်ကို တွေ့ရ၏။ ကျွန်တော်တိုက်ထဲသို့မဝင်ဘဲ မနေနိုင်တော့ပါ။ မီးပုံးပျံဦးကျော်ရင်အကြောင်း သူ့ဆွေမျိုးတွေ ပြောပြတာ နားထောင်ချင်သည်။ ကျွန်တော့်ကို ဝင်ခွင့်ပြုပါ။

"ကျွန်မက မီးပုံးပျံဦးကျော်ရင်ရဲ့ မြေးတွေထဲမှာ အသက်အကြီးဆုံးပါ။ ဘိုးဘိုးက ပိတ်စကြီးတွေ အများကြီးနဲ့ မီးပုံးကြီးကိုယ်တိုင်လုပ်ပြီး အဲဒီမီးပုံးပျံကြီး




ထားဝယ်မြို့ဝင်တစ်နေရာ

နဲ့ထားဝယ်မြို့ကို ကိုယ်တိုင်ပျံတက်ခဲ့တာလို့ ကျွန်မဖေဖေက ကျွန်မကို ပြောပြခဲ့ဘူးပါတယ်။ မြန်မာ့သတ္တိကို ပြခဲ့တာပေါ့။ ဘိုးဘိုးနဲ့အတူ မီးပုံပျံကြီးဟာ အမြင့်ကြီးပျံတက်ခဲ့ပါတယ်။ ကောင်းကင်ပေါ်ကနေ ပိုက်ဆံအကြွေတွေကို ဘိုးဘိုးက ပစ်ကြဲချခဲ့ပါတယ်။ အောက်ကနေ မြင်းနဲ့၊ ကားနဲ့ မီးပုံးပျံရာ လိုက်ကြတယ်။ ထားဝယ်မြို့သူမြို့သားတွေဟာ သည်းသည်းလှုပ်လှုပ် အားပေးခဲ့ပါတယ်။ အင်္ဂလိပ်ခရိုင်ဝန်က ဆုအမှတ်တံဆိပ်တွေ ချခဲ့တယ်"

အရွယ်ရနေပြီဖြစ်သော ဒေါ်ကြည်ကြည်က ကျွန်တော့်ကို ပြောပြ၏။ ၁၉၂၉ က ထားဝယ်မြို့၏အရေးပိုင်မှာ အေရျေအက်စ်ဂိုက် ဖြစ်သည်။ လန်ဒန်မှာ ထုတ်ဝေသော သူ၏မြန်မာပြည်အပေါ် အမှတ်ရချက်စာအုပ်ထဲမှာ မီးပုံးပျံဦးကျော်ရင် မီးပုံးပျံ စီးပုံကို ချီးမွမ်းဖွဲ့ဆိုခဲ့ပါသည်။ ဦးကျော်ရင်သည် အသက် ၅၅ နှစ်မှာ မီးပုံးပျံစီးခဲ့ပြီး ၅၅ ကြိမ်စီးခဲ့သည်ဟု သိရ၏။

ဒေါ်ကြည်ကြည်က ကျွန်တော့်ကို ဆေးတိုက်အပေါ်ထပ်ခေါ်ကာ မီးပုံးပျံဦးကျော်ရင်ပုံတူ ပန်းချီကားကို ပြသည်။ ပုဆိုးပန်းရောင်၊ ကိုယ်ကျပ်အင်္ကျီအဖြူ၊ ခေါင်းပေါင်းပန်းရောင်၊ ဦးငွေကိုင် ရေးဆွဲသည်။ ဤပန်းချီကားကိုတော့ Ngwe Gaing ဟု လက်မှတ်ရေးထိုးထားသည်။ မြန်မာနိုင်ငံ အလင်္ကာကျော်စွာတွဲရ



သမိုင်းစာရေးဆရာ မောင်သန်းဆွေ(ထားဝယ်)၏ ရော်ဘာခင်းတစ်နေရာ

ဦးငွေကိုင်သည် ထားဝယ်သူဒေါ်မီမီလှ၏ ပုံတူပန်းချီကားကြီးကို ပြောင်ပြောက် အသက်ဝင်နေအောင် ရေးဆွဲခဲ့ဖူးကြောင်း ကျွန်တော် ထားဝယ်မြို့မှာ သိရ၏။ ထားဝယ်မြို့သား မျိုးဆက်သစ် Artists တွေ အသေအချာ ရှိခဲ့ပြီ။

သမိုင်းသုတေသနဆိုင်ရာ စာအုပ်များပြုစုသူ ထားဝယ်ဦးသန်းဆွေကို ကျွန်တော်သွားရောက်တွေ့ဆုံပါသည်။ သူပိုင်ကော တစ်ထောင်ကျော်ကျယ်ဝန်းသည့် ရော်ဘာခြံကြီးထဲသို့ ကျွန်တော့်ကို ခေါ်သွားသည်။ အပြာရောင်ငှက်ကလေးများ စွာ ပျံသန်းနေကြသည်။

"အစက တစ်တောလုံးပြာနေအောင် ငှက်ကလေးတွေ ပေါတာ။ အခုတော့ ဈေးကောင်းရလို့ ဖမ်းပြီး ထိုင်းဘက်ရောင်းနေကြတယ်ဗျာ။ ကျွန်တော့် ရော်ဘာပင် တွေက ကျွန်တော့်အဘိုးရဲ့အဖေက စတင်စိုက်ခဲ့တာတွေ ပါဝင်တယ်။ သစ်ပင်တွေ

ကြီးကုန်ပြီ။ ဂက်စ်ကို ပင်စည်ထဲ ထည့်တဲ့နည်းနဲ့ နိုင်ငံခြားသားတွေ လာလုပ်ကြည့်ကြသေးတယ်။ မထူးခြားပါဘူးဗျာ။ ကျွန်တော့် အဖေက ထပ်စိုက်။ ကျွန်တော်က ထပ်စိုက်၊ ကျွန်တော့်ရဲ့သားက ထပ်စိုက်လုပ်ရတာပေါ့ဗျာ။ စက်လှေနဲ့သူ့လမ်းကြောင်းနဲ့ သူပါလာတဲ့ ရော်ဘာပင်မျိုးက ပိုကောင်းချင်ကောင်းနေတတ်ပါတယ်"

သမိုင်းစာရေးဆရာ ထားဝယ်ဦးသန်းဆွေက သူ့ရော်ဘာပင်တွေအောက်မှာကျွန်တော့်ကို ပြောပြ၏။ ဆင်ဖြူမရှင်နှင့် သမီးတော်ကြီး ထားဝယ်မှာ နေဖူးသတဲ့။

ကျွန်တော်သည် နတ်ကြီးလေးပါးအဆောက်အအုံအနီးက သာသနာ့မာန်အောင်ကျောင်းတိုက်မှာ သီတင်းသုံးနေသော၊ အမရပူရ ဂန္ဓာရုံကျောင်းတိုက်မှာ ပညာသင်ကြားပြီး မွေးရပ်မြေ ထားဝယ်မြို့ကို ပြန်သွားသော ဦးပဥ္စင်းဦးပုညကို သွားရောက်ကန်တော့ပါသည်။

"ထားဝယ်မှာက ဝါဝင်ကန်တော့မှု ဆိုတာရှိတယ်။ ဝါဆိုအဖိတ်နေ့မှာ သံဃာတော်တွေနဲ့ သက်ကြီးဝါကြီး မိဘဘိုးဘွားတွေကို ကန်တော့တာ။ ရှင်ဥပဂုတ္တ သပိတ်ဆွမ်းကပ်ပွဲက သီတင်းကျွတ်လပြည့်အရုဏ်ဦးမှာ ကျင်းပတာ။ ရေမျှောပွဲလို့လည်း ခေါ်တယ်။ ဆွမ်း၊ သစ်သီးအပြည့်နဲ့ ဖယောင်းတိုင်ထွန်းထားတဲ့၊ မြေသပိတ်လေးတွေ မြစ်ထဲမျှောလိုက်တာ သိပ်ကြည့်လို့ကောင်းတယ်။ သပိတ်ထဲမှာ ပိုက်ဆံလည်း ပါတယ်။

- ဦးပဥ္စင်းဦးပုညက ကျွန်တော့်ကို ပြောပြပါသည်။

**သိပ်သည်းကျစ်လျစ် တည်ငြိမ်သော၊ ဣန္ဒြေရလှန်းသော၊ တောင်တွေပတ်လည်ဝန်းရံထားသော ထားဝယ်မြို့သို့ ကျွန်တော် ရောက်အောင်သွားပြီး ထားဝယ်မြို့၏ အသံများကို အထက်ပါအတိုင်း နားထောင်ခဲ့ပါသည်။**

မြန်မာတိုင်းမ်ဂျာနယ် (ဩဂုတ် ၂၄ - ၃၀၊ ၂၀၀၇)

❑

ချစ်လှစွာသော ရန်ကုန်မြို့

ရွှေကျိုးများ သာနေသည်။ ဥသြငှက်လေး တွန်နေ၏။

ရန်ကုန်မြို့အပေါ် ကျွန်တော် စိတ်မကုန်နိုင်ပါ။ အမြဲ အကောင်းမြင်၊ အမြဲချစ်ခင်သည်။ ရန်ကုန်ရင်ခွင်မှာ အားကုန်အင်ကုန် ရင်ခုန်ပျော်ရွှင်သည်။ ရန်ကုန်မြစ်နှင့် ပုဇွန်တောင်ချောင်း၊ ပဲခူးချောင်းတို့ဆုံတွေ့ရာအရပ်မှာရှိသော ပင်လယ်ဝနှင့် ၂၁ မိုင်ခန့်ဝေးကွာသော ရန်ကုန်မြို့သို့ ကျွန်တော် ပြန်လို့ရောက်ရှိလာပါပြီ။ ရင်ထဲတောက်ပလှပတဲ့ နေ့ရက်တွေ ကြုံဦးမလား။


ပဒုမ္မာစာတိုက်အနီးက စမ်းချောင်းလမ်းပေါ်သို့ ကျွန်တော် ဆင်းလိုက်သည်။ ကလေးတွေ၏ရေခဲရေက ကျွန်တော့်နှလုံးသားကို ထိနှမ်းလိုက်သည်။ ရင်ထဲအထိအေးမြသွားတယ် ရေခဲရေ၊ နှလုံးသားထဲ အေးမြသွားတယ် ရေခဲရေ။

စမ်းချောင်းလမ်းပေါ်မှာ အရမ်းအမောင်းကြမ်းတဲ့ ကားတွေမရှိပါ။ ကားများဖြည်းဖြည်းမောင်းသည်။ လူများ ဥဒဟိုသွားလာနေကြသည်။ အသားကင်နံ့နှင့် တရုတ်ယန်းသီးနံ့ကို ရနေသည်။ တရုတ်စာသင်ကြားသံနှင့် ကလေးများ လိုက်ဆိုသံကို ကြားရတာတ်၏။ ကနေ့တော့ ကလေးတွေအားလုံး ရေကစားနေကြသည်။ မိခင်တွေက ရေလိုက်ဖြည့်ပေးနေသည်။

ပဒုမ္မာစာတိုက်အနီးက ဉာဏ်နေရာလေးမှာ ဟိုခေတ် ဟိုအခါက အထင်ကရ စမ်းချောင်းတစ်ခုသည် ကြည်ကြည်လင်လင် တသွင်သွင် စီးဆင်းနေခဲ့၏။ စမ်းချောင်း အမည်ဒေသ မပေါ်ပေါက်မီက ဉာဏ်နေရာတစ်ဝိုက်မှာ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်၊ တောင်ကုန်းချိုင့်ဝှမ်းတွေလည်း ထူပြောခဲ့ပေ၏။

မြူစင်ရိုးသားသည့် ရှမ်းတိုင်းရင်းသားတွေ ရောက်လာပြီး ချုံနွယ်ခုတ်တောတွေရှင်းပြီး စမ်းချောင်းရွာကြီးတစ်ရွာ ဖွဲ့စည်းနေထိုင်ခဲ့ကြသည်။ စမ်းချောင်း အစ ရှမ်းတိုင်းရင်းသားတွေကပဲ့ ကျွန်တော်တို့ ပြောရင်ရမလား။

ကျွန်တော် အသားကင်ဆိုင်တွေကို ကျော်ပြီး ပဒုမ္မာစာတိုက်ရဲ့၏ အနောက်ဘက်မှာ ဆိတ်သားဟင်းနှင့် ချစ်တီးထမင်းသွားစားသည်။ ပြီးတော့ အဲဒီနားမှာ ကပ်လျက် ကုံးထက်ဆိုင်မှာ နှင်းပုလဲရေခဲမုန့် မှာစားသည်။ ပြီးတော့ ကျွန်းတော



ရွှေတိဂုံစေတီတော်မြတ်

လမ်းကိုသွား၏။ ဝမ်းတော်ပြည့်လက်ဖက်ရည်ဆိုင်ရှေ့က ဗာဒံပင်လေးအောက် ခုံပုလေးမှာ ထိုင်သည်။ ဆိုင်ရှင်အမျိုးသမီးတွေက ဘိတ်သံဝဲသည်။ နွားနို့ငှက်ပျော ပေါင်းစားပြီး ကျစိမ့်လက်ဖက်ရည်တစ်ခွက် သောက်သည်။ ဝမ်းတော်ပြည့်မှာ ကျွန်တော် ဝမ်းအတော်ပြည့်သွားပါပြီ။ ကလေးများ ရေပက်နေကြသည်။ ငြိမ်ငြိမ် ဆိတ်ဆိတ် လမ်းမကျယ်ကြီးပေါ်မှာ ကျွန်တော်တစ်ယောက်တည်း လွတ်လွတ် လပ်လပ် လမ်းလျှောက်ချင်သည်။ ကျွန်တော်ဘဝင်အကျဆုံး ရှင်စောပုလမ်းမ ကျယ်ကြီးဆီသို့ ချီတက်ခဲ့၏။

ရန်ကုန်ကို ဟိုတုန်းက 'ဒဂုံမြို့' ဟု ခေါ်ဆိုခဲ့ကြသည်။ ကြည်ညိုဖွယ် ရွှေတိဂုံစေတီတော်မြတ်ရှိ၍ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသည်။ ဘုရားဖူးစခန်းမြို့အဖြစ်သာ တည်ရှိခဲ့၏။ ရာဇာဓိရာဇ်သည် ဗညားရွဲ့အမည်ရ မင်းသားဘဝက အစိုးတော်မဟာဒေဝီနှင့် ထီးနန်းအတွက် မသင့်မမြတ်ဖြစ်ဖူးသည်။ ဗညားရွဲ့မင်းသားသည် ဒဂုံသို့ ထွက်ခွာတိမ်းရှောင်သည်။ ဒဂုံကို အောင်မြေအဖြစ် မှတ်ယူ၍ လူသူအင်အားစု၏။ ရန်သူကိုတိုက်ပြီး အောင်သည်။ ဟံသာဝတီထီးနန်းကို စိုးစံရ၏။ ဒဂုံမြို့သူ မွေမနိတ်ကို ပိယဒေဝီဘွဲ့ခံစေ၍ မိဖုရားတစ်ပါးအဖြစ် မြှောက်တင်၏။ အစိုးတော် မဟာဒေဝီအား အတိတ်ကကျေးဇူးကို ထောက်ထား၍ ဒဂုံမြို့ကို အပိုင်စားအပ်နှင်း၏။


အင်းဝဘုရင် မင်းခေါင်သည်လည်း ဟံသာဝတီကိုရလို၍ စစ်တက်တိုက်ခိုက်၏။ ဒဂုံသည် လမ်းကောင်း၊ စခန်းကောင်းဟု ယုံကြည်မှတ်ယူ၍ ဒဂုံမှာ တစ်မိုးတွင်းလုံး ခိုလှုံခဲ့ဖူး၏။ ရာဇာဓိရာဇ်၏သမီးတော် ရှင်စောပုသည် အသက် ၆၆ နှစ်မှာ ဟံသာဝတီထီးနန်းကို သမက်တော် ဓမ္မစေတီမင်းသားအား လွှဲအပ်သည်။ ရွှေတိဂုံစေတီတော်မြတ်၏ အေးမြသောအရိပ်အာဝါသအောက်၌သာ ခိုလှုံလိုတော့သည်။ ရွှေတိဂုံဘုရား၏ ဝေယျာဝစ္စပြုရင်း တရားကို နှလုံးသွင်းလျက် သက်တော် ၇၈ နှစ် နတ်ရွာစံသည်အထိ ရွှေတိဂုံဘုရား၏အရိပ်အောက်မှာ ခိုလှုံသွားခဲ့သည်။ အလောင်းမင်းတရားသည် ဒဂုံကို 'ရန်ကုန်' ဟု အမည်ပြောင်းသည်။ ဒလဘက်မှ ရန်သူတွေကိုရှင်းလင်း၏။ ရန်တွေကုန်သော 'ရန်ကုန်' ဖြစ်စေ၏။ ဟံသာဝတီထီးနန်းကို ဖြိုခွဲပြီးပြီ။ အလောင်းမင်းတရားသည် ပဲခူးမှ ရန်ကုန်သို့ စုန်တော်မူခဲ့၏။ ရွှေတိဂုံစေတီတော်ကို ရွှေအပြည့်မွမ်းမံကာ ဇရပ်ကြီးများ ဆောက်လုပ်လှူဒါန်း၏။

ကျွန်တော်လမ်းလျှောက်နေသော ရှင်စောပုလမ်းမကြီးအနီးက ဘုန်းကြီးကျောင်းပရဝဏ်အတွင်းထဲမှာ ရှင်စောပု၏သင်္ချိုင်းတော် အရိုးအိုးစေတီလေး ရှိပါသည်။ ကျွန်တော် မဝင်ဖြစ်ပါ။ ရှင်စောပုဟိုတယ်ကြီး၏ ခမ်းနားမှုကို မြင်ရသောအခါ ရှင်စောပုဟိုတယ်မှာ ၁၀ ရက်လောက် ငြိမ့်နေရရင် ကောင်းမှာဟု တွေးမိသွားသောကြောင့်ဖြစ်ပါသည်။ ငုဝါပန်းတွေ ဝေနေသည်။ လမ်းမတော်မှာတော့ ပိတောက်တွေ ပွင့်လောက်ပြီ။ ခပ်လှမ်းလှမ်း သင်္ကြန်ကားပေါ်မှာ သီချင်းအော်ဆိုသံတွေ ကြားရ၏။ နှလုံးသားအထိ အေးမြသွားမယ် ရေခဲရေ။ စိုလ်ချုပ်အောင်ဆန်းဈေးရှေ့သင်္ကြန်မဏ္ဍပ်မှာ နွဲ့ယဉ်ဝင်း သီချင်းဆိုနေမည်။ အသားဝါဝါ အရွယ်လတ်အမျိုးသမီးက နွဲ့ယဉ်ဝင်းဘေးမှာ ရှင်မြူးစွာ လှုပ်ရှားကနေလိမ့်မည်။

ထို့နောက် မဏ္ဍပ်ပေါ်မှာလူတွေ အများကြီးထွက်လာကာ အဖြူရောင်စီး ကရက်ဘူးတွေ လေထဲ ပစ်ပေါက်ဝေငှရင်း အရောင်းမြှင့်တင်ရေးလုပ်ပါလိမ့်မည်။ ၁၉ လမ်းက သင်္ကြန်မဏ္ဍပ်မှာ အချိုရည်ဘူးတွေ ဝေငှနေမည်။ ရင်ထဲအထိ အေးမြသွားမယ် ရေခဲရေ။ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ခရမ်းရောင် ပျဉ်းမပင်များအောက်မှာ အိုင်စီနှင့်အတူ မိုးကြိုးသီချင်းဆိုနေမည်။ ရော့ခ်ဂီတကို သဲကြီးမဲကြီး ရူးသွပ်စွဲနှစ်သူများ ရေတွေအောက်မှာ ပြည့်ကျပ်အုံခဲနေမည်။ အဲဒီမှာတော့ ဂီတမှ ဂီတ၊ မိုးကြိုးမှ မိုးကြိုး။ ပြီးတော့လည်း အကြီးကျယ်ဆုံးပွဲတော်မှာ အကျော်ကြားဆုံးတီးဝိုင်းကို နားထောင်ပြီး မြန်မာဘီယာ ပလတ်စတစ်ခွက် ပျော့လေးတွေကို လေးရာနှင့် ဝယ်သောက်ကြပါလိမ့်မည်။

ကျွန်တော်က ကောက်ကာငင်ကာ တက္ကစီ ဆလွန်းတစ်စီးကို တားလိုက်သည်။ ၁၉၂၆ က မြူနီစီပယ်မင်းကြီး 'ဂျီစကော့'အမည်ကို အစွဲပြု၍ စကော့ ဈေးဟုခေါ်ဆိုခဲ့သော်လည်း ယခုဗိုလ်ချုပ်အောင်ဆန်းဈေး အမည်တွင်ရာ သင်္ကြန် မဏ္ဍပ်သို့ မသွားတော့ပါ။ ရေတာရှည်လမ်းဟောင်းဆီသို့ မောင်းနိုင်းလိုက်သည်။ ဗဟန်းဈေးရှေ့ရောက်လုနီးမှာ ပန်းခင်းတစ်ခင်းစာ အဖြူရောင်ဂန္ဓမာပန်းတွေကို တွေ့လိုက်ရ၏။ သင်္ကြန်ရေမွှားရေပန်းအောက်မှာ အဖြူရောင်ဂန္ဓမာပန်းတွေ လန်းစွင့်နေသည်။ ကားကို ရပ်နိုင်းလိုက်၏။ ကျွန်တော် ပန်းဈေးမှာ ဆင်းသည်။





ရန်ကုန်မြို့လယ်ရှုခင်း

သကြၤန်ရေတွေအောက်မှာ၊ ပန်းတွေရဲ့အရှေ့မှာ ကျွန်တော် ရပ်နေမိသည်။ နှင်းဆီအဝါ၊ နှင်းဆီအနီ၊ နှင်းဆီခရမ်း၊နှင်းဆီပန်းရောင် မွှေးထုံနေ၏။ ပန်းများသည် ရေတွေအောက်မှာ အေးမြစွာ တောက်ပနေပါသည်။ နှင်းဆီဝါတစ်စည်းကို ကျွန်တော်ဝယ်လိုက်သည်။ ဒီအနားမှာ ဒုတိယကမ္ဘာစစ်တုန်းက မန္တလေးသား ဦးထောင်ဘိုဟာ သွားစိုက်ဆိုင် ဖွင့်ဖူးခဲ့ပါသတဲ့။ ရန်ကုန်မှာ ပေါက်ပေါက်ရောက်ရောက် အောင်မြင်ခဲ့သော ပထမဆုံး မြန်မာသွားစိုက်ဆရာဝန်ကြီး ဦးထောင်ဘို အကြောင်းတွေးရင်း ရွှေတိဂုံအရှေ့ဘက်မုခ်ဆီသို့ ချီတက်ခဲ့သည်။ ပန်းတွေ လှိုင်လှိုင် ပွင့်ဝေသော ဗဟန်းပန်းဈေးကို ထားရစ်ခဲ့ပြီ။

ရွှေတိဂုံစေတီတော်မြတ်၏ အပြစ်ရှာမရနိုင်သော သပ်ရပ်ကျနလှသည့် အချိုး အစားပြေပြစ်ပုံကိုကြည့်၍ ကမ္ဘာ့ဗိသုကာဆရာကြီးများကပင် အံ့သြချီးကျူးရသည်ဟု Indian Architecture စာအုပ်က ဖော်ပြထားပါသည်။ ကျည်းကန်ရှင်ကြီးအမေးစကားတွင် 'အင်္ဂါတေသည် ဒဂုံတည် ကော်ရည် မည်မျှထည့်သနည်း' ဟု မေးထား၏။ ကျီးသဲလေးထပ်ဆရာတော်က 'ကြစုကော၊ ဒွါရတင်ကဲ၊ ဆင့်ကဲ သုံးဆ၊ ဥဿျစ်မှလျှင်၊ ခြောက်ဆကော်ရည်၊ ထည့်သည်မှန်လှ' ဟု ဖြေဆိုပြထား

ပါ၏။ ရှေးပန်းရန်ဆရာမွန်ပညာသည်တို့၏ အင်္ဂတေသရွတ်ဖော်စပ်ပုံကို ဖွဲ့ဆိုထားခြင်းဖြစ်ပါသည်။ ဦးကုလားမဟာရာဇဝင်မှာ အင်္ဂတေသရွတ်ဖော်စပ်ရာတွင် နွားနို့ကို အပိုဆောင်း၍ ထည့်သေးသည်ဟု ဖတ်ဖူး၏။

ဓမ္မစေတီမင်းသည် ဒဂုံတွင် ယာယီစံမြန်းစဉ်က ကြေးခေါင်းလောင်းတော်ကြီးသွန်းလုပ်၍ ရွှေတိဂုံစေတီတော်ကြီးမှာ လှူဒါန်းဖူး၏။ ကြေးချိန်ပိဿာတစ်သောင်းဝင်၏။ ထိုခေါင်းလောင်းကြီးကို သံလျင်မြို့စား ဇေင်ကာက အမြောက်သွန်းလုပ်ရန် ဖြုတ်ယူသွားသည်။ ဒေါပုံမြစ်ရေထဲတွင် သင်္ဘောနှင့်အတူ နစ်မြုပ်ပျောက်ဆုံးရဖူး၏။

ရွှေတိဂုံအနောက်မုခ်မှာ ဗြိတိသျှခံတပ် တပ်စွဲဖူးသည်။ ထိုခံတပ်ဖြုတ်ယူရှင်းသွားချိန်မှာ ရေးမြန်မာတွေ ရွှေတိဂုံဘုရားအနောက်မုခ်မှာ ခြိမ့်ခြိမ့်သဲသဲပျော်ပွဲရွှင်ပွဲဖြင့် အောင်ပွဲခံဖူး၏။ ကျွန်တော်သည် နှင်းဆီအဝါများကို ရွှေတိဂုံဘုရားရင်ပြင်တော်က ဓမ္မစေတီရုပ်ပွားတော်မြတ်ရှေ့မှာ ကပ်လှူပူဇော်လိုက်ပါပြီ။ လူတွေအားလုံးရွှေတိဂုံရင်ပြင်တော်မှာ ငြိမ်သက်သိမ်မွေ့နေကြပါသည်။ နှစ်ဆန်းတစ်ရက်နေ့မှာတော့ ရန်ကုန်မြို့၏လူအစုံသည် ပန်းအစုံနှင့် တစ်နေကုန်အောင် ရွှေတိဂုံဘုရား



ဗိုလ်ချုပ်ဈေး

ပေါ်တက်ရောက်ဖူးမြော်ကြပါသည်။ ရန်ကုန်သည် ရွှေတိဂုံဘုရားတန်ခိုးတော်ကြောင့် တိုး၍အေးမြငြိမ်းချမ်းရပါ၏။ မင်္ဂလာကျက်သရေနှင့် ပြည့်စုံရပါ၏။

မြန်မာတိုင်းမ်ဂျာနယ် (မတ် ၂၀–၂၇၊ ၂၀၀၈)

❑

# ရွှေတိဂုံကို ဖူးမြော်ခြင်း

ရန်ကုန်မြို့မှာ ပေါ့ပေါ့ပါးပါး အလည်သဘောရောက်နေပါသည်။ သိင်္ဂုတ္တရကုန်းတော်ပေါ်သို့ နံနက်တိုင်း ရောက်၏။ ရွှေတိဂုံစေတီကို ဦးခိုက်သည်။ ဓမ္မစေတီ ရုပ်ပွားတော်ကို ဖူး၏။ မျက်နှာတော် ငြိမ်းချမ်းသည်။ မုဒြာက တင့်တယ်၏။ ဓမ္မစေတီရှေ့တော်မြောက်မှ နံနက်စောစော ပန်းဦးများသည် ကျွန်တော်လှူသော ရွှေရောင်နှင်းဆီပွင့်များ ဖြစ်နေတတ်၏။ ပြီးတော့ ဆယ်တော်မူရုပ်ပွားတော်ကို ဖူးသည်။ မျက်နှာတော်က အသက်ဝိညာဉ်ရှိနေသလို ကျွန်တော်၏ကိုးကွယ်မှုမှာ တရားတော်နှင့် မညီမညွတ် ဖြစ်ချင်ဖြစ်နေပါလိမ့်မည်။ စိတ္တဇဆန်နိုင်သည်။ လောကီဆန်နေနိုင်သလား။

*

တစ်ရက်မှာတော့ ကုန်းတော်ပေါ်တွင် ဂျွန်ဦးစော တည်ထားခဲ့သည်ဆိုသော ဘုရားကို ကျွန်တော်လိုက်ရှာနေမိ၏။ ကမ္ဗည်းကျောက်စာကို ကျွန်တော် ဖတ်ကြည့်ချင်လို့ပါ။ သမိုင်းအစအနကို ခြေရာကောက်ကြည့်ချင်သည်။ စစ်ကြီးပြီးစ မြန်မာပြည်၏အနံ့တွေ၊ စစ်ကြီးပြီးစ ရန်ကုန်မြို့၏အနံ့တွေ လိုက်ခံကြည့်ချင်၏။ ပုတီးစိပ်ဖို့ ပြင်ဆင်နေသော အသက် ၆၄ နှစ်ဟု သိရသော၊ အရွယ်တင်လွန်းသော လူကြီးတစ်ယောက်ကို မေးကြည့်မိသည်။ သူက နေရာလမ်းမညွှန်ပါ။

"ဘုရားကို ကိုးကွယ်ရာမှာ သဏ္ဌာန်ဒိဋ္ဌိတွေ ပယ်ရတယ်။ ဘယ်သူဘယ်ဝါ တည်တဲ့ ဘုရားဆိုပြီး မှားယွင်းတဲ့အယူအစွဲနဲ့ ဘုရားကို မကိုးကွယ်ရဘူး။ ရင်ထဲက ဗုဒ္ဓမြတ်စွာတစ်ဆူတည်းအပေါ်မှာ ယုံကြည်သက်ဝင်မှုအပြည့်ရှိရတယ်"

သူက အဘိဓမ္မာကို လမ်းညွှန်သည်။

ကျွန်တော်တို့သည် ရည်ရွယ်ချက်မျိုးစုံဖြင့် သိင်္ဂုတ္တရကုန်းတော်ပေါ်သို့ ရောက်လာကြ၏။ ဥက္ကလာပမင်းကြီး၊ ဆင်ဖြူရှင်ဗညားဦး၊ ဗညားရံ့(ရာဇာဓိရာဇ်)၊ ရှင်စောပု၊ ဓမ္မစေတီမင်း၊ အလောင်းမင်းတရား၊ သာယာဝတီမင်း၊ နန်းမတော် မမြလေး၊ မင်းတုန်းမင်း၊ အင်္ဂလိပ်ခံတပ်၊ ခဲယမ်းမီးကျောက်အပြည့်နှင့် ရွှေတိဂုံ



ရင်ပြင်အောက်က ဥမင်လိုဏ်ခေါင်း၊ အရိုးပြာ၊ ရွှေတိဂုံဘုရားပေါ်က ကျားတစ်ကောင်၊ ၁၉၂၀ တက္ကသိုလ် ကျောင်းသားများ၊ လူများ၊ ခေတ်များ၊ အကြောင်းအရာများသည် ရွှေတိဂုံစေတီတော်နှင့် ပတ်သက်ဆက်နွယ်မှုတွေ ရှိနေသည်။

ဤကုန်းတော်ပေါ်၌ လှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်တွေ၊ ဂမ္ဘီရဆန်မှုတွေလည်း ရှိခဲ့နိုင် သည်။ ရုပ်ပုံဟောင်းတွေ၊ ဗီဒီယိုတွေနှင့် တွေ့ဆုံစကားပြောချင်၏။ သူတို့ပြောသောပုံပြင်တွေကို ကျွန်တော် နားထောင်ချင်ပါသည်။

ဦးစောကောင်းမှုဟူသော စာတန်းကို ရွှေတိဂုံဘုရားပရဝုဏ်အတွင်းက စေတီတစ်ဆူပေါ်မှာ ဖတ်ရသည်ဆိုပါစို့။ စာအုပ်တွေထဲဖတ်ခဲ့ဖူးသော အကြောင်းအရာအချို့၊ ရုပ်ပုံအချို့ ပြန်ပေါ်လာဦးမည်။ "မြန်မာပြည်မှာ နိုင်ငံရေး ဆက်လုပ်သွားရမယ်ဆိုရင် သည့်ပြင်ခေါင်းဆောင်တွေအားလုံးကို သတ်ဖြတ်ပစ်လိုက်ရလိမ့်မယ်" ဟု ဦးစောက သူ့တပည့်ဘည္ဘန့်ကို ဖွင့်ဟပြောပြဖူးသည်။ အဲဒီနောက် သူ့အစီအမံဖြင့် ဇူလိုင် ၁၉၊ အတွင်းဝန်ရုံးထဲက အစည်းအဝေးမှာ ဗိုလ်ချုပ်ဆောင်ဆန်းနှင့် အပေါင်းပါကောင်စီဝင်တို့ကို လုပ်ကြံခဲ့ကြ၏။ ဦးစောလည်း သူ့အပြစ်အတိုင်း သူခံရသည်။ ၁၉၄၈၊ မေလ ၈ ရက် လင်းအားကြီးအချိန်မှာ ဦးစောသည် လူ့ပြည်မှ အပြီးတိုင်ခရီးထွက်ခွာသွားရသည်။ တိုနံနက်စောစောကြီးမှာ သူသည် ပိုးလုံချည်နှင့် အပေါ်ဖုံးအင်္ကျီကို သပ်ရပ်စွာ ဝတ်ဆင်ထားသည်။

ဦးစောသည့် စေတီတော်ကို ရိုသေစွာဦးချ၏။ ဆောင်တာဝန်ကျအရာရှိများကို "ဗွဒ်ဘိုင်" ဟု ပြုံးပြုံးလေး နှုတ်မြွက်ကာ လက်ဆွဲနှုတ်ဆက်သွားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းတို့မှာ တိုင်းပြည်ကောင်းအောင် လုပ်မည့်အစီအစဉ်တွေကို ကိုယ်တိုင် အကောင်အထည်မဖော်လိုက်ရတော့ပါ။ အားလုံးကို ကောင်းရာသုဂတိသို့ လားစေချင်ပါ၏။

*

ရွှေတိဂုံဘုရား၏ ရင်ပြင်တော်ပေါ်မှာ ကျွန်တော်က အာရုံရသလိုသာ လျှောက်သွားတတ်ပါသည်။ လက်ယာရစ်ပတ်ခြင်းလည်း မဟုတ်။ အစီအစဉ်တကျလည်း မဟုတ်။ ရှင်စောပုဘုရား၏အမိုးကို စကားဝါပင်က ဖောက်ထွက်သွားသည်။ စကားဝါပွင့်တွေ ပွင့်ဝေပေးသည်။ စေတီပေါ် အပွင့်တွေ ခြွေချပေးသည်။ မွှေးမြနေပါသည်။ ရှင်စောပုဆုတောင်းပြည့်ဘုရားရှေ့မှာ မိန်းမသားများ ဝတ်ပြုနေကြ၏။ နှင်းဆီပန်းရနံ့တွေက ရုပ်ပွားတော်ရှေ့မှောက်မှာ မွှေးထုံသင်းမြနေပါသည်။ ရှင်စောပုသည် ဟံသာဝတီမြို့နန်းကို သမက်တော် ဓမ္မစေတီအား လွှဲအပ်ခဲ့ပြီး ရွှေတိဂုံ၏ အရိပ်အာဝါသအောက်မှာ သက်ဆုံးတိုင် ခိုလှုံအေးငြိမ်းခဲ့ရ၏။ ဝတ်ပြုနေသော မိန်းမသားများသည် ရှင်စောပု၏ အေးမြဟန်ကို ကူးပွားခံစားလိုကြပါလိမ့်မည်။

ရှင်စောပုလှူခဲ့သော မယ်ယက္ခခေါ် ဘီလူးမရုပ်တုကြီးက မြောက်ဘက်စောင်းတန်းထိပ် အရှေ့ဘက်ခြမ်းမှာ ရှိသည်။ အလွန်လက်ရာမြောက်သည်။ ရှေ့မှာ အုန်း၊ ငှက်ပျောပွဲတွေ၊ ဒန်ပေါက်တွေ၊ နှင်းဆီနီတွေ၊ စီးကရက်တွေ တင်းကြမ်းပြည့်မောက် လှူထွက်နေပါသည်။ လူအချို့သည် မယ်ယက္ခ၏ ရုပ်ပါဝါအပေါ်မှာ အားကိုးလိုဟန်ရှိသည်။ စီးကရက်တွေ သိပ်သောက်လျှင် ခေါင်းမူးနောက်နိုင်ပါသည်။ ကျန်းမာရေးထိခိုက်တတ်သည်။ ပန်းစားဘီလူးမဆိုလျှင်ဖြင့် နှင်းဆီပန်းတွေ ကျွေးလိုပါသည်။

*

ရွှေတိဂုံသို့ အနယ်နယ်အရပ်ရပ်မှ လူများ ဘုရားဖူးရန် အမြဲရောက်လာကြသည်။ ရန်ကုန်မြို့က လူများ ဘုရားကို ကြည်ညိုရန် အမြဲရောက်လာကြ၏။ မိမိကိုယ်မိမိ ယုံကြည်စိတ်ချကြသည်။ ခက်တာက ရွှေတိဂုံပေါ်မှာ ဆဲလ်ဖုန်း

တွေက မြည်လွန်းအားကြီးသည်။ ရွှေတိဂုံမှ ဇရပ်တန်ဆောင်းများသည် ရှေးဟောင်းများရော၊ အသစ်မွမ်းမံထားခဲ့မှုများရော အလွန်လှပတင့်တယ်၏။ ဘုရားဖူးများ နားနေခိုလှုံရန်လည်း အလွန် အသုံးဝင်သည်။ **မအေးငြိမ်းနိုင်သေးသူ၏ဘဝကို ရွှေတိဂုံ၏ အရိပ်အာဝါသက အေးငြိမ်းအောင် မိုးပေးထား၏။ မနွေးထွေးသူ၏ ဘဝကို နွေးထွေးအောင် ပွေ့ပိုက်ပေးထားသည်။**



ဒေါ်ငွေဇင်၏ ဇရပ်တန်ဆောင်းမှာ နားနေခိုလှုံသူ အလွန်များသည်။ ကြမ်းပြင်ပေါ်မှာ လူငယ်တစ်ယောက်သည် သူ့ကိုယ်ခန္ဓာကိုရော၊ သူ့ကျောပိုးအိတ်ကိုရော အရုပ်ကြိုးပြတ်ပစ်ချထား၏။ သူ့မျက်နှာနှင့် သူ့ကျောပိုးအိတ်က သူသည် ရန်ကုန်မြို့၏ သူစိမ်းတစ်ရံဆံ ဖြစ်ကြောင်း ဖော်ပြနေ၏။ သူ့မျက်လုံးတွေက သူဘယ် ကိုသွားရမည် မသိသေးကြောင်း ပြောပြနေ၏။ သူ့ဘဝကို ပက်လက်လှန် စဉ်းစားရန် ကျောတစ်ခင်းစာ လုံခြုံနွေးထွေးသော နေရာကလေး ရန်ကုန်မြို့ထဲမှာ သူရှာလို့ မတွေ့သေးခဲ့တာ အလွန်သေချာပါသည်။

လူလတ်ပိုင်းတစ်ဦးကတော့ ကြွပ်ကြွပ်အိတ်ကို အသေအလဲ ပွေ့ပိုက်ထားလျက် ကုလားသေကုလားမောအိပ်နေ၏။ ဇရပ်တန်ဆောင်း၏ အမြင့်ဆီမှာတော့ ဒေါ်ငွေဇင်၏ရုပ်ပုံလွှာကြီးမှာ မိန့်မိန့်ထည်ထည် ရှိလှသည်။ မျက်လုံးတွေက တောက်ပနေ၏။ သူ့ဆင်းရဲကိုဖြစ်စေ၊ သူ့ချမ်းသာကိုဖြစ်စေ အခွင့်အရေးတူညီစွာ နားခိုနိုင်ရန် တန်ဆောင်းကြီးကို ဆောက်လုပ်ခဲ့သည်။ ပေပေညစ်ညစ်ရောက်လာရသူကိုလည်း သူက မသိကျိုးကျွန်ပြုထားဟန်။ တစ်နေရာမှာ အမျိုးသမီးတစ်ယောက်က နိုးကြောင်နိုးဂုက် တိုးတိုးလေး ဗေဒင်မေးနေ၏။ မိမိကိုယ်မိမိ ရှင်သန်အောင် မွေးမြူဖို့တောင် မသေချာမရေရာသေးဟန် လူတစ်ယောက်က မျက်ကလဲဆန်ပြာ ဗေဒင်ဟောနေသည်။

ဝေယျာဝစ္စဆောင်ရွက်သော အသင်းတစ်သင်းက ရင်ပြင်တော်ပေါ်မှာ ညီညီညာညာ တံမြက်စည်းလှည်းနေကြ၏။ စတုဒိသာကျွေးမွေးမည့်သူများက တန်ဆောင်းတစ်ခုပေါ်မှာ အသင့်ပြင်ဆင်နေကြ၏။ ကျွန်တော်က ဇရပ်တန်ဆောင်း၏ အမိုးပြာသာဒ်တွေ၊ လင်းနို့တောင် ပန်းနွယ်ပန်းခက်တွေ၊ အဲသည့်အပေါ်က ပန်းပုရုပ်လှလှလေးတွေ လိုက်ကြည့်ချင်သည်။ ရွှေတိဂုံဘုရားမှာ ထူးထူးဆန်းဆန်း ကမ္ပည်းစာသားတွေ ရှိလျှင်လည်း လိုက်ဖတ်ချင်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကို ရည်စူး၍ ပုပ္ပါးမယ်တော်ကြီး မယ်ဝဏ္ဏ၊ သားတော် မင်းကြီးမင်းလေးနှင့် ဆွေမျိုးများကောင်းမှုဆိုသော စာသားမျိုးက ကျွန်တော့်ကို ပျော်ရွှင်ကြည်နူးစေပါ၏။

ရွှေပုတ်လုံးတိုင်ကြီးများနှင့် သိမ်ကြီးဈေးနှစ်ပြားတန်ဆောင်းကို ရောက်လျှင် ကျောက်စာကမ္ပည်းကိုဖတ်ရင်း သမိုင်းရုပ်ပုံများကို ပြန်မြင်သည်။ ၁၂၁၄ တွင် အောက်မြန်မာပြည်ကို အင်္ဂလိပ်ပိုင်စိုး၍ ရွှေတိဂုံစေတီမြတ်ကြီး၏ကုန်းတော်ကို ခံတပ်ပြုလုပ်ထားပြီးလျှင် အင်္ဂလိပ်စစ်တပ်က စောင်းတန်းအမိုးကို ဖယ်ရှားစေ၏။ ၁၂၁၄ မှ ၁၂၃၁ တိုင်အောင် ၁၇ နှစ်လုံးလုံး အင်္ဂလိပ်စစ်ဘက်ဆိုင်ရာဌာနက အနောက်ဘက်မုခ်တံခါးကို ပိတ်ထား၏။ ၁၂၃၁ တွင် အာစာနည်ယောကျ်ား

ဘဏ္ဍာထိန်းလူကြီးများ၏ ကြိုးပမ်းမှုကြောင့် အင်္ဂလိပ်အစိုးရက အနောက်ဘက်မုခ်ကို ပြန်လည်အပ်နှင်းသည်။ ၁၂၉၁ ခု တပေါင်းလဆန်း ၄ရက်နေ့၊ တနင်္ဂနွေနေ့တွင် ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် အထူးရွှင်လန်းဝမ်းမြောက်ကြကာ အနောက်မုခ် ဖွင့်ပွဲသဘင်ကို ခမ်းနားကြီးကျယ်စွာ ဆင်ယင်ကျင်းပကြ၏။

အနောက်မုခ်ဖွင့်ပွဲကြီးမှာ ရန်ကုန်မြို့က ရေးမြန်မာတို့ အပျော်ကြီးပျော်ကြ၊ ဆိုကြ၊ ကကြ၊ ကျွေးကြ၊ မွေးကြ၊ စားကြ၊ သောက်ကြ၊ တီးကြ၊ မှုတ်ကြ ပုံကို ကျွန်တော် မြင်လို့ရလာသည်။ အပျော်ရွှင်ဆုံး၊ ကျက်သရေအရှိဆုံး ဂီတာသံ၊ ဆိုင်းသံ၊ အိုးစည်ဒိုးပတ်သံ၊ ဗျောသံ၊ နှဲသံတွေ ကျွန်တော် ရွှေတိဂုံပေါ်မှာ ကြားလာရသည်။ ဟော... ရှင်ပြုအလှူပွဲတစ်ပွဲလည်း လှည့်လာနေပါလား။

*

သိမ်ကြီးဈေး၏ ဈေးသူဈေးသားများ တစ်နေ့နှစ်ပြားစီ ထည့်ဝင်စုဆောင်းကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးတို့၏ အလှူငွေနှင့် ပူးပေါင်းပြီး နှစ်ပြားတန်ဆောင်းကြီး တည်ဆောက်ခဲ့ကြတာကို ကျွန်တော် ကြည်နူးချမ်းမြ ဖြစ်ရသည်။ ရွှေတိဂုံဘုရားပရဝဏ်ထဲက တန်ဆောင်းတွေအားလုံးထဲမှာ ကျွန်တော် ဝင်ဝင်ထိုင်သည်။ လူငယ်တစ်ဦးသည် ချစ်သူထံ ဖုန်းဆက်နေ၏။ ပြုပြင်ထားသော ပုညကုသလဗဟုကာရအသင်း တန်ဆောင်းထဲမှာလည်း ထိုင်လို့ကောင်း၏။ တရုတ်အမျိုးသားဟန် လက်ရာများနှင့် တရုတ်ဘုံကျောင်းပုံ တန်ဆောင်းမှာ တစ်မျိုး လှပသည်။

ကျွန်တော် ရခိုင်တန်ဆောင်းကို အလွန်ကြိုက်ပါသည်။ အရှေ့ပါကစ္စတန်မှ ရခိုင်အမျိုးသားပွဲစားများက လှူဒါန်းခဲ့သည်။ လသာမြို့နယ်၊ စဉ့်အိုးတန်းလမ်းမှ ဦးဘထော်နှင့် ဦးဒိုးအောင်တို့က ကြီးမှူးခဲ့သည်။ တန်ဆောင်းအမိုးထက်ရှိ ပြာသာဒ်ဘုံဆင့်တွေက ရေးမှုဖြင့် လှပတည်ငြိမ်သည်။ မန္တလေးဗိသုကာဆရာဆိုင်၏ ဖခင်ဖြစ်သူဆရာခင်၏ လက်ရာဖြစ်ပါ၏။

*

မေတ္တာတရားဖြင့် ရှင်သန်ခဲ့သော သာမညဆရာတော်သည် ပုံလွန်တော်မူခါနီးမှာ ရွှေတိဂုံစေတီကိုလာ၍ ဖူးမြော်သွားသေးသည်။ အေးငြိမ်းကြည်လင်သော ရွှေတိဂုံရင်ပြင်တော်ပေါ်မှာ ကျွန်တော် ဖူးတွေ့ခဲ့ဖူး၏။

အလင်းသစ်စာပေ

ကျွန်တော်သည် ကုန်းတော်ပေါ်မှ ဆင်းခါနီးတွင် ထုံးစံအတိုင်း ပြတိုက်ထဲဝင်ကာ မြန်မာပန်းချီဆရာကြီးဦးထွန်းလှ၏ ရွှေတိဂုံပန်းချီကားကို အရသာခံပြီး ကြည့်သည်။ ဘုရားပေါ်မှ ဓမ္မစေတီမင်း၏ လမ်းညွှန်မှုစာတစ်ကြောင်းမှာ "**စားသုံးဖွယ်၌ ပမာဏကို သိရာ၏**" ဟူ၏။

*အလင်းတန်းဂျာနယ် (နိုဝင်ဘာ ၁၉၊ ၂၀၀၇)*

❑

ဖတ်စရာ စာအုပ်တွေ ရှိသလား မရှိဘူးလား

( ၁ )

ရန်ကုန်မြို့၏ အဆောက်အအုံအဟောင်းကြီးတစ်လုံးထဲမှာ ကျွန်တော် ရောက်နေသည်။ အဆောက်အအုံကြီးတစ်လုံးမှာ စာအုပ်အဟောင်းတွေချည်း ဖြစ်ပါသည်။ စာအုပ်တွေမှာ ပုံတိုက်အောတိုက်ဖြစ်ပါသည်။ စာအုပ်အဟောင်းရောင်းသူကလည်း ဟောင်းပြီ။ သူ၏မိတ်ဆွေနှင့် စကားစမြည်ပြောနေကြသည်။ သူ၏မိတ်ဆွေမှာ အငြိမ်းစာကျောင်းဆရာကြီးတစ်ဦးဖြစ်သည်ဟုသိရ၏။ မန္တလေးသားကြီးဖြစ်သည်။ သားသမီးများ အလုပ်အကိုင်ရှိရာ ရန်ကုန်မြို့တွင် ပြောင်းရွှေ့နေထိုင်သည်ဟုသိရ၏။ ကျွန်တော့်ကိုလည်း သူတို့စကားဝိုင်းထဲ ဆွဲသွင်းသည်။ အမှန်တော့ အငြိမ်းစားကျောင်းဆရာကြီးက ကျွန်တော်ခေါင်းထဲ သူ့စကားထည့်ချင်လို့ ခေါ်သွင်းခြင်းပါ။

“ကိုယ်ဟာ မန္တလေးသား။ မန္တလေးသားဆိုတော့ စာသိပ်ဖတ်တယ်။ ခက်တာက ကနေ့ခေတ်မှာ ကိုယ်တို့ဖတ်စရာ စာအုပ်မရှိသလောက်ပဲ။ ရွှေကိုဝယ်လို့ရတယ်။ စာအုပ်ကို ဝယ်လို့မရဘူး”

ရန်ကုန်ရောက် မန္တလေးသား အငြိမ်းစားကျောင်းဆရာကြီးက စာပေခေတ်ကြီးကို အပြစ်ဆိုလိုက်ပြီ။ သူသည် စာအုပ်ထုတ်ဝေသူများကို အပြစ်တင်ချင်သလား။ စာရေးဆရာများကို အပြစ်တင်ချင်သလား။ ကြောင်နန်ကောင်စာအုပ်တိုက်မှ ကိုမျိုးသည် လူငယ်များအတွက် တာရာမင်းဝေ၏လုံးချင်းဝတ္ထုများကို ထုတ်နေသည်။ တော်ဝင်မြို့မစာအုပ်တိုက်မှ ကိုဖိုးသည် လူငယ်များအတွက် အကြည်တော်၏ လုံးချင်းဝတ္ထုများကို ထုတ်ဝေနေသည်။ အငြိမ်းစားကျောင်းဆရာကြီးသည် ဘယ်လိုစာအမျိုးအစား ဖတ်ချင်တာလဲ။ လူကြီးပိုင်းထဲမှာ စာဖတ်ချင်သူ များသလား။

( ၂ )

စာအုပ်အသစ်ရောင်းသောဆိုင်များကို ကျွန်တော် လှည့်လည်ကြည့်သည်။ ၃၁ လမ်းနှင့် ၃၂ လမ်းမှာတော့ အငှားဆိုင်များအတွက် လုံးချင်းဝတ္ထုတွေသာ



ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ စာအုပ်အဟောင်းဆိုင်များ

အဓိကရောင်းသည်။ အငှားဆိုင်များသည် အပျော်ဖတ်လုံးချင်းဝတ္ထုများကိုသာ တင်သလား။ ရန်ကုန်မြို့၊ ပန်းဆိုးတန်းမှာ အခြားနေရာများမှာ လိုင်းစာအုပ်ခေါ် စာအုပ်မျိုးစုံ ပုံအောရောင်းနေပါသည်။ သော်တာဆွေ ရှိသည်။ အထောက်တော် လှအောင် ရှိသည်။ မောင်ပေါ်ထွန်း ရှိသည်။ မောင်မိုးသူ ရှိသည်။ ရွှေဒေါင်း ရှိသည်။ ဟာရီးရော်ဘင် ဘာသာပြန်စာအုပ်များလည်း ပြန်ထွက်နေပါသည်။ ထိုစာအုပ်များသည် ဓာတ်ကွင်းဓာတ်ကွက်များ ပါဝင်သည်။ ဓာတ်ကောင်များ ပါဝင်သည်။ ဓာတ်ရှိန်အတက်အကျများ ပါဝင်သည်။ ဓာတ်ကောင်၏ ကိုယ်ရည်ကိုယ်သွေးများ လည်းပါဝင်သည်။

သရုပ်မှန်သဘောဆောင်သော ဘာသာပြန်စာအုပ်ထုထုကြီးတွေလည်း ဖတ်လို့မကုန်နိုင်ပါ။ ဂေါကီ၏စာအုပ်ကို မြသန်းတင့် ဘာသာပြန်ထားသော 'ဘဝတက္ကသိုလ်' ရှိသည်။ ရှုန်းစတိန်းဘက်၏ စာအုပ်ကို မောင်ထွန်းသူ ဘာသာပြန်ထားသော 'တို့ဘဝ တို့ကမ္ဘာ' ရှိသည်။ ထို့နောက် 'လေရူးသုန်သုန်' ရှိသည်။ 'မှော်ရုံတောမှာ မောလှပြီ' ရှိသည်။ 'ပါရီကျဆုံးခန်း' စာအုပ်မှာ စျေးကွက်က တောင်းဆိုသော်လည်း ပြန်ထွက်မလာသေးပါ။ အဟောင်းတန်းမှာ တွေ့လျှင်လည်း အပြည့်အစုံဆိုလျှင် သောင်းဂဏန်းကျော်မည်။

မည်သို့ပင်ဖြစ်စေ လူကြီးများရော လူငယ်များရော ဖတ်စရာစာအုပ် များစွာ ထွက်နေပါသည်။ အငြိမ်းစားကျောင်းဆရာကြီးက ဖတ်စရာစာအုပ်တွေမရှိဘူး ဆိုသည်မှာ စာပေကို အသားလွတ်ငြင်းဆန်ခြင်း ဖြစ်ပါလိမ့်မည်။

ဝတ္ထုမဟုတ်သော စာအုပ်များလည်း ထွက်နေပါသည်။ သမိုင်းဆိုင်ရာ စာအုပ်တွေကို မြသန်းတင့်ဘာသာပြန်နှင့် ထုတ်ဝေထားသည်ကို ကျွန်တော်တို့ တွေ့နိုင်ပါသည်။ ဒေါက်တာသန်းထွန်းစာအုပ်တွေ အများကြီးရောင်းပေးနေကြ သည်။ ထို့နောက် မောင်စူးစမ်း၏ 'သံလွင်ပင်' ရှိသည်။ ကျော်ဝင်း၏ 'ကမ္ဘာပြား ပြီ' ရှိသည်။ ပီကာဆိုအကြောင်း ပန်းချီအနုပညာဆိုင်ရာစာအုပ်ကြီး ထွက်နေ သလို ဗင်ဂိုးအကြောင်းစာအုပ်တွေလည်း မြန်မာဘာသာပြန်နှင့် ထွက်နေပါသည်။ 'သံလွင်ပင်' ကို 'ကမ္ဘာပြားပြီ'ကို ဖတ်လျှင်ကမ္ဘာကြီးအကြောင်းရော၊ မိမိကမ္ဘာ ထဲမှာ ဘယ်လိုနေရာဝင်ယူမလဲဆိုတာကိုရော စာဖတ်သူမှာ စဉ်းစားတွေးတောစရာ တွေရှိလာမည်။ မိမိကိုယ်ကို ပြောင်းလဲပစ်စရာတွေ တွေ့လာမည်။ ကမ္ဘာကြီးက တော့ ပြောင်းလဲနေပါသည်။

"သားရွှေ့စာအုပ်မှာ မူရင်းအင်္ဂလိပ်စာအုပ်နဲ့ကွဲလွဲနေတာ တွေ့တယ်ကွ"

အခြား အင်္ဂလိပ်စာတတ်ပေတတ်လူကြီးတစ်ယောက်က ကျွန်တော့်ကို ပြောပြန်သည်။သူက အင်္ဂလိပ်သဒ္ဒါနည်းနှင့် ချဉ်းကပ်ပြီး အပြစ်တင်သည်။ အမှန် တော့ ကျွန်တော်တို့သည် အင်္ဂလိပ်သဒ္ဒါကို သင်ယူနေသည်မဟုတ်ပါ။ ဘာသာပြန် ဆရာတို့၏ နောက်ခံဒုံးတွေ့ရှိချက်အကြောင်းအရာများကို လိုက်လံဖမ်းဆွတ်နေ ခြင်းဖြစ်ပါသည်။ **ဘာသာပြန်ဆရာ၏ ရင်ထဲမှာရှိနေသော ခေတ်မီခြင်းနှင့် အကြောင်းအရာ သစ်လွင်ခြင်းကို အလေးအနက်ထားရမည်ဖြစ်ပါသည်။ ဘာသာပြန် သူ ရင်ဘတ်ထဲက ခေတ်မီမှု atmosphere ရှိနေခြင်းကိုက လေးစားချစ်ခင်ဖွယ် ကောင်းနေပါသည်။** 'သံလွင်ပင်' နှင့် 'ကမ္ဘာပြားပြီ' အတွက် ဘာသာပြန်ဆရာ နှစ်ဦးကို ကျွန်တော် ကျေးဇူးတင်ပါသည်။ **သူတို့ရင်ဘတ်ထဲက ခေတ်မီလို့သာ ခေတ်မီသောစာများကို ဘာသာပြန်နိုင်သည်။**

( ၃ )

ကျွန်တော်တို့ငယ်တုန်းက လုံးချင်းဝတ္ထုတွေ အပြိုင်းအရိုင်း မထွက်ပါ။ တက္ကသိုလ်ဘုန်းနိုင်၏ 'သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်နိုင်' ဖတ်သည်။ 'ကမ္ဘာ ကုန်ကျယ်သ၍' ဝယ်ဖတ်သည်။ နေရထိုင်ရတာ ဖော်ဖော်လေးအရသာရှိသွား

သည်။ ရသခံစားမှုမှာ တစ်အုပ်ဆိုတစ်အုပ် တော်တော်လေး လုံလောက်သွားသည်။ သို့သော် ယနေ့ အမြန်ကမ္ဘာမှာ ကျွန်တော်တို့ဘိတ်တွေကလည်း စပိတ်နှင့် ဖြစ်နေပါပြီ။ နိုင်ကို ကျွန်တော် ပြန်ဖတ်၍ မရတော့တာ အလွန်သေချာပါသည်။

ကျွန်တော် လုံးချင်းဝတ္ထုတွေ အတော်ဖတ်ခဲ့ပါသည်။ လင်းယုန်သစ်လွင် ဖတ်သည်။ သူ၏အမျိုးသားစာပေဆုရ ဝတ္ထုကိုလည်းကြိုက်သည်။ အကုန်ဖတ် သည်။ ကြိုက်ခဲ့မိသည်။ သိန်းသန်းထွန်း၏ 'ဘယ်ယန်းချီရေးလှိုင်းမီ' ကိုဖတ်သည်။ 'မိုးတာရွေ' ကိုဖတ်သည်။ ကြိုက်သည်။ နောက်ပြီး ကျွန်တော်ကြိုက်တာတွေ ရှိပါသည်။ ခင်နှင်းယု ဖတ်ခဲ့ပါသည်။ ခင်ဆွေဦး၏အစောပိုင်းလုံးချင်းဝတ္ထုများ ဖတ်ဖူးခဲ့ပါသည်။ အခြား ကျွန်တော်စွဲလမ်းသော လုံးချင်းဝတ္ထုများလည်း ရှိပါသည်။ ကြည်အေး၏ 'မောင်ကိုကိုနှင့်မြနန္ဒာ' ကျွန်တော် အလွန်ကြိုက်ပါသည်။

ရွေးချယ်ဖတ်ရှုနိုင်သောစာအုပ်ကောင်းများ



အလင်းသစ်စာပေ

ကျွန်တော်သည် ဖေမြင့်၏ 'ကျွန်း' ဝတ္ထုနှင့် 'ဆတ်သေချောင်းဒဏ္ဍာရီ' ဝတ္ထုကို အလွန်ကြိုက်ပါသည်။ ဂျူး၏ 'ကမ္ဘာမြေရဲ့ချစ်သူ' မဂ္ဂဇင်းဝတ္ထုရှည်လေးကို အလွန်ကြိုက်ပါသည်။ ကြည်အေး၏ 'အပြင်ကလူ' ဝတ္ထုဆန်သော်လည်း သဘာဝ ပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသည့် ဇာတ်ကောင်ကိုခံစားရပါသည်။ နောက်ပိုင်းမှာ တော့ ဝတ္ထုတိုထဲမှာ တာရာမင်းဝေ၏ဝတ္ထုတိုများ ထွက်လာလျှင် ဖတ်သည်။ အလံမထူခဲ့သောလက်များအမည်ရ တာရာမင်းဝေ၏ ဝတ္ထုတိုများကို ကျွန်တော် အငှားဆိုင်က ငှားဖတ်နေစဉ် တာရာမင်းဝေ မကွယ်လွန်သေးပါ။ သူနှင့် ကျွန်တော် လောကနတ်ပေါ်မှာ တစ်ခါဆုံဖူးပါသည်။ တာရာမင်းဝေ၏ဝတ္ထုတိုများမှာ အသစ် ဖြစ်နေတတ်သည်။ ကျွန်တော် ကြိုက်သည်။ သူမသေခင် သူ့ဝတ္ထုတွေ ဖတ်ရင်း သူ သေတော့မှာကို ကျွန်တော်သိနေသည်။ သူသည် စာရေးဆရာအလွန်ပီသစွာ ရှင်သန်ခဲ့သည်။ စာရေးဆရာသည် မင်းသားမဟုတ်ပါ။ ဂျာနယ်ပေါ်မှာ စာရေး ဆရာ၏ဓာတ်ပုံကို ဘယ်တော့မှ ကျွန်တော်မရှာဖွေပါ။ ဝတ္ထုထဲမှာသာ သူ့စိတ်နှင့် သူ့မက်ဆေ့ချ်ကို ရှာဖွေသည်။ အကြည်တော်ကို အကြည်တော်မဖြစ်မီ ကိုကြည် ဘဝက ကိုကြည်နှင့် ကျွန်တော် ၃၄ လမ်းမှာ အရက်အတူတူသောက်ကြဖူး သည်။ သူ၏ အောင်မြေလို လုံးချင်းဝတ္ထုမျိုးကို ကျွန်တော် ထောက်ခံပါသည်။

မြန်မာတိုင်း(မ်)မှ မစန္ဒာလွင်က တယ်လီဖုန်းထဲမှနေ၍ ကနေ့အချိန်မှာ ရသလုံးချင်းဝတ္ထုရှည်တွေ ရှားပါးနေသလားဟုဆိုသည်။ ကျွန်တော် မဖြေတတ်ပါ။ ဝင်းဝင်းလတ်၏ 'အချစ်၏နောက်ဆက်တွဲ စာမျက်နှာ' ကိုတော့ လူငယ်ရော၊ လူလတ်ပိုင်းရော ကြိုက်ကြသည်။ ဝတ္ထုကလည်း ရသစာပေဆန်သည်။ ခက်တာက တချို့ လက်သိပ်ကောင်းတယ်။ စာအုပ်ကောင်းတွေလည်း စုံစုံအောင် ဖတ်ထား တယ်။ ဒါပေမဲ့ လုံးချင်းဝတ္ထုရေးတဲ့အခါ ကလေးမကြိုက်မှာ အရမ်းစိုးရိမ်ပြီး ကလေးတွေ ကြိုက်အောင်ပဲ ရေးနေရတယ်။ ဒါဆို အငှားဆိုင်ကို ကလေးတွေပဲ ဝင်သလား။ လူကြီးတွေဖတ်တဲ့ မြသန်းတင့်၊ မောင်ထွန်းသူ၊ မောင်ပေါ်ထွန်း၊ ကျော်ဝင်း၊ ဒေါက်တာသန်းထွန်း ... အငှားဆိုင်တွေက မတင်ဘူးလား။ ကျွန်တော်တို့ အတွေးစဉ်းစားကြတာပေါ့။

မြန်မာတိုင်းမ်ဂျာနယ် (အောက်တိုဘာ ၂၆ – နိုဝင်ဘာ ၁၊ ၂၀၀၇)

❑

နှင်းရည်စက်တွေ အရှေ့ဘက်မြို့ရိုး မြတ်နိုးရင်ခုန်

( ၁ )

မန္တလေးမြို့ရဲ့ မနက်ခင်းမှာ မန္တလေးနန်းတော်မြို့ကြီးကို လှမ်းလှမ်းကြည့်ရင်း လမ်းလျှောက်နေရသူအဖို့ ကိုယ်တိုင်အလိုလို ကြီးကျယ်ခမ်းနားနေသလို။

မင်းတုန်းမင်းကြီးသည် မိဖုရားခေါင်ကြီးနှင့်အတူ 'တိမ်ဦးလရောင်' ဆင်မတော်တွင် ရွှေစက်တော်တင်၍ ရှေ့သုံးတပ်၊ နောက်သုံးတပ် ဝင်း၊ ကိုယ်ရံတော် အခင်းအကျင်းများနှင့် အမရပူရရွှေမြို့တော်မှ မန္တလေးသို့ ပြောင်းရွှေ့တော်မူသည်ကို စာအုပ်ထဲမှာ ကျွန်တော်ဖတ်ဖူး၏။

ပတ္တမြားအုတ်၊ ရွှေအုတ်၊ ငွေအုတ်တို့ဖြင့် နန်းမြို့တော်ကို အုတ်မြစ်ချစေ ခဲ့၏။

ပဟိုရ်စင်တော်တိုင်၏အရင်းအမြစ်မှာအင်းတော်များလည်း မြှုပ်နှံထားစေခဲ့ သည်။ ရွှေနန်းတော်ကြီး၊ မှန်နန်းတော်၊ ပြာသာဒ်တော်မှစ၍ အဆောင်တော်ကြီးများ ကို ရွှေတံမျဉ်းကြီး၊ ငွေတံမျဉ်းကြီးခင်း၍ ရွှေပန္နက် ငွေပန္နက် စိုက်မှတ်စေခဲ့သည်။

ရွှေမန္တလေး၏မနက်ခင်းမှာ ရွှေနန်းတော်၏ နီညိုရောင်မြို့ရိုးထူထူမြင့်မြင့် ကြီးကိုလှမ်းကြည့်ရင်း ကျွန်တော် လမ်းလျှောက်နေ၏။ မန္တလေးမြို့ရဲ့မနက်ခင်းမှာ ကျုံးနံဘေးတွင် လူတွေ လမ်းလျှောက်နေကြသည်။ အသားဝါဝါ၊ အသားဖြူဖြူများ က ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတွေ အရမ်းလုပ်ကြသည်။ ပျော်ရွှင်ပါစေ မန္တလေး လမ်းမများ။

( ၂ )

ကျွန်တော်လည်း မန္တလေးမြို့က လူတွေထဲမှာ နံနက်စောစော လမ်းလျှောက် နေရတာ ကြည်နူးပါသည်။ အလွတ်ရနေသော ကဗျာလေးတစ်ပုဒ်ကို လမ်းလျှောက် ရင်း ရွတ်ဆိုမိသည်။ နတ်တွေတော်သော နတ်တော်လမှာ ကဗျာလေးကို ရွတ် ဆိုမိသည်။



"ဒေါ မိုင် လမ်းလျှောက်ရင်း အာရောဂျ ပရမံ လာဘာံ သုခံ ဝဟံ တေးသံကျူးရင်း မြူကာမြောက်ကာ လမ်းလျှောက်လာပြီ ကဗျာဆရာလေ ခွေးတွေနောက်က တစီစီ"

ကြည်နူးပြီး ကဗျာလေးကို ရွတ်ဆိုမိသည်။ ကဗျာလေးရွတ်ဆိုတော့ ပိုရွှင်မြူးသွား၏။ မန္တလေးမြို့ရဲ့မနက်ခင်းမှာ ကျွန်တော် ခပ်သွက်သွက်လမ်းလျှောက်နေမိသည်။

အချို့အမျိုးသမီးများက အလှမွေးခွေးပုပုလေးတွေနှင့်အတူ လမ်းလျှောက်နေကြသည်။ စုဖုရားလတ်လည်း ဥရောပခွေးပုပု အမွေးစုတ်ဖွားလေးတွေ ချစ်တတ်သည်။ ကျွန်တော့်အနောက်မှာ ခွေးကလေးတစ်ကောင် ကပ်လိုက်လာသလား။ ကျွန်တော် နောက်ပြန်လှည့်ကြည့်မိ၏။

ဩော် ... ကျွန်တော့်နောက်မှာ ခွေးတစ်ကောင်နှင့် မိန်းမတစ်ယောက် အတူတူလမ်းလျှောက်နေကြတာကိုး။

( ၃ )

မန္တလေးမြို့ရဲ့မနက်ခင်းမှာ အသားဝါဝါ မိန်းမသားများ လမ်းလျှောက်နေကြသည်။ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတစ်ဝိုက်မှာ ကန်တော်ကြီးတစ်ဝိုက်

မှာ ကျွန်းမာရေးလေ့ကျင့်ခန်းလုပ်နေကြသလို မန္တလေးကျုံးနံဘေးမှာ အသားဝါဝါ မိန်းမသားများ ကျွန်းမာရေးလေ့ကျင့်ခန်း လုပ်ကြသည်။

မန္တလေးမြို့ရဲ့အရသာ၊ ရန်ကုန်မြို့ရဲ့အရသာ၊ ရွှေမြို့တော်တို့ရဲ့အရသာ၊ နံနက်ခင်းရဲ့အရသာ၊ လူ့ဘဝဖြစ်တည်မှုရဲ့အရသာကို သိလွန်းလာကြပြီလား။ တရုတ်စာ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာကို သူတို့ရဲ့ သူတို့လေးတွေ သင်ကြမယ်။ မြန်မာကဗျာလေးတစ်ပုဒ်ရဲ့အရသာတော့ မမြည်းကြည့်ဖူးသေးဘူး။ မြို့တော်ရဲ့ နိုင်လွန်ကတ္တရာလမ်းမကြီးပေါ် မှန်လုံကားအနက်ကြီးတွေ မောင်းမယ်။ ပုစွန် ဟမ်ဘာဂါစားမယ်။ ရွှေမြို့တော်မှာ စိမ်ကျကျနေထိုင်ရေးအတွက် အသက်ကလေး ရှည်အောင်မွေးဖို့ လိုသေးတယ်ဆိုတော့။

ကျွန်းမာရေးလေ့ကျင့်ခန်းတွေ လုပ်မယ်ပေါ့။

(ဒါလည်း လူ့သဘာဝပဲပေါ့။)

ကျွန်တော်ကတော့ မန္တလေးနန်းတော်၏ မြို့ရိုးကြီးကို ခံစားချင်လွန်းနေ သည်။ ကျွန်းမာရေးဆိုသည့် ဝေါဟာရလေးကို အခု ကျွန်တော်မေ့နေသည်။ ရွှေနန်းတော်မြို့ရိုးကြီးတွေ၏ မဟာဂန္ဓဝင်ဆန်မှုတွေက ကျွန်တော့်ကို စုပ်ယူနေ သည်။ အရှေ့မြို့ရိုးမှာ နှင်းရည်စက်တွေနှင့်။

## ( ၄ )

မန္တလေးရတနာပုံ၏ နန်းတော်မြို့ရိုးမှာ မြို့တံခါး ၁၂ ရပ်ရှိပါသည်။

သတိုးမင်းကြီး မဟာမင်းလှသီဟသူ ကြီးကြပ်သည်မှာ နန်းမြို့ရိုးအရှေ့ မျက်နှာအလယ် 'သူရဇ္ဇ' ဓာတ်တံခါးဖြစ်ပါသည်။ မြို့ဦးမြို့ထိပ်ကို အစွဲပြုကာ ဓာတ်သဘောလည်း သင့်တင့်အောင် 'ဦးထိပ်' တံခါးဟူ၍ သမုတ်တော်မူခဲ့ သည်။ အို ... အရှေ့မြို့ရိုးဘက်မှာ နှင်းရည်စက်တွေနှင့်။ အုတ်ပလ္လင်အမြုခံကာ လူနှစ်ဖက်စာ ကျွန်းတိုင်နီနီကြီး၏ ထိပ်မှာ ရွှေစာလုံးကြီးများဖြင့် ...

"သက္ကရာဇ် ၁၂၂၁ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့ ညဦး ၃ ချက် တီးကျော် ၇ ရက် တနင်္လာနေ့အဝင် ၄ နာရီ ၂ ပါဒ် အချိန်တည် ရတနာပုံမ် ရွှေမြို့တော်ကြီး ဦးထိပ်တံခါး"

ဟု ကမ္ပည်းမော်ကွန်း တပ်မှတ်ထားသည်။ မြို့လေးထောင့်မှာ တွင်း နက်နက်ကြီးတူး၊ အုတ်အင်္ဂတေ အသေအချာ လုပ်ဆောင်ပြီး ဆီအပြည့်ဖြည့်ထား သော စဉ့်အိုးအကြီးစားကြီးတွေ မြှုပ်နှံသေးသည်။ အဘယ်နိမိတ်ပါလိမ့်။ ဆီကို

**ရေချိုး၊ ဆေးရိုးမီးလုံ့၊ ပေါ်များကြွယ်ဝစေချင်တာလား။ ရှေးဟောင်းနန်းတော်၊ ရှေးဟောင်းမြို့ရိုးရဲ့ အနံ့အသက်ရွှေနှင်းတွေထဲမှာ ငြိတွယ်နေသည်။ အရှေ့မြို့ရိုးဘက်မှာ နှင်းရည်စက်တွေနှင့် ...။**

( ၅ )

"သင့်မြက်ခင်းမှာ "နှင်း"တွေ တွေ့လား

လေးစားစရာ ခွတ်ဆက်ပါ

ဖက်လဲတကင်း ခံစားပါ"

နှင်းတွေကို ချစ်တတ်သော ရန်ကုန်မြို့က ကဗျာဆရာ မြေချစ်သူသည် စောစောစီးစီး မြေကြီးနှင့် ချစ်ခဲ့ရသည်။ ကဗျာဆရာနှင့် ကျွန်တော် ဗိုလ်အောင်ကျော်လမ်းအောက်ဘက်က ညောင်ပင်ကြီးတစ်ပင်အောက်မှာ အကျအနထိုင်ပြီး မိုတွေကို ပြောင်းဖူးစေ့တွေ ကျွေးခဲ့ကြဖူးသည်။ ယခုတော့ သူချစ်သော နှင်းတွေက ...။ ချစ်သူရေ ... အရှေ့မြို့ရိုးဘက်မှာ နှင်းရည်စက်တွေနှင့်။

မန္တလေးတောင်က ကျွန်တော့်မျက်နှာမူရာတည့်တည့်မှာပါ။ နှင်းမြူတွေထဲက မန္တလေးတောင်က အရမ်းကို လှနေသည်။ မန္တလေးနှင်းမြူတောင်။ နှင်းမြူမန္တလေးတောင် ပန်းချီကားကို မိုးနေး မဆွဲပါနဲ့။ ဦးလွန်းကြွယ် ဆွဲပေးပါ။ မန္တလေးမြို့အနီးမှာ မန္တလေးတောင်ဆိုသည့် တောင်ကလေးတစ်လုံး ရှိနေတာ ပျော်ဖို့ကောင်းလှသည်။ မန္တလေးတောင်ကိုအစွဲပြုပြီး မန္တလေးမြို့ဟု ခေါ်တွင်လာသည်။ မန္တလေးသူ မန္တလေးသားတွေ မန်းတောင်ရိပ်မိုလျှင် အသက်ရှည်ကြသည်။ အသက်ရှည်ဖို့ မန်းတောင်ရိပ်ခိုကြသည်။ မန္တလေးသူမန္တလေးသားတွေ အသက်ရှည်ဖို့၊ ကျန်းမာဖို့ မန္တလေးတောင်ကိုကြည့်ရင်း ကျွန်တော် ဆုတောင်းမေတ္တာပို့သပါသည်။ အသက် ၉၂ နှစ်ပြည့်ခဲ့ပြီဖြစ်သော ဘီးတပ်ကုလားထိုင်ပေါ်မှာ သတင်းစာဆရာမကြီး လူထုဒေါ်အမာသည် ဟိုတုန်းကတော့ ကျုံးနံဘေးမှာ မနက်စောစောတိုင်း လမ်းလျှောက်တတ်သည်။ ပျော်ရွှင်ပါစေ ... မန္တလေးလမ်းမများ။ အသက်ရှည်ပါစေ မန္တလေးသူ၊ မန္တလေးသားများ။

( ၆ )

မန္တလေးမြို့ရဲ့ မနက်ခင်းမှာ ခွေးတစ်ကောင် လမ်းလျှောက်နေသည်။ မောင်ကိုကို လမ်းလျှောက်နေသည်။ မန္တလေးသူ၊ မန္တလေးသားများ လမ်းလျှောက်

နေသည်။ မန္တလေးမှာမွေး မန္တလေးမှာကြီးပြင်းခဲ့သော မြန်မာဆန်ဆန် ညိုညို မောင်းမောင်း အမျိုးသားများ လမ်းလျှောက်နေသည်။ အသားလတ်လတ် အမျိုးသမီးများ လမ်းလျှောက်နေသည်။ အသားဝါဝါ အသားဖြူဖြူများက ကျန်းမာရေးလေ့ကျင့်ခန်းတွေ အရမ်းကို လုပ်နေကြသည်။

ကျွန်တော်အကြိုက်ဆုံးဝတ္ထုတိုဆရာမှာ ကိုလံဘီယာနိုင်ငံမှာ မွေးဖွားသူ လက်တင်အမေရိက စာရေးဆရာ ဂါစီယာမားကွက်စ် ဖြစ်ပါသည်။ ကျွန်တော် အကြိုက်ဆုံး ကဗျာဆရာမှာ မြန်မာနိုင်ငံမှ ကဗျာဆရာ မောင်ချောနွယ်ဖြစ်သည်။

(စစ်အတွင်းက ကွဲသွားတဲ့
သူငယ်ချင်း ညီအစ်ကိုတွေ
ချစ်ခြင်းနဲ့ အမြဲပဲ ညီညာကြစေ)
သူက အဲဒီလို ကဗျာဖွဲ့တတ်၏။

အဲဘတ်ကမူး၏ အပြင်လူ 'မာဆိုး' မှာ စိတ်ဝင်စားဖို့ ကောင်းသလို ပါရီကျဆုံးခန်းဝတ္ထုကြီးထဲက 'လူဆန်း' ဆိုသည့် ငနဲကလည်း စိတ်ဝင်စားဖို့ ကောင်းသည်။ ခေတ်ကြီးထဲမှာ သူ့စိတ်နှင့်သူ့ကိုယ် နေတတ်ခဲ့သည်။

ငွေနှင်းငယ်မှုန် လေညင်းရယ် တသုန်သုန် ဆော်သွေးနေပါ၏။ တောင်သမန်အင်းမှာလည်း လေညင်းကလေးတွေ မြူးဆော့နေပါသည်။ မန္တလေးတောင်ပေါ်က နှင်းမြူတွေထဲက တရုတ်စကား ပန်းရနံ့ ထုံထုံအီအီတွေ ဖွဲ့စည်းနေ၏။

နတ်တော်လသည် နတ်များ တော်သောလ ဖြစ်ပါသည်။ စာဟောစာပြော စာပြိုင်စာနိုင်လုကြသော စာဆိုတော်တို့၏ လဖြစ်ပါသည်။ နတ်ထက်တော်သော ကဗျာဆရာတွေလည်း ရှိနိုင်သည်။ ဒဂုန်တာရာ၊ ဓော် (ဗျဉ်းမနား)၊ သုခမိန်လှိုင်၊ မောင်ချောနွယ်၊ မိုးဃ်းဇော်... မြန်မာပြည်မှ ကဗျာအလွန်ကောင်းသော ကဗျာဆရာများကိုတော့ စာဟောစာပြောစင်မှာ တစ်ခါမှ ကျွန်တော်မမြင်ဘူးပါ။ သူတို့အသံတွေကိုတော့ သူတို့ကဗျာထဲမှာသာ နားထောင်ရသည်။ ကျွန်တော်တို့က စာမျက်နှာပေါ်က အသံတွေကို ပိုချစ်မိသည်။ လူငယ်ကဗျာဆရာတွေကတော့ မယ်ဇင်ပင်ကြီးတွေကို သိပ်ချစ်တယ်တဲ့။ မယ်ဇင်ကြီးတွေအောက်မှာမှ ဗိုင်တစ်ခွက်နဲ့ ကဗျာရွတ်ချင်ကြသတဲ့။ သံလွင်လမ်းက မင်းဝေအောင်၏ မြန်မာရနံ့ပန်းချီကားတွေ ကမ္ဘာကိုပတ်နေ၏။

မြန်မာတိုင်းမ်ဂျာနယ် (ဇန်နဝါရီ ၁၁ - ၁၇၊ ၂၀၀၈)

❑

အလင်းသစ်စာပေ

ကျွန်တော်စွန့်စားလို့ကျေးဇူးဆပ်ပါရစေ

ကျွန်တော်ဟာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသက လူတစ်ယောက်။

ရွာတစ်ရွာက လူတစ်ယောက်ဟာ ဒီအချိန်ဒီအခါမှာ ရွာတွေအားလုံးက လူတစ်ယောက်နဲ့ အတူတူပဲ။

သေချာတာက နာဂစ်မုန်တိုင်းရဲ့ဒဏ်ကို ခံစားခဲ့ရသူတစ်ဦး။

မုန်တိုင်းထဲက လူ။

မုန်တိုင်းနဲ့အတူ ရေတွေက ရောက်လာပြီး အဲဒီရေကြီးထဲ အဲဒီရေစီးထဲ အဲဒီပြင်းထန်မာန်ကဲတဲ့ လှိုင်းလုံးထဲ မျောပါသွားခဲ့တဲ့လူတစ်ယောက်။

ကမ်းရိုးတန်းဒေသ ဂေဟာစနစ်ပျက်စီးခဲ့ရလို့ ဒီရေတောတွေ ပျက်စီးခဲ့ရလို့ ရေတွေ ဒီလောက်ကြီးတာ၊ ရေတွေ ဒီလောက်စီးတာလို့ သူတို့က ပြောကြ သုံးသပ်ကြရဲ့။

သဘာဝဘေးအန္တရာယ်နဲ့ ကျွန်တော် ထိပ်တိုက်ရင်ဆိုင်ခဲ့ရတယ်။

တကယ့်ကို ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ် အတောင့်လိုက်ရင်ဆိုင် ရတာ။

ကျွန်တော်တို့ တိုက်ခိုက်ကြတယ်။

အမှန်ကတော့ ကျွန်တော်က နာဂစ်ကို တိုက်ခိုက်တာမဟုတ်ဘူး။ နာဂစ်က ကျွန်တော်တို့ဒေသက လူအားလုံးကို တိုက်ခိုက်တာ။ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ဘဝတွေကို၊ ကျွန်တော်တို့ရဲ့အသက်အိုးအိမ်တွေကို သူ့ဆီက တိုက်ခိုက်လုယက်ယူရတာ။ အိုးအိမ်ကတော့၊ စည်းစိမ်ကတော့ နာဂစ်ထဲ ပါသွားတယ်ဗျာ။ အသက်ကို စစ်ခင်းယူရတာကတော့ ကျွန်တော့်ဘဝမှာ ကျွန်တော့်တစ်သက် ဒါဟာ ပထမဦးဆုံးအကြိမ်။

ကျွန်တော့်ရွာလေးကိုတော့ နာဂစ်က သတ်စားသွားတယ်ဗျာ။

ကျေးဇူးတင်တယ် ကမ္ဘာကြီးရယ်။



ဒီစကားလုံးကို ကျွန်တော် ကြားဖူးခဲ့ပါတယ်။ သီချင်းတွေထဲမှာလား၊ ကဗျာထဲမှာလား။ ဒါပေမဲ့ စကားလုံးတွေသာ ကြားနေရတယ်။ အဓိပ္ပာယ် မသိခဲ့ဘူး။

နာဂစ်နဲ့တွေ့တော့မှ ကမ္ဘာကြီးကို ကျေးဇူးတင်ရမှန်း ကျွန်တော် ကောင်းကောင်းသိတယ်။ **လူတွေဟာ၊ တိုင်းပြည်တွေဟာ အထီးတည်းမဟုတ်မှန်း ကျွန်တော်ကောင်းကောင်း သိသွားတယ်။ လူတွေဟာ အနီးအဝေး အကုန်ဆက်စပ်နေကြတယ်။ တိုင်းပြည်ဆိုတာကလည်း သူ့ထီးတည်းမဟုတ်ဘူး။ ကမ္ဘာကြီးနဲ့ ဆက်စပ်နေတယ်။** ဒါကို ကျွန်တော် ကောင်းကောင်းသိသွားပြီ။

ကျွန်တော်တို့ထံ လူတွေ လာကြတယ်။

ကျေးဇူးတင်တယ်ဗျာ။

ရန်ကုန်က လာတယ်။ မန္တလေးက လာတယ်။ အနယ်နယ်အရပ်ရပ်က လာကြတယ်။ တိုင်းပြည်အသီးသီးက လာကြတယ်။ ကမ္ဘာကြီးက ကျွန်တော်တို့ထံ လာတယ်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတောင် လာတယ်ဗျာ။

သူပြောတာက ...

"ကျွန်တော်တို့အတွက် လတ်တလော စိန်ခေါ်နေတာကတော့ လူသား အချင်းချင်း စာနာထောက်ထားတဲ့အလုပ်သာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အလုပ် ကတော့ အသက်ကယ်တင်ဖို့နဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် ကူညီ ဖို့ပဲ ဖြစ်ပါတယ်" တဲ့။

ကျွန်တော်တို့နဲ့ပတ်သက်တဲ့ သတင်းတွေကို ကျွန်တော် ပြန်နားစွင့်ပါ တယ်ဗျာ။ နားထောင်နေပါတယ်ဗျာ။ ကျွန်တော်တို့နဲ့ ပတ်သက်တာတွေ ကျွန်တော် ပြန်ဖတ်ပါတယ်ဗျာ။

ကျွန်တော်တို့ဟာ သဘာဝဘေးအန္တရာယ်နဲ့ တွေ့ဆုံပြီးတော့ မမျှော်လင့် သော အကျိုးဆက်တွေကိုလည်း တွေ့ကြုံကောင်းတွေ့ကြုံနိုင်တယ်တဲ့။ 'ကောင်း တဲ့အနာဂတ်' တွေ ဖြစ်လာမယ်လို့ ကျွန်တော် ယုံတယ်ဗျာ။ ကျွန်တော်တို့က ဒီလောက်ဆိုးဝါးတဲ့ သဘာဝဘေးအန္တရာယ်ကို တွေ့ကြုံပြီးမှဖြင့် ကောင်းတဲ့ အနာဂတ်ဟာ ကျွန်တော်တို့ထံ လာကိုလာရမယ်။ အဲလို ယုံတယ်။ ကောင်းတဲ့ အနာဂတ်ကို ကြိုဆိုရမယ်။

**သဘာဝဘေးအန္တရာယ်တွေမှာ ကြေကွဲစရာတွေရှိနေသလို 'အခွင့်အလမ်း' တွေလည်း ရှိတယ်တဲ့။ ကြေကွဲစရာတွေအတွက် ဝမ်းနည်းပူဆွေးနေတာထက်၊ တစ်ဦးနဲ့တစ်ဦး အပြစ်ဖို့စကားဆိုနေတာထက်၊ အခွင့်အလမ်းတွေကို ဆုပ်ကိုင်နိုင် ဖို့ ကြိုးစားကြမယ်ဆိုရင် အဆိုးမှ အကောင်းကို ပြောင်းလဲမယ်တဲ့။** ကြိုက်တယ် ဗျာ။ ဆရာတွေဟာ ကျွန်တော်တို့အတွက် စဉ်းစားပေးကြတယ်။ ကမ္ဘာဟာ ကျွန်တော်တို့အတွက် စဉ်းစားပေးတယ်။ မစ္စတာဘန်ကီမွန်းဟာ ကျွန်တော်တို့ အတွက် စဉ်းစားပေးတယ်။ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့ ကြီးဟာလည်း ကျွန်တော်တို့အတွက် စဉ်းစားပေးတယ်။

ဒါပေမဲ့ ကျွန်တော့်ရွာလေးတွေ ရေစီးထဲ မျောပါသွားတယ်ဗျာ။

ကျွန်တော့်ရွာလေးကို နာဂစ်က သတ်စားလိုက်ပြီဗျာ။

နိုင်ငံတော်ပိုင်းက၊ ပုဂ္ဂလိကကဏ္ဍက၊ လူအဖွဲ့အစည်းအနေနဲ့က ကျွန်တော် တို့အတွက် ပါဝင်လှုပ်ရှားကြတာ ကျွန်တော် အရမ်းကျေးဇူးတင်တယ်ဗျာ။

ဆေးရုံတွေ၊ ကျောင်းတွေ၊ လမ်းတံတားတွေ ပြန်လည်တည်ဆောက် ထူထောင်ဦးမယ်ဆိုတာလည်း ကျွန်တော် ယုံကြည်ပါတယ်။

ခက်တာက ကျွန်တော့်ရွာလေးနစ်ကောင် နာဂစ်ဆီ ပါသွားတယ်ဗျာ။

သူ စားရက်တယ်။

မြို့တော်ကြီးဆီက အလှွန်လှပကြော့ရှင်းတဲ့ မိန်းကလေးတွေ၊ ရုပ်ရှင်မင်းသမီးလေးတွေက ဂျင်းဘောင်းဘီဝတ်ပြီး၊ နေကာမျက်မှန်တပ်ပြီး ကျွန်တော်တို့ကို စားစရာ၊ အဝတ်အထည်၊ ဆေးဝါးပေးနေပုံက သိပ်လှပါတယ်ဗျာ။

တစ်ဖက် ပေးကမ်းသူဘက်က ရုပ်အဆင်း သိပ်တင့်တယ်။ သိပ်သန့်ရှင်းကြည်လင်ပြီး ...။

ကျွန်တော်တို့ရုပ်သွင်က ...။

ကျွန်တော် တွေးမိတယ်။ **ဒီလိုပေးကမ်းမှုတွေကို ကျွန်တော့်တို့လက်ဖြန့်ခံနေရတဲ့ဘဝထဲမှာ ကျွန်တော်တို့ အကြာကြီးနေလို့မဖြစ်ဘူး။** သူတို့တွေကို ကျွန်တော်တို့ စိုက်ပျိုးတဲ့ ဆန်စပါးတွေနဲ့ ကျွေးမွေးဖူးပါတယ်။ ဘဝနဲ့ချီလို့ပါ။ ဘိုးဘွားစဉ်ဆက် ခေတ်အဆက်ဆက်ပါ။ ကျွန်တော်တို့ စိုက်ပျိုးတယ်။ သူတို့က ဝယ်စားကြတယ်။ အခု သူတို့က စားစရာတွေ လာပေးလို့။

ဒီအခြေအနေဟာ ကျွန်တော်တို့ သိမ်ငယ်စိတ်ဝင်သွားတဲ့အထိ ကြာသွားလို့မဖြစ်ဘူး။

ကျွန်တော်တို့ လုပ်ငန်းခွင်ဆီ ပြန်ဝင်နိုင်မှ၊ **ကျွန်တော် အလုပ်ပြန်လုပ်နိုင်မှ ကျွန်တော်တို့ဘဝက ပြန်လည်တောက်ပမယ်။** ကျွန်တော်တို့ဟာ တောက်ပခဲ့သူတွေပါ။ ကျွန်တော်တို့ မှုန်ဝါးသွားလို့ မဖြစ်ပါ။



ကျွန်တော်တို့ဟာ တိုင်းပြည်ရဲ့စပါးကျီ။

ကျွန်တော်တို့ဟာ ထည်ဝါခံ့ညားခဲ့သူတွေ။

ခက်တာက ကျွန်တော့်နွားလေးနှစ်ကောင်ကို နာဂစ် စားသွားတယ်။

ကူညီတဲ့လူတွေကိုရော၊ ကူညီတဲ့ ကမ္ဘာကြီးကိုရော ကျွန်တော်အားနာပါတယ်။

ဒါပေမဲ့ ...

ကျွန်တော့်ကို နွားနှစ်ကောင် အရင်းအနှီးထောင်ပေးပါ။ ဒါမှမဟုတ်ရင် လယ်ထွန်စက်ပေါ့ ကျွန်တော် တက်မောင်းခွင့်ပြုပါ။

**ကျွန်တော့်ကို စိုက်ပျိုးခွင့်ပြုပါ။ ကျွန်တော့်ကို မျိုးကြဲခွင့်ပြုပါ။ ကမ္ဘာကြီး စိမ်းစိုအောင် ကျွန်တော် ဆောင်ရွက်ပါရစေ။**

ပြီးတော့ ရွှေရောင်သီးနှံတွေနဲ့ ကမ္ဘာမြေပေါ်က လူတွေကို ကျွန်တော် ပြန်လို့ကျေးဇူးဆက်ပါရစေ။

ကမ္ဘာမြေကြီး... ကမ္ဘာကြီးရယ် ...

ကျွန်တော် စွန့်စားလို့ကျေးဇူးဆပ်ပါရစေ။

ကျွန်တော် စွန့်စားလို့ကျေးဇူးဆပ်ပါရစေ။

*မြန်မာတိုင်းမ်ဂျာနယ် (ဇူလိုင် ၄ - ၁၀၊ ၂၀၀၈)*

❑

၂၀၀၈ အချစ် အလွမ်း စွန့်စားခန်း ပုံရိပ်အပိုင်းအစများ

၂၀၀၈ ထဲမှာ ကျွန်တော်ချစ်သော စကားလုံးအချို့ရှိ၏။ ၂၀၀၈ ထဲမှာ ကျွန်တော့် အသည်းနှလုံးပေါ် ကျရောက်လာသည့် ပုံရိပ်အချို့လည်း ရှိ၏။ ၂၀၀၈ ထဲမှာ စာနှာထောက်ထားစရာအဖြစ်အပျက်အချို့လည်း ရှိသည်။

၂၀၀၈ ဇန်နဝါရီလဆန်းသည်နှင့် ကမ္ဘာ့စာနယ်ဇင်းအချို့၏မျက်နှာဖုံးတွင် နှုတ်ခမ်းနီရဲရဲနှင့် **ဘနာဇီယာဘူတို**၏ရုပ်ပုံကို ကျွန်တော်တို့မြင်ကြရ၏။ ချောမောလှပသော ပါကစ္စတန်အတိုက်အခံခေါင်းဆောင် ဘနာဇီယာဘူတိုမှာ သေနတ်ဒဏ်ရာနှင့် သေဆုံးခဲ့ရရှာသည်။



ဘနာဇီယာဘူတို

၂၀၀၈၊ မတ် ၁၀ မနက်မှာ **စိုင်းထီးဆိုင်** ကွယ်လွန်၏။

၂၀၀၈၊ ဧပြီလဆန်း ၇ ရက်၊ မနက် ၈ နာရီ ၃၇ မိနစ်မှာ သတင်းစာ

အလင်းသစ်စာပေ



အဆိုတော်စိုင်းထီးဆိုင်

ဆရာမကြီး လူထုဒေါ်အမာ ကွယ်လွန်သွားကြောင်း ရန်ကုန်မြို့ရှိ မန္တလေးအသင်း တိုက်မှာ ကျွန်တော် ကြားသိလိုက်ရ၏။

ရန်ကုန်မှာ သင်္ကြန်ကျတိုင်း အိုင်စီတီးဝိုင်းကို ကျွန်တော် အမြဲသွားကြည့်၏။ ဘယ်သူတွေပဲ သီချင်းဆိုဆို ရန်ကုန်အိုင်စီပရိသတ်ကတော့ လေးဖြူလို့ပဲ အော်ကြသည်။

၂၀၀၈၊ မေလ ၂ ရက်၊ ၃ ရက်တွင် နာဂစ်မုန်တိုင်းသည် ရိုင်းရိုင်းစိုင်းစိုင်း သဲသဲမဲမဲတိုက်ခိုက်မွှေနှောက်သွားသည်။ ရန်ကုန်မြို့ပြ ဗရုပ္ပဖြစ်ကျန်ရစ်သည်။ ဟိုင်းကြီးကျွန်း မွမွကြေသည်။ ဧရာဝတီတိုင်းတွင် သေဆုံးမှုတွေ၊ ပျက်စီးမှုတွေနဲ့။

တုန်လှုပ်မှုတွေ၊ ကြေကွဲမှုတွေထဲမှာ လူသားဆန်မှု၊ မွေးတွေးကူညီမှုတွေ မွေးဖွားလာသည်။ မစ္စတာဘန်ကီမွန်းတောင် သဘာဝဘေးသင့်ဒေသသို့ ရောက်လာရသည်။ မျက်ရည်ကြားမှာ Humanity ပန်းများ ပွင့်ဝေမွှေးထုံလို့။ အားလုံး ဝိုင်းကူ၊ အားလုံး ဝိုင်းထူကြ၏။



အမေလှထုဒေါ်အမာ

၂၀၀၈၊ မေလ ၁၃ ရက်မှာ တရုတ်ပြည်၊ စီချွမ်ပြည်နယ် အနောက်တောင်ပိုင်းတွင် အင်အားအပြင်းဆုံးငလျင်လှုပ်သည်။ **သမ္မတ ဟူကျင်ထောင်က "မြစ်တဲ့နည်းလမ်းနှင့် အစွမ်းကုန်ကယ်ဆယ်ကြ" ဟု တိုက်တွန်းသည်။ ရှာရွှန်စတုန်းက "ဒါ ကံပဲ" ဟု ပြော၏။**


၂၀၀၈၊ ဩဂုတ်လ ၈ ရက်မှာတော့ ကြီးကျယ်ခမ်းနားသော ပေကျင်းအိုလံပစ်ကို ကျွန်တော်တို့ ရင်ခုန်ကြရပြီ။ ပေကျင်းအိုလံပစ်တွင် အမေရိကန်ရေကူးသမား မိုက်ကယ်ဖေ့က ရွှေရှစ်ဆု ဆွတ်ခူးသွား၏။ "ကျွန်တော်က ပထမမိုက်ကယ်ဖေ့ပဲ အမြဲဖြစ်ချင်တာ" ဟု သူ ပြောသွား၏။ ရုရှားတင်းနစ်မယ်မာရီယာရှာရာပိုဗာတစ်ယောက် ညာဘက်ပခုံးဒဏ်ရာကြောင့် ပေကျင်းအိုလံပစ်ပွဲမှာ ဝင်မနွှဲလိုက်ရ။ တရုတ်က ရွှေဆု ၅၁ ဆုအထိ ရရှိပိုင်ဆိုင်ခဲ့၏။

၂၀၀၈ ဩဂုတ်လ ၂၃ ရက်တွင် အင်္ဂလန်နိုင်ငံ၊ ကာဒစ်ဖ်မြို့၌ မက်ဒေါနားက Sticks and Sweet ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲကို ပွဲဦးထွက်ဖျော်ဖြေနေပြီ။ ခရီးစဉ်တစ်လျှောက်လုံးမှာ မက်ဒေါနားက သီချင်းဆိုကြေး ဒေါ်လာသန်း ၂၃၀ မျှ ရသွားသည်။ မက်ဒေါနား အသက်ကြီးသွားပြီလား။ အချစ်နှင့်အနုပညာမှာ အသက်ကန့်သတ်ချက်မရှိ။

ဆန်ဒရာဘူးလော့ကတော့ ၂၀၀၈ ထဲမှာ အရက်မူးသမားဇာတ်ကားနှင့် ကားချင်းတိုက်မိသည်။ မော်ဒယ်တစ်ဖြစ်လဲ ပေါ့ပ်အဆိုတော် ကာလာဘာရူနီက ၂၀၀၈ ထဲမှာ ပြင်သစ်သမ္မတကတော်ဖြစ်သွားသည်။ ဒေးဗစ်ဘက်ခမ်းနှင့် ဗစ်တိုးရီးယားတို့ကတော့ ဗုဒ္ဓဘာသာဆိုင်ရာဂါထာတွေကို မနက်တိုင်း ရွတ်ဖတ်ကြသည်။ ဘရစ်တနီစပီးယားစ်က Womanizer သီချင်းကို အော်ဟာစ်သီဆိုသည်။ Hot 100 စာရင်းမှာ နံပါတ်ဝမ်း ဖြစ်သွားခဲ့၏။

Nancy Brinker အမည်ရှိ အသက် ၆၁ နှစ်အရွယ် အမျိုးသမီးသည် ညီမဖြစ်သူ ရင်သားကင်ဆာဖြင့် သေဆုံးခဲ့ရ၍ ရင်သားကင်ဆာရောဂါရှာဖွေရေးနှင့် ဆေးဝါးကုသရေးအတွက် အကြီးအကျယ်စည်းရုံး၊ အကြီးအကျယ်ရန်ပုံငွေရှာကာ အမျိုးသမီးထုကို ကူညီခဲ့၏။

လန်ဒန်ဆေးကျောင်းမှ ပါမောက္ခဒေါက်တာကိုးမန်းက "ကင်ဆာဖြစ်သူတွေရဲ့ အသက်ရှင်ခွင့်ဟာ စောစောစီးစီး ရှာဖွေဖော်ထုတ်နိုင်မှုနဲ့ ရာနှုန်းပြည့်




သီချင်းဆိုကြေး ဒေါ်လာ သန်း ၂၃၀ မျှ ရသွားသည့် မက်ဒေါနား



အိန်ဂျလီနာဂျိုလီ

ဆေးဝါးကုသမှုခံယူဖို့ လိုတယ်။ နိုင်ငံရဲ့ စီးပွားရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှု တို့နဲ့ သက်ဆိုင်တယ်'' ဟု ပြောသည်။

ကျွန်တော်၏ဆရာမမှာလည်း ရင်သားကင်ဆာရောဂါဝေဒနာခံစားနေရသည်။ မည်သည့်ရင်သားကင်ဆာတိုက်ဖျက်ရေးဖောင်ဒေးရှင်းနှင့်မျှ မချိတ်ဆက်မိပါ။ ကျွန်တော်က စာတွေပိုရေးရသည်။ စိတ်ပြေလက်ပျောက် ခွေးပုပုလေးတစ်ကောင်မွေးသည်။ ၂၀၀၈ ထဲမှာ သုခမိန်လှိုင်၏အငြိမ့်ကဗျာစာအုပ်ကို ကျွန်တော်ဖတ်သည်။ အငြိမ့်ရှိတယ် စိတ်ညစ်တာတွေ မပြောကြေး။ ကျွန်တော် စိတ်ညစ်တာတွေ မပြောမိအောင် နေသည်။ ၂၀၀၈ ထဲမှာ လောကနတ်စာအုပ်ပြပွဲက ဝယ်ခဲ့သော ကျပ် ၈၅၀၀ တန် ဂါစီယာမားကွက်ဇ်၏ဝတ္ထုတိုတွေ ဖတ်သည်။ 'ကမ်းလင့်လက်များ' သီချင်းကို နားထောင်သည်။ မင်းထင်ကိုကိုကြီးရိုက်သော ဓာတ်ကားသစ်ကို ကျွန်တော် ကြည့်ချင်သည်။

၂၀၀၈ ထဲမှာ ရျောဘွတ်ရှ်သည် ဘင်လာဒင်ကို မိအောင်မဖမ်းနိုင်ပါ။ စစ်ပွဲကို ရပ်မပစ်ခဲ့ပါ။ ကွန်ဒိုလီဇာရိုက်စ်ကတော့ နောင်နှစ်တွေမှာ ဈေးတွေ

လိုမ့်ဝယ်မယ်။ ဝတ္ထုတွေ ဖတ်မယ်ဟု ကြုံးဝါးသည်။ ရွေစုတွက်ရှိက ပန်းချီကား
တွေ ခံစားနိုင်တော့မည်။

ဂျိုလီလေးရေ ...

လှပတဲ့ပန်းပွင့်နှုတ်ခမ်းနဲ့ အင်ဂျလိနာဂျိုလီလေးရေ... ၂၀၀၈ မှာ
မင်းကော ဘာတွေလုပ်နေသလဲ။

ဘရက်ဒ်ပစ်က ၄၄ နှစ်၊ ဂျိုလီက ၃၂ နှစ်။ ဘရက်ဒ်ပစ် ဝယ်ထားစုဆောင်း
ထားသည့် ရှေးဟောင်းပစ္စည်းတွေ၊ ပန်းချီကားတွေကို ဂျိုလီက ရောင်းပစ်မည်၊
ပြီးတော့ အဲသည့်ငွေနှင့် ဆင်းရဲသော ပြည်သူလူထုကို ကူညီထောက်ပံ့မည်တဲ့။
၂၀၀၈ ထဲမှာ လူသားကောင်းကျိုးပြု ကျော်ကြားသူစာရင်းမှာ ဟောလိဝုဒ်ရုပ်ရှင်
မင်းသမီးက နံပါတ်တစ်ချိတ်ထား၏။ အာဖရိကတိုက်၏ဒုက္ခသည်တွေကို ကမ္ဘာ
သူကမ္ဘာသားတွေ ပိုသိအောင် ဂျိုလီက လှုံ့ဆော်ခဲ့၏။

၂၀၀၈၊ စက်တင်ဘာ ၄ တွင် အဆိုတော်၊ ရုပ်ရှင်မင်းသမီး မရှင်
မန္တလေးနေအိမ်မှာ ကွယ်လွန်၏။ ၂၀၀၈၊ အောက်တိုဘာ ၂၁ တွင် ပန်းချီဝသုန်
ကွယ်လွန်သည်။ သူ့ရှာပုံမှာ ပန်းချီမောင်ညိုဝင်းနှင့် ပန်းချီမောင်မောင်သိုက်
ပူးပေါင်းရေးဆွဲသော ဝသုန် Portrait က နှင်းဆီပန်းတွေကြားမှာ နပျိုလို့။
၂၀၀၈ ထဲမှာ ကြည်ဖြူသျှင်ရိုက်ကူးသော ဝသုန်ဇာတ်လမ်း ရုပ်ရှင်ဇာတ်လမ်းတိုကို



ပန်းချီဝသုန်



တေးသံရှင် လေးဖြူ

ကျွန်တော် မကြာခဏကြည့်ဖြစ်သည်။ အချုပ်ရှေ့ပြားပြီး မိတ်ဆွေများကို ကမ်းဖြစ်၏။ ရိုးသားသော ယုံကြည်ရဲ့သော ပန်းချီဆရာတစ်ဦး၏နေ့စဉ်ဘဝကို ကျွန်တော်တို့ အတိအကျခံစားရ၏။ ခင်ဝမ်း၏ပန်းချီကားသစ်ကို မောင်ချောနွယ်၏ကဗျာသစ်ကို ၂၀၀၈ မှာ ကျွန်တော်တို့ မတွေ့နိုင်တော့။ လေးဖြူ၏ "ဘင်္ဂလားပင်လယ်အော်" ကို ၂၀၀၈ ထဲမှာ ကျွန်တော်စောင့်ဆိုင်းခဲ့၏။ "သံယောဇဉ်" ကို နားထောင်ချင်သည်။

ကမ္ဘာမှာ ဘဏ္ဍာရေးအကျပ်အတည်းဖြစ်နေချိန်မှာ ဆိုမာလီယာ ရေပိုင်နက်ထဲတွင် ပင်လယ်ဓားပြတို့ တန်ခိုးကြီးထွားနေ၏။ သူတို့ ဖြန့်ပေးတွေ ဆွဲကြသည်။ ကျောက်စီတိုက်တွေ ဆောက်ကြ၊ မော်တော်ကားအသစ်တွေ ဝယ်စီးကြ။ ငွေရေတွက်စက်တွေနှင့် ငွေတွေကို အတုအစစ်ခွဲခြားကြ။ အရက်ကောင်းကောင်းသောက်ပြီး မိန်းမတွေနဲ့ ထည်လဲပတ်သက်ကြ။ ဘဏ်ကြီးတွေ ပြိုလဲနေချိန်မှာ



ဟီလာရီ နှင့် အိုဘားမား

သူတို့က ငြိမ့်လို့။ ကမ္ဘာကြီးသည် ရှုးသွပ်လျက် ကြုံရာကျပန်း လည်ပတ်နေစဉ်မှာ Chance နှင့် ကြုံကြိုက်သူများလည်းရှိသည်ဟု စီးပွားရေးပညာရှင်တို့က ဆိုမိန့်၏။ စီးပွားပျက်ကပ်ကြုံကြိုက်စဉ် အထည်ကြီးပျက်တို့သည် လိုက်ဖိစတိုင် ပြောင်းကာ ခြိုးခြံသိပ်သည်းကြရသည်ဟု ဆို၏။

ဆိုမာလီယာရေပိုင်နက်က ပင်လယ်ဓားပြတို့သည် ကမ်းပေါ် ခဏတဖြုတ်တက်ပြီး ကားကို ကြမ်းကြမ်းမောင်းကြ။ ပုစွန်ဟမ်ဘာဂါကို အဆာပြေစားကြ။ ဝီစကီမော့ကြနှင့် အထူးကံကောင်းနေကြသည်။ ဘုရားသခင်လည်း မြင်တော်မူပါလိမ့်မည်။

၂၀၀၈ ထဲမှာ မယ်ဒလင်းအော်ဘရိုက်၏ စကားလုံးအချို့ကိုလည်း ကျွန်တော် မှတ်မိသည်။ "ကျွန်မ အမေရိကန်ပြည်ထောင်စုကို လှိုက်လှိုက်လှဲလှဲ ချစ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ အမေရိကန်တွေဟာ ကိုယ့်နိုင်ငံအကြောင်း ကိုယ်ပြန်မမြင်သလိုဖြစ်နေတယ်။ နျူကလီးယားလက်နက်တွေ မလုပ်ကြနဲ့လို့ ကျွန်မတို့က သူများကိုပြောတယ်။ ကျွန်မတို့မှာတော့ ကမ္ဘာမှာ အကြီးမားဆုံး နျူကလီးယားလက်နက်တိုက်ကြီး ရှိနေတယ်။ အီရတ်အရေး ဝင်မရှုပ်ကြဖို့ ကျွန်မတို့က ပြောတယ်။ ကျွန်မတို့တပ်တွေ အီရတ်ကို သိမ်းပိုက်ထားတယ်။ လူတွေကို ကိုယ့်ဘက်ပါမလား၊ ဆန့်ကျင်မလား။ ဒါပဲ မေးနေတယ်"

၂၀၀၈၊ နိုဝင်ဘာ ၄ ရွေးကောက်ပွဲမှာ ဘာရက်အိုဘားမားက အမေရိကန်ပြည်ထောင်စု၏ ၄၄ ယောက်မြောက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရ၏။ အမေရိကန်သမိုင်းမှာ ပထမဆုံး လူမည်းသမ္မတဖြစ်သည်။

အလင်းသစ်တပေ

"Change has come to America" ဟု သူ စင်မြင့်ပေါ်က မိန့်ခွန်းပြော၏။ ဟီလာရီကလင်တန်က သူ၏နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာမည်။

ကိုရီးယားဗိုင်းလ်ခင်ပွန်းဟောင်း CNN ကို တည်ထောင်သူ Ted Turner သည် ၂၀၀၈ ထဲမှာ ကိုလက်စထရောပါဝင်မှုနည်းသော ကျွဲရိုင်းသားတွေ လိုမ့်စားနေသည်။ "ကျွန်တော် အိမ်ထောင်သည်မဟုတ်တော့ဘူး။ ဒါပေမဲ့ ဒိတ်လုပ်တယ်။ ကျေနပ်စရာကောင်းတယ်။ ကျွန်တော့်ရုပ်ပုံဟာ ဖွဲ့နုပဲနဲ့ မဆုတ်မနစ် အလုပ်လုပ်တတ်သူ" ဟု နိုဝင်ဘာ ၂၄ ထုတ် TIME မဂ္ဂဇင်းထဲမှာ သူ ပြောခဲ့၏။

၂၀၀၈ ထဲမှာ ကျွန်တော်တို့အတွက် အချစ်တွေ၊ အလွမ်းတွေ၊ စွန့်စားခန်းတွေ စုံလှ၏။ မဆုတ်မနစ် အလုပ်ဆက်လုပ်ကြရအောင်။

မြန်မာတိုင်းမ်ဂျာနယ် (ဒီဇင်ဘာ ၉ - ၂၉၊ ၂၀၀၈)

❑



## မောင်ကိုကို(အမရပူရ)

- အခြားကလောင်အမည် - အုပ်စိုးခိုင်
- မွေးဖွားရာဇာတိ - အမရပူရဇာတိဖြစ်။
- ပညာအရည်အချင်း - ရန်ကုန်မြို့စီးပွားရေးတက္ကသိုလ်မှ B.Econ ဘွဲ့ကို ၁၉၇၅ တွင် ရရှိခဲ့။
- စာပေရေးသားခြင်း - ၁၉၇၄ ခုနှစ် စီးပွားရေးတက္ကသိုလ်နှစ်လည်မဂ္ဂဇင်းတွင် ဆောင်းပါးစတင် ရေးသား။

  ၁၉၇၆၊ ၇၇ တွင် ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းတွင် ကဗျာများ ရေးသားခဲ့။

  ၁၉၇၈ မှစ၍ ရှုမဝမဂ္ဂဇင်းတွင် ကဗျာများနှင့် ဝတ္ထုတိုအချို့ ရေးသားခဲ့။

  ၁၉၉၅ မှစ၍ မနမဂ္ဂဇင်းတွင် cover story များ ရေးသားခဲ့။

  ၁၉၉၆ တွင် မဟေသီမဂ္ဂဇင်းတွင် ‘ဘော်ဒါဆောင်’၊ ‘ရိုလာကိုစတာ’ စသော မဂ္ဂဇင်းဝတ္ထုရှည်များ ရေးသားခဲ့။
- ရေးသားထုတ်ဝေပြီးစာအုပ်များ - ‘အမေနဲ့ကလေးဝေးတဲ့အခါ’၊ ‘မိုးသားတွေနှင့်အတူပြေးလွှား ကျွန်တော်ဟာ ဂျစ်ပစီလေးများ

လား'၊ 'ငှက်ပြာလေးနှင့်ကျွန်တော်'၊ 'ပွဲတော်က ဝါးမျိုသွားတဲ့ည' စသော စာအုပ်များရေးသားခဲ့။ မကြာမီက 'ကာလာပွဲတော်' ထုတ်ဝေခဲ့။

❖ အလုပ်အကိုင်

- ၁၉၉၇ တွင် ရန်ကုန်မြို့ ဒေသန္တရစက်မှုမှ မိမိသဘောဆန္ဒအလျောက် ကြီးကြပ်ရေးမှူးရာထူးဖြင့် အလုပ်ထွက်ခဲ့။
- ယခုအခါ မြန်မာတိုင်းဂျာနယ်၊ 7 Day News ဂျာနယ်၊ Bi Weekly ဂျာနယ်တို့တွင် ပြင်ပစာရေးဆရာအဖြစ် ဆောင်းပါးများရေးသားခြင်း၊ တက္ကသိုလ်ဝင်တန်းမြန်မာစာကို ပြင်ပမှ သင်ကြားခြင်း၊ လုံးချင်းစာအုပ်အချို့ရေးသားထုတ်ဝေခြင်းဖြင့် ရပ်တည်ရှင်သန်လျက်ရှိ။
- သူ အလွန်ကြိုက်သော စာရေးဆရာမှာ Gabriel Garcia Marquez ဖြစ်။ သူ အလွန်ကြိုက်သော ကဗျာဆရာမှာ Miroslav Holub ဖြစ်။ စာပေဖြင့် ရပ်တည်ရှင်သန်ရသောဘဝ၌ သူ ပျော်မွေ့၏။

❑

အလင်းသစ်စာပေမှ

## ထုတ်ဝေပြီးသောစာအုပ်များ

| | | |
|---|---|---|
| ၁။ | အပမာဏာမေတ္တာရှင် မြော် . . . အမေရယ် | ကံမြင့် |
| ၂။ | မြန်မာ့ရုပ်ရှင်ငွေကြယ်ပွင့်တို့ရုပ်ပုံလွှာများ | ကျော်သန်းမြင့်(ဇန်းဇော်) |
| ၃။ | နွေဦးကိုသာလွမ်းနှင့်အခြားရသစာတမ်းများ | မောင်နိုင်လတ် |
| ၄။ | ပြည်ပသွင်းကုန်လုပ်ငန်းလမ်းညွှန် | တင်မောင်ဝင်း |
| ၅။ | ကျန်းမာစေဖွယ်နည်းအသွယ်သွယ် | အောင် (ဆေး-၁) |
| ၆။ | တာဝန်ခွဲခန်းမှူးတစ်ဦး၏နိုင်ငံယာရီအမှတ်(၂) | မောင်ညိုပြာ |
| ၇။ | သန်းမြင့်အောင်လက်ရွေးစင်ဝတ္ထုတိုများ | သန်းမြင့်အောင် |
| ၈။ | ကနေ့ခေတ်မင်းသား (တ-ကြိမ်) | မောင်ပုဆိုးကြမ်း |
| ၉။ | သာသနာပြုရှင်မြမဂ်လာ (ဒု-ကြိမ်) | မင်းနန်(မော်ကျွန်း) |
| ၁၀။ | နာဇီစားစာခံနှင့်နိုင်ငံတကာဝတ္ထုတိုများ | ရွှေကူမေနှင်း |
| ၁၁။ | အရင်းအနှီးဈေးကွက်နှင့် စတော့ရှယ်ယာ | ဦးဝင့်ကျော် |
| ၁၂။ | နေ့သစ်တိုင်းမှာမင်္ဂလာ | မင်းနန်(မော်ကျွန်း) |
| ၁၃။ | အင်္ဂလိပ်လိုဖတ်ရအောင် | ရွှေကူမေနှင်း |
| ၁၄။ | ထီးအရိပ်နန်းအရိပ် | မောင်သန်းဆွေ(ထားဝယ်) |
| ၁၅။ | ပြည်ပပို့ကုန်သွင်းကုန်လုပ်ငန်းလက်စွဲ | တင်မောင်ဝင်း |
| ၁၆။ | ဘဏ်အကြောင်းငွေအကြောင်း | ဦးဝင့်ကျော် |
| ၁၇။ | အလင်းသစ်ရွေးသီရာဝတ္ထုတိုများ ၂၀၀၇ | ကလျောင်စုံ |
| ၁၈။ | ရသပညာနိဒါန်းနှင့်ဒဿနစာတမ်းများ | မြဝင်း(ဒဿန) |
| ၁၉။ | ဘဝ၏ရွှေစည်းမျဉ်းများ (ဒု-ကြိမ်) | မင်းနန်(မော်ကျွန်း) |
| ၂၀။ | ပို့ကုန်သွင်းကုန်အကောက်ခွန် သက်သာခွင့်လမ်းညွှန် | အောင်စိုး(MPM) |
| ၂၁။ | သုံးပွင့်ဆိုင်အချစ်စင်ပွဲ (ချားလိမ်၊ ဒိုင်ယာနာနှင့်ကမီလာ) | ရွှေကူမေနှင်း |

| | | |
|---|---|---|
| ၂၂။ | တရွေ့ရွေ့ထစ်ချုန်းနေတဲ့မိုးတိမ် နှင့်ဝဏ္ဏတိုစုစည်းမှု | မိချမ်းဝေ |
| ၂၃။ | ဖောက်သည်များနှင့်ကခုန်ခြင်း | အောင်မောင်း |
| ၂၄။ | မောင်ငယ်ငယ်ကခရေဦးနှင့် ရသစာတမ်းများ | မောင်ရင့်မာ(ကျောင်းကုန်း) |
| ၂၅။ | သုတရိပ်မြုံစာရင်း | မောင်မောင်ညွန့်(မန်းတက္ကသိုလ်) |
| ၂၆။ | အမှောင်မှသည်အလင်းဆီသို့ | မင်းနန့်(မော်ကျွန်း) |
| ၂၇။ | မဟာဂီတခြေရာကောက် | မောင်သန်းဆွေ(ထားဝယ်) |
| ၂၈။ | အလင်းသစ်အရာရှိငယ်ဝင်ခွင့်လမ်းညွှန် | အလင်းသစ်စာတည်းအဖွဲ့ |
| ၂၉။ | ယုံကြည်မှုတည်ဆောက်ခြင်း | ရွှေကူမေနှင်း |
| ၃၀။ | ဆီးချိုရောဂါကျန်းမာရေးစကားဝိုင်းနှင့် ရောဂါကုထုံး | မြေလတ်မောင်မြင့်သူ |
| ၃၁။ | စူလာနမဘာဂယက်နှင့် နောက်ဆက်တွဲဆေးနည်းများ | ဦးစည်သူ(သုခချမ်းသာ) |
| ၃၂။ | သင်္ဂါယနာသုံးတန် (သင်္ဂါယနာတင်ပုံစာတတ်လမ်းစုံ) | ဝဏ္ဏသီရိ |
| ၃၃။ | ဓမ္မလမ်းညွှန်စာစုမွန် | မင်းနန့်(မော်ကျွန်း) |
| ၃၄။ | ငွေရေးကြေးရေး | မြတ်သိန်း |


### ယခု


| | | |
|---|---|---|
| ၃၅။ | လိုက်ဖ်စတိုင်အပြောင်းအလဲဆောင်းပါးများ | မောင်ကိုကို(အမရပူရ) |


### ဆက်လက်ထုတ်ဝေမည့်စာအုပ်များ


| | | |
|---|---|---|
| ၃၆။ | မိနီယာလောက | ရွှေကူမေနှင်း |
| ၃၇။ | ကုန်းဘောင်အထင်ကရရုပ်ပုံလွှာများ | ကျော်သန့်မြင့်(မန်းမော်) |
| ၃၈။ | တိုင်းရင်းသားလူမျိုးများအဘိဓာန် | မောင်ပုဆိုးကြမ်း |



ကမ္ဘာကြီးပေါ်မှာ
မြန်မြန်လုပ်ရန်လိုပြီ။
မြန်မြန်ပြောတတ်ရန်လိုသည်။
များများမပြောမိရန်လိုသည်။
အစည်းအဝေးမှာ
ဟောပြောပွဲမှာ
လေကြောမရှည်မိစေရန်လို၏။
လေကြောရှည်လျှင်
''ဆရာအချိန်စေ့ပြီခင်ဗျာ''လို့
သတိပေးတာခံရမည်။

မောင်ကိုကို
အမရပူရ

# လိုက်ဖ်စတိုင် အပြောင်းအလဲ ဆောင်းပါးများ